ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

# တန်ဆောင်တိုင်ရုံးပိတ်ရက် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်

**ညောင်ဦး နိုဝင်ဘာ ၁၇**

တန်ဆောင်တိုင်ရုံးပိတ်ရက် နိုဝင်ဘာ ၁၇ ရက်တွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားလျက်ရှိကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တန်ဆောင်တိုင်ရုံးပိတ်ရက် ဘုရားဖူးလာရောက်သူများပြားပြီး ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရန် သာမန်ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်ထားပြီး အခါကြီးရက်ကြီးများတွင် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ဖူးမြော်စေလျက်ရှိရာ

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

**ကြေးမုံ ယနေ့ ဖတ်စရာ**



**ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း**

စာမျက်နှာ » ၂၂

**ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်**

စာမျက်နှာ » ၅

**လှပမြိုင်ဆိုင် လတန်ဆောင်တိုင်**

စာမျက်နှာ » ၁၀

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄၃ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၄၇ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၀



ကြေးမုံ

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

သုံးလောကထွတ်ထား သဗ္ဗညုတမြတ်စွာဘုရားရှင်သည် သာမညဖလသုတ္တန်ဒေသနာတော်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် အဇာတသတ်မင်းကြီးအား ဟောတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ဟု အထူးပြုခဲ့ပါသည်။ သာမညသည် ရဟန်း၊ သာမဏေပြုလုပ်ခြင်း၊ ဖလသည် အကျိုးကျေးဇူးဖြစ်သည်။ ရဟန်းသာမဏေ၏ အကျိုးကျေးဇူးကို စတင်သိရသောနေ့ဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မှားပြီး ဖခင်ကိုသတ်၍ မင်းဖြစ်လာခဲ့သည်။ ထို့နောက် ဖခင်ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့် ကြီးမားလှသည့်အပြစ်များကို တွေးတောပူပန်ပြီး နေ့စဉ် စားမဝင်အိပ်မပျော်သည့် ရောဂါဝေဒနာကို ခံစားနေရသည်။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားရှင်က သာမညဖလ(ရဟန်းပြုခြင်းအကျိုး)သုတ္တန်ဒေသနာကို ဟောကြားတော်မူသောအခါ အဇာတသတ်မင်း ခံစားနေရသော ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားပြီး မြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသော၊ ဗုဒ္ဓသာသနာအား အလွန်လေးစားရိုသေသောမင်းတစ်ပါး ဖြစ်လာခဲ့သည်။

အဇာတသတ်မင်းသည် အလွန်ကြီးလေးသောအပြစ်ကို ကျူးလွန်ခဲ့သော်လည်း မိမိအမှားကို မှားမှန်းသိပြီး မြတ်စွာဘုရားနှင့်သာသနာတော်အပေါ်တွင် အလွန်ကြည်ညို ကောင်းမှုပြုသောအကျိုးအားကြောင့် မဟာအဝီစိငရဲသို့ မကျရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ခြင်း၊ ငရဲမှလွတ်မြောက်သောအခါ ဝိဇိတာဝီဘွဲ့အမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်သို့မျက်မှောက်ပြုရမည့် ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အကျိုးများကို ခံစားရမည်ဖြစ်သည်။ သာမန်ပုထုဇဉ်တို့မည်သည် အမှားနှင့်ကင်းနိုင်ကြသည်မဟုတ်ပေ။ လူပေါင်းမှား၊ ဆရာတင်မှားလျှင် အမှားကျူးလွန်တတ်ပြီး မှားလျှင်မှားမှန်းသိပြီး ကောင်းမှုပြုပါက အမှားအပြစ်သက်သာစေပြီး ကောင်းကျိုးချမ်းသာဖြစ်စေနိုင်သည်။ အမှားကို မှားမှန်းမသိ အမှားကို ဆက်လက်ကျူးလွန်နေပါက မည်သည့်အခါမှ အပြစ်မှလွတ်တော့မည်မဟုတ်သည်ကို အဇာတသတ်မင်း၏ဖြစ်စဉ်က ညွှန်းဆိုထားပါသည်။

အဇာတသတ်မင်းသည် သာမညဖလသုတ္တန်ဒေသနာ (ရဟန်းပြုခြင်းအကျိုး) နာကြားရခြင်းအကျိုးအားကြောင့် ရတနာသုံးပါးကို အလွန်ကြည်ညိုကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်ရောက်ခဲ့သည်။ သာသနာပြုမင်းတစ်ပါးဖြစ်လာ၏။ ရဟန်းနှင့်သက်ဆိုင်သော သာမညဖလတရားဒေသနာသည် အလွန်အကျိုးကြီးမားလှ၏။ ထိုတရားဒေသနာကို တန်ဆောင်မုန်းလပြည့်နေ့တွင် စေတီ၊ ဘုရား၊ ကျောင်းကန်၊ နေအိမ်များတွင် ရွတ်ဖတ်ပူဇော်ပွားများကြ၏။ ပွားများကြသူတို့မှာ ကုသိုလ်ကောင်းမှုအကျိုးတရားများ တိုးပွားကြ၏။ ထို့အပြင် ရဟန်းကိုအမှူးပြုသည့် ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြ၏။

ရဟန်းတော်သည် မြတ်စွာဘုရား၏တရားတော်ကို ဟောကြားဝေငှသော ပုဂ္ဂိုလ်ဖြစ်၏။ ဘုရား၊ တရား၊ သံဃာသည် ရတနာသုံးပါးမည်၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အား ကိုးကွယ်ရာအဖြစ် ယုံကြည်ဆည်းကပ်မှုကို "သရဏဂုံ" ဟုခေါ်၏။ ဗုဒ္ဓဘာသာဝင်မှန်လျှင် သရဏဂုံတည်ရမည်ဖြစ်၏။ သရဏဂုံ မတည်လျှင် ဗုဒ္ဓဘာသာဝင်မမည်ထိုက်ပေ။ သရဏဂုံတည်ရန်အတွက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ယုံကြည်အားထားမှု(သဒ္ဓါ)ရှိရမည်ဖြစ်၏။ ရတနာသုံးပါးကို ကိုးကွယ်ယုံကြည်ခြင်းအားဖြင့် မိမိတို့မှာဖြစ်ပေါ်မည့် အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်နိုင်ကြသည်ဟု ယုံကြည်ရမည်ဖြစ်သည်။ တရားတော်ကို ယုံကြည်ရာ၌လည်း သတ္တဝါတို့၏ကောင်းကျိုးများကို ဖြစ်ပွားစေနိုင်သောတရား၊ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲများကို ပယ်ဖျောက်ပေးနိုင်သော တရားဖြစ်သည်ဟု ယုံကြည်ရမည်ဖြစ်သည်။

သံဃာတော်ကို ယုံကြည်ရာ၌လည်း သံဃာတော်သည် သတ္တဝါတို့၏အကျိုးစီးပွားကိုဖြစ်စေနိုင်သောတရား၊ သံသရာဆင်းရဲကို ပယ်ဖျောက်ပေးနိုင်သော တရားတို့ကို ဟောကြားတော်မူတတ်သည်ဟု ယုံကြည်ရမည်ဖြစ်၏။ ထိုသို့ ယုံကြည်ခြင်း (သဒ္ဓါ)ရှိမှ ကိုးကွယ်ထိုက်၊ ပူဇော်ထိုက်၏ဟူသော အသိ(ပညာ) လည်းပေါ်လာမည်ဖြစ်၏။ ယခုအခါ ကာလဝိပ္ပတ္တိ ဆုတ်ကာလဖြစ်၍ ဘုရား၊ တရား၊ သံဃာတော်အပေါ် ယုံကြည်ကိုးကွယ်ဆည်းကပ်မှု ပါးလျားလာသည်ကို တွေ့ရ၏။ ပါးလျားလာသည်သာမက ဘုရား၊ တရား၊ သံဃာတော်အပေါ် ပြစ်မှားကျူးလွန်မှုများ ပြုလုပ်လာကြသည်များ တွေ့မြင်လာရ၏။ အကုသိုလ်အမှုအားလုံးတွင် အမိ၊ အဖ၊ ရဟန္တာကို သတ်ခြင်း၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို သင်းခွဲခြင်းသည် အလွန်အပြစ်ကြီးလေးလှသည်။

ထို့ကြောင့် တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူသော ရဟန်းပြုခြင်းအကျိုးတရားကိုနာကြားခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပိုမိုယုံကြည်သဒ္ဓါသက်ဝင်ခြင်းဖြင့် လောက၊ သံသရာကောင်းကျိုးများကို ပွားတိုးလာအောင် ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။


"ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာပေးရက်သတ္တပတ်"

MOALI

"ပဋိဇီဝဆေးယဉ်ပါးမှု ရပ်တန့်ဖို့ အသိပညာပေးမှုမြှင့်တင်စို့"

Spread awareness, stop resistance

HANDLE ANTIMICROBIALS WITH CARE

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်မှ (၂၄)ရက်အထိ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန


## ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း



**ကျောင်းကုန်း နိုဝင်ဘာ ၁၇**

အာဆီယံ The AHA Center က မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် လှူဒါန်းထားသည့် ဆေးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ကျောင်းကုန်းမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းဒေါ်သန်းတင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာအမရာမော်နိုင်က မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ AHA Center က ပေးပို့လှူဒါန်းလာသော စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သိန်းတစ်သောင်းရှစ်ထောင်နှစ်ရာ့ကိုးဆယ်တန်ဖိုးရှိ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် ဆေးပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က အိမ်သုံးအောက်ဆီဂျင်စက် ငါးလုံးနှင့် အောက်ဆီဂျင် ၁၅ လီတာ အိုးလေးလုံး ပေးအပ်ရာ မြို့နယ်မှတာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး မြို့နယ်ဆရာဝန်ကြီးဒေါက်တာအေးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အိမ်သုံး အောက်ဆီဂျင်စက်နှစ်လုံး၊ ဒေါင့်ကြီးတိုက်နယ်ဆေးရုံသို့ တစ်လုံးနှင့် ကျောင်းကုန်းမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ နှစ်လုံးနှင့် ၁၅ လီတာ အောက်ဆီဂျင်အိုးလေးလုံး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုင်းရယ်မြို့နယ်၌ AVIP နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲနည်းသင်တန်းဆင်း

**မိုင်းရယ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအတွက် ဖွင့်လှစ်သည့် AVIP နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ရေးဆွဲနည်းသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က ကျေးရွာအဆင့်ကော်မတီဝင်များအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်း ပိုမိုသိရှိနားလည်ပြီး လုပ်ငန်းကဏ္ဍ တစ်ခုချင်းအလိုက် အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါသင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်း၊ စီမံချက်ရေးဆွဲနည်း၊ ရန်ပုံငွေသုံးစွဲမှုအစီအစဉ်နှင့် လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ဆောင်ရွက်ရမည့် အချက်အလက်များကို စီမံကိန်းတာဝန်ခံဝန်ထမ်းများက နိုဝင်ဘာ ၁၃ ရက်မှစ၍ လေးရက်ကြာဖွင့်လှစ်ပို့ချသည်။ သင်တန်းသို့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မိုင်းရယ်မြို့နယ်အတွင်းရှိ နားခေါ်၊ ကုန်းညု၊ တာပေါက်၊ ပုံကတ်နမ့်အွန် ကျေးရွာများမှ ကော်မတီဝင်စုစုပေါင်း ရှစ်ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းကျင်းပသည့် (၁၃) ကြိမ်မြောက် အဆင့်မြင့်စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပါဝင်တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၇

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်း၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၃) ကြိမ်မြောက် အဆင့်မြင့် စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ခမ်ဗီဘာဝန်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ မစ္စတာအာချင်စတီနာတို့က အဖွင့်အမှာစကားပြောကြားကြသည်။

(၁၃) ကြိမ်မြောက် အဆင့်မြင့် စကားဝိုင်းဆွေးနွေးပွဲကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိရောက်သော ရလဒ်များရရှိရေးအတွက် လာအိုနိုင်ငံအစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉) နယ်မြေ(၃) ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးစတင်ရရှိ

ပြင်ဦးလွင် နိုဝင်ဘာ ၁၇

ပြင်ဦးလွင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မန်နေဂျာ ဦးအောင်ဘိုဘိုလင်းနှင့်အဖွဲ့သည် ယမန်နေ့ ညပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၉) နယ်မြေ(၃) ကိုယ်ထူကိုယ်ထစနစ်ဖြင့် နိုင်ငံတော်မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ပို့လွှတ်ရေး အစီအစဉ်ကို ဆောင်ရွက် ခဲ့သည်။

### ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

ထိုသို့ဆောင်ရွက်ခဲ့ရာ ရပ်ကွက်(၉) နယ်မြေ(၃)အနေဖြင့် နိုင်ငံတော်မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီးဖြစ်၍ တစ်ပိုင်တစ်နိုင်စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီ၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသုံးခုတို့က တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၄၀နှင့် နှာခေါင်းစည်း ၁၄ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်)Bowser ယာဉ်တစ်စီးမှာ မြဝတီစခန်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce .gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအတွက် ချေးငွေ လျှောက်ထားမည့်ရက် တိုးမြှင့်ပေး

နေပြည်တော် နိုဝင်ဘာ ၁၇

ကိုဗစ် – ၁၉ ရောဂါကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ် – ၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးရေးအတွက် လျှောက်လွှာများကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ လက်ခံမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားရှိရာ အဆိုပါ ချေးငွေလျှောက်လွှာများကို ဒီဇင်ဘာ ၃ ရက်အထိ အစိုးရရုံးပိတ်ရက်များတွင် ရုံးချိန်အတွင်း ဆက်လက်လက်ခံ ခွင့်ပြုလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

## အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာ



**နေပြည်တော် နိုဝင်ဘာ ၁၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက် ၇ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများအစည်းအဝေးကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးရုံးမှ တက်ရောက်ခဲ့သည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး(၂) H.E. Dato Dr. Amin Liew Abdullah နှင့် ကနေဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် အငယ်စားစီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး The Honourable Mary Ng တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံနှင့် ကနေဒါနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါ၏ စီးပွားရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် အဆိုပါသက်ရောက်မှုများကို လျော့နည်းစေရန် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ-ကနေဒါ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးတွဲကြေညာချက်ကို အကောင်အထည်ဖော်သည့် လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ကနေဒါနိုင်ငံက ထောက်ပံ့ပေးမည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များနှင့် ကနေဒါ-အာဆီယံ စီးပွားရေးကောင်စီမှ တင်ပြလာသော စီးပွားရေးဆိုင်ရာ အကြံပြုချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေး၌ အနာဂတ် အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် အပြီးသတ်ကိုးကားစာတမ်းကို ဝန်ကြီးများက အတည်ပြုခဲ့ပြီး အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံဆွေးနွေးခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-ကနေဒါ နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး ကနေဒါမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည် အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံရှိခဲ့သည်။ ကနေဒါနိုင်ငံမှ အာဆီယံသို့ ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုသည် နှစ်စဉ် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်ကို ဆောင်ရွက်ခြင်းအားဖြင့် ကနေဒါနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါသဘောတူစာချုပ်တွင် ပါဝင်ခြင်းဖြင့် ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာပြီး ကနေဒါဈေးကွက်သို့ မြန်မာ့ပို့ကုန်များ တင်ပို့နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

**ပါဝင်ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ပြန်လည်စတင်ရေးနှင့် နယ်စပ်ဒေသများ ပြန်လည်ဖွင့်လှစ်ရေး၏ အရေးပါမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် နှစ်ဆန်းမှစတင်၍ ခရီးသွားကဏ္ဍများ ပြန်လည်ဖွင့်လှစ်ပေးရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုများ စတင်ရန်ကိစ္စများကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေး၌ (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါစီးပွားရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြို့တွင်းလမ်းများ ကောင်းမွန်စေရေးနှင့် နက္ခတ်တာရာပြခန်း ပြန်လည်ဖွင့်လှစ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့် ကော်မတီဝင်များသည် ယနေ့နံနက် ၇ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းသို့ ရောက်ရှိပြီး ဦးထောင်ဘိုအဝိုင်းမှ ဦးအောင်မြတ်လမ်းအထိ အရှည် ပေ ၅၅၀၀၊ အကျယ် ၂၂ ပေ၊ ဒု နှစ်လက်မရှိ ကတ္တရာကွန်ကရစ် ခင်းကျင်းနေမှုကိုလည်းကောင်း၊ ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နေမှု၊ ကန်တော်ကြီးဟိုတယ်နှင့် ငါးပြတိုက်အဟောင်းဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ရန်လိုအပ်ချက်များအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**မှာကြား**

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းဆုံသို့ သွားရောက်ပြီး အင်းလျားလမ်းအား တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းဆုံမှ ဧကရီဆောင်အထိ အရှည် ပေ ၁၅၀၀၊ အကျယ် ၄၈ ပေ၊ ဒု နှစ်လက်မရှိလေးလမ်းသွားကတ္တရာကွန်ကရစ် ခင်းကျင်းပြီးဖြစ်၍ လူကူးမျဉ်းကျားများနှင့် Road Marking ယာဉ်ကြောပြမျဉ်းများ ဆေးရေးဆွဲနေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ယာဉ်သွားလာမှု ပိတ်ဆို့မှု မဖြစ်စေရေး၊ တိမ်းစောင်းနေသော လမ်းဘေးဆက်သွယ်ရေးတိုင်များ ပြန်လည်တည့်မတ်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး**

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းသို့ သွားရောက်၍ ပြခန်းအတွင်းအပြင် ပြုပြင်ထိန်းသိမ်းထားမှုနှင့် ပြပွဲအစီအစဉ်အတိုင်း ပြသမှုကို ကြည့်ရှုစစ်ဆေးပြီး ပြခန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ စတင်ဆောင်ရွက်ရန်၊ ပြခန်းအတွင်း လျှပ်စစ်မီးနှင့် လေအေးပေးစနစ်များ ပြုပြင်တပ်ဆင်ရေး၊ ပြခန်းအဆောက်အအုံ ဆေးသုတ် မွမ်းမံရေးနှင့် ပြခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့ကို ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ နက္ခတ်တာရာပြခန်း ပြင်ဆင်မှုများ ပြီးစီးပါက အပတ်စဉ် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များ (စနေ/တနင်္ဂနွေ မပါ) မှအပ နေ့စဉ် နံနက် ၁၀ နာရီ မှ ညနေ ၃ နာရီ အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၄ မျိုး စုစုပေါင်း(၅၉၇၁၇ ဒသမ ၇၇၅ ကီလိုဂရမ်)၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ လေးခုမှ Sodium Chloride Injection အခု ၁၃၃၂၀၀၊ Glucose Injection ၈၈၀၁၄ ခု၊ Diclo Injection အခု ၂၆၀၄၀၊ Pai C Pen (Powder For Injection) အခု ၁၂၀၀၀၊ Sai P Pen (Powder For Injection) အခု ၁၇၈၀၊ Paracetamol Tablet အခု ၁၀၅၀၊ Dexa-2 Injection အခု ၆၄၂၀၀၊ နှာခေါင်းစည်း ၁၇၈၄၄ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၂၃၁ ကုဗမီတာ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၄၄၀၊ လက်အိတ် ခြောက်ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

# ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များ၊ ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဗစ်တိုးရီးယားဟိုတယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးသိန်းလင်း၊ ဦးမောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်လျက်ရှိသကဲ့သို့ ရေရှည်တွင် GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်ရန်၊ လူမှုရေးဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရန်ဟူသည့် ဒေါက်တိုင် သုံးခုဖြင့် ငါး၊ ပုစွန်ကဏ္ဍ ဖွံ့ဖြိုးလာရေးကို ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငါးဖမ်းရာသီ သတ်မှတ်ခြင်း၊ အချို့ဒေသများတွင် ဇုန်များ သတ်မှတ်ထိန်းသိမ်းခြင်း၊ သဘာဝငါးမျိုးပွားခြင်းကို ခေတ်မီနည်းစနစ်များအသုံးပြု၍ လေ့လာသုံးသပ်ခြင်းတို့ဖြင့် ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံးတို့က စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် လုပ်ငန်းရှင်များ၏ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများ၏အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်လိုသည့် လုပ်ငန်းရပ်များအပေါ် ဆွေးနွေးတင်ပြခြင်း၊ ခေတ်မီအအေးခန်းသိုလှောင်ရုံ၊ အဆင့်မြင့်လက်ကားဈေး ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နိုင်ရေး၊ ဌာနနှင့် ပုဂ္ဂလိကပူးပေါင်း၍ ငါးသုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အမြန်ဆုံးအသုံးပြုနိုင်မည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းခရိုင် FOB စစ်ဆေးရေးစခန်းနှင့် ကမ်းနီး ရေလုပ်ငန်းကုမ္ပဏီဇုန်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ငါးဖမ်းရေယာဉ် လုပ်သားများအတွက် လိုအပ်သော လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ စနစ်တကျ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်ချက်များ၊ ငါးလုပ်ငန်းဆိုင်ရာ ဓာတ်ခွဲခန်းများ ခေတ်မီစေရေး ဆောင်ရွက်ရန်နှင့် အစားအစာ ဘေးကင်းလုံခြုံမှု၊ ကုန်ပစ္စည်းအရည်အသွေး စံချိန်စံညွှန်း ကြပ်မတ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**ဆောင်ရွက်လျက်ရှိ**

ကော့သောင်းခရိုင်အတွင်းရှိ ပင်လယ်ပြင်တွင် ငါးဖမ်းဆီးခြင်း၊ သယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် ငါးဖမ်း၊ ငါးသယ်ရေယာဉ်များ၏ ဝင်/ထွက်မှုများနှင့် ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့မှုများကို သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်သည့် အဖွဲ့က FOB စနစ်ဖြင့် ရုံးလုပ်ငန်းများအား တစ်ချိန်တည်း၊ တစ်နေရာတည်း တစ်ပြေးညီ ဖြစ်စေရန် One Stop Service ဖြစ်စေရန် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းခရိုင် သူငွေးကျွန်းပေါ်ရှိ ပုဂ္ဂလိက ပုစွန်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးကာ စီးပွားဖြစ် ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် ဒေသနေ လုပ်ကွက်ငယ်တောင်သူများကို နည်းပညာနှင့် လိုအပ်ချက်များ ပံ့ပိုးကူညီပေးပြီး ပုစွန်မွေးမြူရေးလုပ်ငန်းကို အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❁ ရှေ့ဖုံးမှ

နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်လည်း နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ဖူးမြော်စေလျက်ရှိကြောင်း ဦးသန်းမြင့်ဦးက ရှင်းပြသည်။

**လေ့လာမှုများပြားလာ**

တုရင်တောင် စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံဘုရား၊ ကျောက်ကူဥမင်ဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ဗူးဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ မနူဟာဘုရား၊ ရွှေဆံတော်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ပြဿဒ်ကြီးဘုရား၊ မဟာဗောဓိဘုရား၊ ထီးလိုမင်းလိုဘုရား၊ မြစေတီဘုရားများတွင် ဘုရားဖူးများဖြင့် စည်ကားနေပြီး သမိုင်းဝင်ဘုရားများဖြစ်သည့် နဂါးရုံဘုရား၊ စိုးမင်းကြီးဘုရား၊ စိုးမင်းကြီးအုတ်ကျောင်း၊ အပါယ်ရတနာဘုရား၊ ငကျွဲနားငွှေင်းဘုရား၊ ပုထိုးသားများဘုရား၊ ခေမင်္ဂဘုရားဝင်း၊ ရင်မနားဘုရားဝင်း၊ သိကြားပုန်းဘုရား၊ သိကြားဟာစ်ဘုရား၊ တာမဏီသိမ်ကျောင်း၊ မင်းနန်းသူဘုရားသုံးဆူ၊ တရုတ်ပြေးဘုရားခေါ် နရသီဟပတေ့ဘုရား၊ သံမှုလဘုရား၊ သစ္စာဝတီဘုရား၊ အနုမြူကပ်ကျော်ဘုရား၊ မျက်တော်ပြေဘုရား၊ အင်ကြင်းဂူဘုရား၊ ဗူးလည်သီးဘုရား၊ ရွာဟောင်းကြီးဘုရား၊ ဝတ္တနထေဘုရားဝင်း၊ ဆူးလေကုန်းဘုရားစု၊ ရှင်အဇ္ဇဂေါနဘုရား၊ ဂူနီဘုရားခေါ် ကူးနီးဘုရား၊ ခြောက်ဘုရား၊ လှဘုရားများတွင်လည်း မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများက ရှေးဟောင်းနံရံဆေးရေးပန်းချီများ၊ ကနုတ်ပန်း၊ ကျောက်ဆစ်ပန်း၊ အင်္ဂတေများကို စိတ်ဝင်တစား လေ့လာမှုများပြားလာကြောင်း သိရသည်။

**ကိုထိန်**

# ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမည်

**ထားဝယ် နိုဝင်ဘာ ၁၇**

ရန်ကုန်-ထားဝယ်၊ ရန်ကုန်-မြိတ်၊ ရန်ကုန်-ကော့သောင်း လေကြောင်းခရီးစဉ်များကို နေ့စဉ် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ထားဝယ်-ကော့သောင်း-ထားဝယ်-ရန်ကုန်ခရီးစဉ်များကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် လည်းကောင်း၊ ရန်ကုန်-ထားဝယ်-ရန်ကုန်တိုက်ရိုက်ခရီးစဉ်ကို အင်္ဂါ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း၊ ထားဝယ်-ကော့သောင်း ခရီးစဉ်ကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင်လည်းကောင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း ထားဝယ်မြို့ Air KBZ မန်နေဂျာထံမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် အဆိုပါ လေကြောင်းလိုင်းများကို ပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်-ထားဝယ်၊ ရန်ကုန်-မြိတ် လေကြောင်းခရီးစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှစ၍လည်းကောင်း ရန်ကုန်-ကော့သောင်းခရီးစဉ်များကို နိုဝင်ဘာ ၂၁ ရက်မှစ၍လည်းကောင်း နေ့စဉ် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်- ကော့သောင်း လေကြောင်း ခရီးစဉ်ကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြေးဆွဲလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်မှစ၍ နေ့စဉ်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း Air KBZ လေကြောင်းလိုင်း တာဝန်ရှိသူထံမှ သိရသည်။

**ရွှေပင်လယ်**

# သစ္စာဖောက်တဲ့လား

နိုင်ငံ့ဝန်ထမ်းတစ်ဦး

ယခုတလော လေလှိုင်းပေါ်ကတစ်ဆင့် ကြေညာချက်ပေါင်းစုံကို အကြိမ်ကြိမ် အလီလီ ထုတ်ပြန်နေတဲ့ NUG အဖွဲ့က ပြည်သူ့ဝန်ကိုထမ်းရွက်နေကြတဲ့ Non CDM ပြည်သူ့ဝန်ထမ်းများကို နိုင်ငံ့သစ္စာဖောက်များရယ်လို့ အမည်မည်းစာရင်းကြေညာချက်တွေ ဆက်တိုက်ထုတ်ပြန်လျက်ရှိတာ တွေ့ရပါတယ်။

သစ္စာဖောက်ဆိုတဲ့ စကားလုံးအသုံးအနှုန်းက တကယ်တမ်းဆိုရရင် ကြောင်းကျိုးမဆီလျော်တဲ့အပြင် သဘာဝယုတ္တိ၊ အာဂမယုတ္တိကင်းမဲ့လွန်းလှပါတယ်။ ဒါ့အပြင် ရပ်ကွက်ထဲက အရက်ဝိုင်းမှာ ကိုယ်နဲ့အတူ တွဲမသောက်လို့ စိတ်ခံစားချက်တွေ အရ ပေါက်ကွဲထွက်ပြီး စွပ်စွဲပြောသလိုမျိုးဖြစ်နေပါတယ်။

ဟုတ်တယ်လေ။ ပြောရရင် ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ နိုင်ငံရေးရပ်တည်ချက်၊ လားရာလမ်းခြင်းမတူတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ဒီလိုသစ္စာဖောက်လို့ ကြေညာတာမျိုး မကြားဘူးခဲ့ရိုးအမှန်ပါ။ ယုတ်စွအဆုံး စစ်မက်ဖြစ်ပွားနေတဲ့ ဒုတိယကမ္ဘာစစ်ကာလမျိုးမှာတောင် မြန်မာနိုင်ငံက နိုင်ငံ့ဝန်ထမ်းတွေအပေါ် ဒီလိုစွပ်စွဲချက်မျိုး မရှိခဲ့ဖူးဘူး။

**ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ နိုင်ငံရေး ရပ်တည်ချက်၊ လားရာလမ်းခြင်းမတူတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ဒီလိုသစ္စာဖောက်လို့ကြေညာတာမျိုး မကြားဘူးခဲ့ရိုးအမှန်ပါ။ ယုတ်စွအဆုံး စစ်မက်ဖြစ်ပွားနေတဲ့ ဒုတိယကမ္ဘာစစ်ကာလမျိုးမှာတောင် မြန်မာနိုင်ငံက နိုင်ငံ့ဝန်ထမ်းတွေအပေါ် ဒီလိုစွပ်စွဲချက်မျိုး မရှိခဲ့ဖူးဘူး။**

### ဆက်လက်တာဝန်ပေး

ဂျပန်ခေတ် မြန်မာပြည်မှာ အုပ်ချုပ်ရေးကို ချုပ်ကိုင်ထားတဲ့ ဂျပန်စစ်ဘက် အာဏာပိုင်တွေက ဗြိတိသျှအစိုးရခေတ်က ဗျူရိုကရေစီယန္တရားထဲမှာ ပါဝင်အမှုတော်ထမ်းခဲ့ကြတဲ့ ဘယ်နိုင်ငံ့ဝန်ထမ်းကိုမှ သစ္စာဖောက်ရယ်လို့ မသတ်မှတ်ခဲ့ကြဘူး။ မူလနေမြဲ ရာထူးဌာနန္တရများအတိုင်း ဆက်လက်တာဝန်ပေးခန့်အပ်ပြီး အုပ်ချုပ်ရေးယန္တရားကို လည်ပတ်စေခဲ့တယ်။ ဒါ့အပြင် အင်္ဂလိပ်အစိုးရခေတ်မှာ နန်းရင်းဝန်လုပ်ခဲ့တဲ့ ဒေါက်တာဘမော်ကိုတောင် ဂျပန်ခေတ်မှာ အဓိပတိပြန်ခန့်အပ်တာဝန်ပေးခဲ့သေးတယ်ဗျ။

**သူတို့ပြောသလို သူတို့တစ်ဖွဲ့တစ်သင်း၊ တစ်အုပ်စုကိုသစ္စာခံပြီး နိုင်ငံ့ဝန်ထမ်းတွေအားလုံး CDM ဝင်ကြလုပ်ကြပြီထား၊ ပြည်သူတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာ အေးချမ်းရေး စတဲ့လူမှုကိစ္စ လူမှုစီးပွားဘဝကို ဘယ်သူတွေကအစားထိုး တာဝန်ယူလုပ်ဆောင်ပေးကြမလဲ**

တစ်ခါ မြန်မာပြည်ကို အင်္ဂလိပ်တွေ တစ်ကျော့ပြန်ဝင်ရောက်လာပြီးအုပ်ချုပ်တဲ့ မြို့ပြအုပ်ချုပ်ရေး (C.A.S.B) ခေတ်ကာလမှာလည်း ဂျပန်ခေတ်က တာဝန်ထမ်းဆောင်ခဲ့တဲ့ ဘယ်ပြည်သူ့ဝန်ထမ်းကိုမှ သစ္စာဖောက်ရယ်လို့ စွပ်စွဲအလုပ်ထုတ်ခဲ့တာမျိုး မရှိခဲ့ဘူးဗျ။ မစွပ်စွဲတဲ့အပြင် အင်္ဂလိပ်အစိုးရက အရာထမ်း၊ အမှုထမ်းတွေကို ဂျပန်ခေတ်တစ်လျှောက်လုံးက လစာတွေကိုပါ ပြန်လည်တွက်ချက်ပြီး ထပ်ဆောင်းလစာငွေများအဖြစ် ထုတ်ပေးခဲ့တယ်ဗျ။

ဒီမိုကရေစီစနစ်ရဲ့သဘောသဘာဝကို ပြောရဦးမလား။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးခံယူချက်တွေ၊ ရပ်တည်ချက်တွေ ဘယ်သို့ပင် မတူကွဲပြားခြားနားစေကာမူ မတူတာတွေဖယ်ပြီး တူတာတွေပေါင်းလုပ်ကြရတာ ဒီမိုကရေစီရဲ့ သဘောသဘာဝပေပဲ။ ဂိုဏ်းဂဏ စိတ်တွေရှေ့တန်းတင်ပြီး ငါနဲ့မတူ ငါ့ရန်သူရယ်လို့ ရန်၊ ငါ ခွဲခြားသတ်မှတ်ကြရင်တော့ ဒါဟာ ဒီမိုကရေစီဝါဒမဟုတ်ပေဘူးဗျ။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဖဆပလအဖွဲ့ချုပ်ကြီးဆိုရင် နိုင်ငံ့လွတ်လပ်ရေးအတွက်ရှေးရှုပြီး နိုင်ငံရေးရပ်တည်ချက်ချင်းမတူတဲ့ အရောင်အသွေးပေါင်းစုံကို စုစည်းဖွဲ့စည်းခဲ့တယ်။

ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ အထွေထွေအတွင်းရေးမှူးက သခင်သန်းထွန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ ဗိုလ်လကျ်ာ၊ ဗိုလ်နေဝင်း စတဲ့ တပ်မတော်ကိုယ်စားလှယ်တွေ၊ သခင်မြသွင်၊ သခင်ဗဟိန်း၊ သခင်သိန်းဖေ (သိန်းဖေမြင့်) စတဲ့ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်တွေ၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်ချစ် (နောက်ပိုင်း ကွန်မြူနစ်ပါတီဝင်)၊ သခင်ဝတင် စတဲ့ ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်တွေ၊ ဦးဘဖေ၊ ဦးမြ(ပျော်ဘွယ်)၊ ဦးမြ(ဟသ်ာတ)စတဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေ၊ ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော်ဦးချစ်မောင် စတဲ့ တစ်သီးပုဂ္ဂလပြည်ချစ်ပုဂ္ဂိုလ်တွေ၊ လူမျိုးစုကိုယ်စားလှယ်တွေနဲ့ စုပေါင်းပြီး ဖွဲ့စည်းခဲ့ကြတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်သွားပြီး လွတ်လပ်ရေးအတွက် အရေးဆိုခဲ့တဲ့ခရီးစဉ်ကို ကြည့်ဦးမလား။ ဗိုလ်ချုပ်ရဲ့နောက်မှာ တစ်ချိန်က အင်္ဂလိပ်အစိုးရရဲ့ အိုင်စီအက်စ်အရာရှိကြီးဖြစ်ခဲ့တဲ့ ဦးတင်ထွတ်ကိုတွေ့ရပါလိမ့်မယ်။ ဒီခရီးစဉ်မှာ အင်္ဂလိပ်တွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ အိုင်စီအက်စ် ဦးတင်ထွတ်ဟာ ဗိုလ်ချုပ်ဝတ်တာ စားတာ သွားတာ လာတာ၊ ပြောတာဆိုတာကအစ နောက်ကွယ်က အများကြီးပံ့ပိုးကူညီ ပေးခဲ့တယ်ဗျ။

ဒီဘက်ခေတ် အမေရိကန်သမ္မတ အိုဘားမားအစိုးရအဖွဲ့ကိုကြည့်ဦးမလား။ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ရွေးကောက်ပွဲမှာ အကြိတ်အနယ်မဲဆွယ်ယှဉ်ပြိုင်ခဲ့ရတဲ့ ပြိုင်ဘက် ဟီလာရီကလင်တန်ကို အိုဘားမားက သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်မှာ အရေးပါလှတဲ့ နိုင်ငံခြားရေးဝန်ကြီးရာထူးတစ်နေရာကို အာဏာခွဲဝေပေးအပ်ခဲ့တာပဲ မဟုတ်ပေဘူးလား။

ထင်သာမြင်သာအနီးစပ်ဆုံး ပြီးခဲ့တဲ့ ငါးနှစ်က အာဏာရပါတီ NLD အစိုးရအဖွဲ့ကို လေ့လာဦးမလား။ အစိုးရအဖွဲ့ အဖွဲ့ဝင်တွေထဲမှာ ယခင်တပ်မတော်အစိုးရလက်ထက်က ဝန်ကြီး၊ ဒုဝန်ကြီးတွေ ပြန်ပါဝင်လာတာပဲမဟုတ်ပေဘူးလား။

လေလှိုင်းထဲက NUG အဖွဲ့နဲ့ ဝန်းရံထောက်ခံသူတွေကျမှပဲ သူတို့သွေးထိုးလှုံ့ဆော်မှုမှာ မပါဝင်ကြတဲ့ သန်းနဲ့ချီသော Non CDM ဝန်ထမ်းအပေါင်းကို သစ္စာဖောက်တဲ့ဗျား။

### သံယောင်လိုက်ပြီး ပြောဆိုရေးသားနေကြ

ဝန်းရံထောက်ခံသူအချို့ကဆိုရင် လေလှိုင်းထဲက NUG ရဲ့ ထုတ်ပြန်ချက်လေသံအတိုင်း ငါတို့အာဏာရလာရင် ဘောက်ချာစုတ်ရမယ့်လူတွေ၊ ထုတ်ပစ်ရမယ့်လူတွေရယ်လို့ အကျိုးအကြောင်းမဆင်ခြင်ဘဲ သံယောင်လိုက်ပြီး ပြောဆိုရေးသားနေကြတုန်းပဲဗျ။

သူတို့ပြောသလို သူတို့တစ်ဖွဲ့တစ်သင်း၊ တစ်အုပ်စုကိုသစ္စာခံပြီး နိုင်ငံ့ဝန်ထမ်းတွေအားလုံး CDM ဝင်ကြလုပ်ကြပြီထား၊ ပြည်သူတွေရဲ့သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာအေးချမ်းရေး စတဲ့လူမှုကိစ္စ လူမှုစီးပွားဘဝကို ဘယ်သူတွေက အစားထိုးတာဝန်ယူ လုပ်ဆောင်ပေးကြမလဲ။

အနာဂတ်အတွက် ရင်သွေးငယ်တွေက ပညာမသင်ကြားဘဲ သူတို့အာဏာပြန်မရမချင်း ငုတ်တုတ်ထိုင်စောင့်နေကြရမှာလား။ ရပ်ထဲရွာထဲမှာ သူခိုးဓားပြရန်ကို ကာကွယ်ဖို့ ၈၈ အရေးအခင်းတုန်းကလို အိမ်တိုင်းကင်းထွက်စောင့်နေကြရမလား၊ သဘာဝဘေးအန္တရာယ်ကြုံလာရင် ကူရာမဲ့ဘဝနဲ့ ဒုက္ခခါးစည်းခံနေကြရမလား။ ရထားတွေ ကားတွေ မထွက်တော့ရင် ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေးကိစ္စတွေအတွက် တစ်မြို့နဲ့တစ်မြို့ လမ်းလျှောက်သွားကြမလား။ ကပ်ရောဂါဘေးတွေ၊ ကိုယ်တိုင်နာမကျန်းဖြစ်တဲ့ ဗျာဓိဘေးဒုက္ခတွေကြုံလာရင် အိမ်မှာပဲလဲလျောင်းပြီး အသေခံကြရမလား။ ယုတ်စွအဆုံး စည်ပင်ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာမရှိရင် ငါတို့ဘယ်လိုလုပ်ကြမလဲလို့ တွေးမိကြရဲ့လား။ ဒီနိုင်ငံ့ဝန်ထမ်းတွေဟာ လက်ရှိတည်ဆဲအစိုးရရဲ့အကျိုးကိုလုပ်ဆောင်နေသူတွေလား၊ ငါတို့အကျိုးအတွက် လုပ်ဆောင်နေကြသူတွေလားလို့ စဉ်းစားမိကြရဲ့လား။

"အစိုးရအမှုထမ်းတွေကိုပြောလိုတယ်။ အစိုးရအမှုထမ်းတွေဟာ တိုင်းပြည်နဲ့လူထုအကျိုးကို ကြည့်ပြီး ကျုပ်တို့အစိုးရအဖွဲ့က ဆုံးဖြတ်ညွှန်ကြားတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာပါ။ တိုင်းပြည်နဲ့လူထုအကျိုးကိုကြည့်ပြီး ဆုံးဖြတ်တဲ့လုပ်ငန်းစဉ်ကို တစ်သဝေမတိမ်း တာဝန်ကျေပွန်စွာလုပ်ကိုင်ဆောင်ရွက်ရင် ဘယ်သူမှကြောက်စရာမလိုဘူး။ ဖဆပလအစိုးရ ဖွဲ့ထားပေမယ့် ကိုယ့်တာဝန်ကိုကိုယ်ကျေပွန်အောင်လုပ်ပါ။ ဖဆပလအစိုးရဆိုပြီး ပြည်သူ့ရဲဘော်ကိုလည်း အရမ်းကြောက်စရာမလိုဘူး။ ဖဆပလအဖွဲ့ဝင်တွေ ပြည်သူ့ရဲဘော်တွေကလည်း ငါတို့အဖွဲ့အစိုးရဆိုပြီး အစိုးရအာဏာယူသုံးဖို့၊ အစိုးရကိုယ်စားလုပ်ဖို့လည်း မလိုဘူး။ အခွင့်အရေးလည်းမရှိဘူး ဆိုတာသတိပြုပါ" ဆိုတဲ့ ဗိုလ်ချုပ်မိန့်ခွန်းကို ကြားဖူးကြရဲ့လား။

### သတ်ဖြတ်နှိပ်စက်ခဲ့ကြ

"အာဏာရ ဖဆပလဆိုရှယ်လစ်များသည် ကာကွယ်ရေး ခါးပိုက်ဆောင်တပ်များဖွဲ့စည်းကာ အတိုက်အခံအဖွဲ့ဝင်များကို သတ်ဖြတ်နှိပ်စက်ခဲ့ကြသည်။ အတိုက်အခံရေးသည့် သတင်းစာများကို ဝင်ရောက်ဖျက်ဆီးခဲ့ကြသည်။ မိမိတို့မလိုသူများကို ရက်အကန့်အသတ်မရှိ ဖမ်းဆီးချုပ်နှောင်ခဲ့ကြသည်။ မိမိတို့ခိုင်းတိုင်းမလုပ်သော အရာရှိ အရာခံများကို ရာထူးချခြင်း၊ နေရာပြောင်းရွှေ့ခြင်း စသည်ဖြင့် အနိုင်ကျင့်ခဲ့ကြသည်။ ရာဇဝတ်မှု ကျူးလွန်သောမိမိတို့၏တပည့်များကို အကာအကွယ်ပေးထားခဲ့ကြသည်။ အတိုချုပ်ရေးရလျှင် ထိုပုဂ္ဂိုလ်များသည် ဒီမိုကရေစီကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်ခဲ့ကြသည်။ မိမိတို့အာဏာမဲ့ဘဝရောက်မှ ဒီမိုကရေစီစကားပြောသော ထိုပုဂ္ဂိုလ်များကို ပြည်သူလူထုအနေဖြင့် ယုံရမည်လော" ဆိုတဲ့ ဗိုလ်ချုပ်ရဲ့အစ်ကို ဦးအောင်သန်းရေးတဲ့ စာအုပ်ကိုရော ဖတ်ဖူးကြရဲ့လား။

ဖော်ပြပါအချက်အလက်အဝဝ အကြောင်းအရာအဖုံဖုံကို တစ်ချက်ချင်း၊ တစ်ခုချင်း စေ့ငုသုံးသပ်ဆင်ခြင်ပြီးသကာလမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် နိုင်ငံရေး မဖက်၊ တာဝန်နှင့်ဝတ္တရားမပျက် အမှုတော်ထမ်းရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းအပေါင်းကို သစ္စာဖောက်ရယ်လို့ခေါ်လိုက ခေါ်နိုင်ကြောင်းပါဗျာ။

ဩော်၊ သစ္စာဖောက်ဆိုလို့ တစ်ချိန်က ဆရာကြီး သိန်းဖေမြင့် ရေးသားခဲ့တဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ကို သတိရမိသေးတယ်။

ဝတ္ထုပါဇာတ်ကြောင်းက ဒီလိုပါ။ တစ်ခေတ်တစ်ခါက ကျေးလက်တောရွာတစ်ခုက ကွန်မြူနစ်အမာခံတစ်ဦးဟာ ကွန်မြူနစ်ဝါဒကို သူလက်ခံယုံကြည်သလို သူ့ဇနီးသည်ကိုလည်း သူ့လိုပဲ လက်ခံယုံကြည်စေချင်တယ်။

### သစ္စာဖောက်တဲ့ဗျား

သို့ကြောင့်မို့ ကွန်မြူနစ်ဝါဒသဘောတရားတွေကို သူကိုယ်တိုင် ဇနီးသည်ကိုဟောပြောပို့ချ၊ ကွန်မြူနစ်သဘောတရားရေးရာ စာအုပ်တွေပေးဖတ်နဲ့ ကွန်မြူနစ်မကြီး ပီသအောင် မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးခဲ့တယ်။ ငယ်ရွယ်တဲ့ သူ့အမျိုးသမီးဟာ မကြာမီမှာပဲ သူ့ထက်ပိုပြီး ကွန်မြူနစ်ဝါဒကို ပြင်းပြင်းထန်ထန် သက်ဝင်ယုံကြည်လာတယ်။ ဟောပြောပွဲတွေ၊ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ရှေ့တန်းက ပါဝင်လာတယ်။ ကိုယ်မှာလည်း ယူနီဖောင်းနဲ့ ခါးမှာလည်းခြောက်နဲ့။ ကွန်မြူနစ်ဝါဒ ကိုစွဲလမ်းရင်း ရွာမှာအခြေချနေတဲ့ ကွန်မြူနစ်ဗိုလ် တစ်ယောက်နဲ့ပါ တပူးပူးတတွဲတွဲဖြစ်လာတယ်။

ဇာတ်သိမ်းမှာတော့ သူမြေတောင်မြှောက်ပေးခဲ့တဲ့ သူ့ဇနီးသည်ဟာ ကွန်မြူနစ်စစ်ဗိုလ်နဲ့လူမှုရေးဖောက်ပြန်ပြီး သူ့ကိုပါတီသစ္စာဖောက်အဖြစ် စွပ်စွဲရှုတ်ချလာတယ်။ သူလည်းစိတ်ဓာတ်တွေကျပြီး သူ့ဇာတိချက်ကြွေမွေးရပ်မြေ ကျေးရွာကနေထွက်ပြေး တိမ်းရှောင်သွားခဲ့ရရှာတယ်။

ဆရာကြီးသိန်းဖေမြင့်က ဖော်ပြပါဝတ္ထုတိုလေးရဲ့ခေါင်းစဉ်ကို "သစ္စာဖောက်တဲ့ ဗျား" လို့ အမည်ပေးခဲ့ကြောင်းပါဗျာ။ ။

**အနာဂတ်အတွက် ရင်သွေးငယ်တွေက ပညာမသင်ကြားဘဲ သူတို့အာဏာပြန်မရမချင်း ငုတ်တုတ်ထိုင်စောင့်နေကြရမှာလား။ ရပ်ထဲရွာထဲမှာ သူခိုးဓားပြရန်ကို ကာကွယ်ဖို့ ၈၈ အရေးအခင်းတုန်းကလို အိမ်တိုင်းကင်းထွက်စောင့်နေကြရမလား၊ သဘာဝဘေးအန္တရာယ်ကြုံလာရင် ကူရာမဲ့ဘဝနဲ့ ဒုက္ခခါးစည်းခံနေကြရမလား။ ရထားတွေ ကားတွေ မထွက်တော့ရင် ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေးကိစ္စတွေအတွက် တစ်မြို့နဲ့တစ်မြို့ လမ်းလျှောက်သွားကြမလား။ ကပ်ရောဂါဘေးတွေ၊ ကိုယ်တိုင်နာမကျန်းဖြစ်တဲ့ ဗျာဓိဘေးဒုက္ခတွေကြုံလာရင် အိမ်မှာပဲလဲလျောင်းပြီး အသေခံကြရမလား။ ယုတ်စွအဆုံး စည်ပင်ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာမရှိရင် ငါတို့ဘယ်လိုလုပ်ကြမလဲလို့ တွေးမိကြရဲ့လား။ ဒီနိုင်ငံ့ဝန်ထမ်းတွေဟာ လက်ရှိတည်ဆဲအစိုးရရဲ့အကျိုးကိုလုပ်ဆောင်နေသူတွေလား၊ ငါတို့အကျိုးအတွက် လုပ်ဆောင်နေကြသူတွေလားလို့ စဉ်းစားမိကြရဲ့လား။**

# ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြု

**တောင်ကြီး နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် ပါဝင်လှူဒါန်းခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆက်လက်ပူးပေါင်းကူညီ**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားသည့်ကာလအတွင်း လူအား၊ ငွေအားဖြင့် အဘက်ဘက်က ပါဝင်ဆောင်ရွက် ကူညီပံ့ပိုးပေးကြသည့်ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ဌာန၊ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းအခမ်းအနားဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်ပေးကြသည်ကိုလည်း ဂုဏ်ပြုမှတ်တမ်းတင် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များနှင့် ပါဝင်လှူဒါန်းခဲ့သည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**





# မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြု

**မကွေး နိုဝင်ဘာ ၁၇**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ နှစ်ရာခိုင်နှုန်းအောက် လျော့နည်းကျဆင်းလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း အောက်ဆီဂျင်လုံလောက်မှုရှိစေရေးအတွက် တိုင်းဒေသကြီးအတွင်း အောက်ဆီဂျင်စက်ရုံ ၂၁ ရုံတည်ဆောက်ရန် စီစဉ်ခဲ့ပြီး စက်ရုံ ၁၆ ရုံမှာ စတင်လည်ပတ်နေပြီး စက်ရုံငါးရုံမှာ တည်ဆောက်ဆဲဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကူညီခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သား ဆေးဝန်ထမ်းများနှင့် တပ်မတော်သားများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ခရိုင် ကိုဗစ်-၁၉ ရောဂါကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းများမှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စည်သူ(မကွေး)**

# ဆောင်းရာသီအားကစားပွဲတော် အထိမ်းအမှတ် အခြေခံရေကူးသင်တန်း ဖွင့်လှစ်

**မြစ်ကြီးနား နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် ပြည်နယ် ရေကူးဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဆောင်းရာသီအားကစားပွဲတော် အထိမ်းအမှတ် အခြေခံရေကူးသင်တန်း ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ မနော‌ရော ရေကူးအားကစား လေ့ကျင့်ရေးကန်တွင် ကျင်းပသည်။

**အဆုတ်အားကောင်း**

ကချင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ရေကူးအားကစားနည်းသည် လူတိုင်းတတ်ထားသင့်သည့်အားကစားနည်းတစ်ခုဖြစ်ပြီး အစဉ်အမြဲ လေ့ကျင့်ကူးခတ်နိုင်ပါက ကိုယ်နေဟန်ထားလှပခြင်း၊ အဆီကျခြင်း၊ သက်လုံကောင်းခြင်း၊ အဆုတ်အားကောင်းခြင်းတို့အပြင် ရေပြင်၌ အရေးကြုံလာပါကလည်း မိမိအသက်ကို ကယ်တင်နိုင်သည့် အားကစားနည်း တစ်ခုဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများ အနေဖြင့် ဂရုတစိုက် လေ့ကျင့်သင်ယူကာ ရေကူးအားကစားနည်း ကျွမ်းကျင်သူများ ဖြစ်လာအောင် ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေကူးအားကစားနည်း သရုပ်ပြသမှုကို အားပေးကြည့်ရှုခဲ့ကြသည်။

အဆိုပါ ရေကူးသင်တန်းကို ပြည်နယ်ရေကူးအားကစားနည်းဆပ်ကော်မတီက အခမဲ့သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၂ ဦးတို့အား နိုဝင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် တေးသီချင်းသီဆိုမှုနှင့် ဖျော်ဖြေပွဲ တိုင်းဒေသကြီးကိုယ်စားပြု ရွေးချယ်

**မုံရွာ နိုဝင်ဘာ ၁၇**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် တေးသီချင်းသီဆိုမှုနှင့် ဖျော်ဖြေပွဲအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ရွေးချယ်ပြိုင်ပွဲကို ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးကိုယ်စားပြုအဆိုရှင်များ သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်အဖြစ် တူယှဉ်တွဲပျော်ဂီတပွဲတော် တေးသီချင်းသီဆိုမှုနှင့် ဖျော်ဖြေပွဲအတွက် တိုင်းဒေသကြီးကိုယ်စားပြု ရွေးချယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပထမဆု ရရှိသော စစ်ကိုင်းခရိုင်ကိုယ်စားပြု ဦးအောင်မြင့်သိန်းအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ကူညီဆောင်ရွက်ပေးခဲ့သော အကဲဖြတ်ဒိုင်များကိုယ်စား အဆိုရှင်ဒေါ်သန္တာထံ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းသီဆိုမှုပြိုင်ပွဲအတွက် တိုင်းဒေသကြီးကိုယ်စားပြုအဆိုရှင်များ သီဆိုယှဉ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ ပြိုင်ပွဲဝင် ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကိုက်လန်ဈေးနှုန်းများ ကျဆင်းသဖြင့် စိုက်ပျိုးတောင်သူများ အရှုံးပေါ်



**ကောလင်း နိုဝင်ဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် ဒေါင်းမြူးချောင်းကို အမှီပြု၍ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကိုက်လန်ဈေးနှုန်းများ ကျဆင်းသဖြင့် စိုက်ပျိုးတောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ကိုက်လန်ကို နောက်စိုက်ပျိုးမယ့် တခြားသီးနှံတွေရဲ့ကုန်ကျစရိတ် ကာမိအောင် အစောစိုက် သုည ဒသမ ၄၀ ဧကပုံမှန်စိုက်ပျိုးပါတယ်။ ကုန်ကျစရိတ်က အခုနှစ်မှာတော့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ တစ်ဆဈေးမြင့်လို့ ရှစ်သောင်းလောက် ကုန်ကျခဲ့ပါတယ်။ အခုမှ စကောက်တာ ၁၀ စည်း တစ်စည်းကို ကျပ် ၇၀၀ နဲ့ အစည်း ၈၀ ကျော်ပဲ ရောင်းရသေးတယ်။ မိုးက အဆက်မပြတ်ရွာနေတော့ ၁၀ စည်း တစ်စည်းကို ကျပ် ၁၅၀ အထိ ဈေးထိုးကျသွားတာ ဒီနှစ်တော့ အရှုံးပေါ်ပါတယ်"ဟု ကျိုင်းခွင်ကျေးရွာမှ ကိုက်လန်စိုက်ပျိုးသူ တစ်ဦးက ပြောပြသည်။

ကိုက်လန်သည် မြေအကျယ်အဝန်း အနည်းငယ်၊ အရင်းအနှီးအနည်းငယ်၊ အချိန်အနည်းငယ်ဖြင့် ဝင်ငွေကောင်းသော သီးနှံမျိုးဖြစ်၍ တောင်သူအများစု က နှစ်စဉ်အားထား စိုက်ပျိုးကြသည်။ ယခင်က ဧကဝက်စိုက်လျှင် အမြတ်ငွေ လေးသိန်းကျော်ရကြောင်း၊ နိုဝင်ဘာ ၁၂ ရက်မှ ယနေ့အထိ မိုးအဆက်မပြတ် ရွာသွန်းသဖြင့် ကိုက်လန်ဈေးများ ၁၀ စည်း တစ်စည်း ကျပ် ၇၀၀ မှ ကျပ် ၁၅၀ အထိ တစ်ရှိန်ထိုး ကျဆင်းသွားသဖြင့် ကိုက်လန်ကို အားထား စိုက်ပျိုးကြသည့် တောင်သူများ အနေဖြင့် အရှုံးပေါ်ကြောင်း လက်ပံကြီးတောကျေးရွာမှ ကိုက်လန်စိုက်ပျိုးသူတစ်ဦးက ပြောပြသည်။

ယင်းကျေးရွာများတွင် သီးနှံတစ်မျိုးလျှင် ဧကဝက်ခန့်သာ စိုက်ပျိုးကြပြီး သီးနှံတစ်မျိုးဈေးမကောင်းပါက အခြားသီးနှံတစ်မျိုး အစားထိုးနိုင်ရန် ဧကနည်းနည်းဖြင့် သီးနှံမျိုးစုံစိုက်ပျိုးကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



# သံဖြူဇရပ်မြို့ ကျိုက်နဲရေလယ်ဘုရားသို့ ရပ်နီး ရပ်ဝေး ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်

**သံဖြူဇရပ် နိုဝင်ဘာ ၁၇**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အံခဲကျေးရွာနှင့် ဝဲကလောင်းကျေးရွာ၏ အနောက်ဘက် ပင်လယ်ကမ်းစပ်မှ နှစ်မိုင်ခန့် အကွာ ပင်လယ်ပြင်အတွင်း ကျောက်ဆောင်ထက်၌ တည်ထားကိန်းဝပ်တော်မူသော ဆံတော်ရှင် ကျိုက်နဲရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်တွင် ကျင်းပသည်။

ကျိုက်နဲရေလယ်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ရပ်နီးရပ်ဝေးဘုရားဖူးပြည်သူများလာရောက်သူများပြားကြောင်း၊ ပွဲတော်ကျင်းပရက် နံနက် ၇ နာရီခန့် ပင်လယ်ဒီရေကျချိန် ပင်လယ်ကမ်းစပ်မှစ၍ နှစ်မိုင်ခန့်ဝေးသည့် ပင်လယ်ပြင်အတွင်း ရေလယ်ဘုရားအနီး မရောက်မီအထိ နတ်လမ်းဟုခေါ်တွင်သည့်အကျယ် ပေ ၃၀၊ ၄၀ ခန့်ရှိသည့် သဘာဝကျောက်စီလမ်းပေါ်လာပြီး အဆိုပါ နတ်လမ်းကို လာရောက်လေ့လာကြည့်ရှုကြသူများနှင့် ဘုရားမှ ကမ်းခြေသို့ အပြန်ခရီးကို နတ်လမ်းမှ လမ်းလျှောက်ပြီး ပင်လယ်ပြင်အတွင်းမှာ ထူးခြားသည့် ကျောက်စီလမ်းဖြစ်ပေါ်နေမှုကို လာရောက်ကြည့်ရှုကြခြင်းနှင့် ဒေသခံတိုင်းရင်းသားများ၏ ဧည့်ဝတ်ကျေပွန်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုတို့ကြောင့် ကျိုက်နဲရေလယ်ဘုရားပွဲတော်ကို နှစ်စဉ်လာရောက်သူများပြားရခြင်းဖြစ်ကြောင်း ဝဲကလောင်းကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

ကျိုက်နဲရေလယ်ဘုရားပွဲတော်ကျင်းပသည့်နေ့ရက်တွင် ဘုရားဖူးများအား နံနက် ၄ နာရီမှစ၍ ပွဲထောင်လှေများဖြင့် စေတီသို့ အခမဲ့ပို့ဆောင်ပေး၍ နံနက် ၇ နာရီခန့် ပင်လယ်ဒီရေကျချိန်တွင် အပြန်ခရီးကို သဘာဝကျောက်စီ နတ်လမ်းမှ လမ်းလျှောက်ပြန်ကြကြောင်းနှင့် ဘုရားဖူးပြည်သူများအား စတုဒိသာကျွေးမွေးခြင်း၊ သောက်ရေသန့်ဘူး ဝေငှခြင်း၊ လိုအပ်သည့် အကူအညီများပေးနိုင်ရန် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာလူမှုကူညီရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**အေးအေးမွန်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ အသိပညာပေးစာအုပ်ပြပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**
မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၁၀၁) နှစ်မြောက် အမျိုးသားနေ့အောင်ပွဲအထိမ်းအမှတ် အကြို အသိပညာပေးစာအုပ်ပြပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇာတ်ကြည့်ဌာန၌ နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မင်္ဂလာဒုံ အထက(၁)မှ မူလတန်းအတန်းမှူး ဆရာမ ဒေါ်ညီညီအောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်သန္တာမြင့်မြင့်ကျော်တို့က အမျိုးသားနေ့နှင့်ပတ်သက်သည့် သိကောင်းစရာများ၊ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ၊ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်၍ အမျိုးသားရေး စိတ်ဓာတ်များ နိုးကြားခဲ့ပုံ စသည်တို့ကို ဆွေးနွေးပြောကြားသည်။ ကျောင်းသား ကျောင်းသူများအား အမျိုးသားနေ့နှင့် ပတ်သက်သည့် စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသခဲ့ပြီး ကဗျာရွတ်ဆိုပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

# တနင်္သာရီတိုင်းဒေသကြီးပြင်ပမှ ခရီးသည်တင်ယာဉ်လိုင်းများ မြိတ်မြို့၌ ပြန်လည်ပြေးဆွဲ

**မြိတ် နိုဝင်ဘာ ၁၇**
မြိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ခေတ္တရပ်နားထားသည့် တနင်္သာရီတိုင်းဒေသကြီးပြင်ပမှမြိတ်မြို့သို့ဆိုက်ရောက်/ထွက်ခွာလျက်ရှိကြသော ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများ နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ မြိတ်-ရန်ကုန်ခရီးစဉ် ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲလျက်ရှိသည်။

"ရောဂါပြန့်ပွားမှုကလည်း ကျဆင်းသွားပြီဖြစ်တဲ့အတွက် ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ ဆီဈေးတွေ တက်နေတဲ့အတွက် ရန်ကုန်နဲ့ မြိတ်ကို ကျပ် ၅၀၀၀၀ နဲ့ ပြေးဆွဲနေကြတာ ဖြစ်ပါတယ်" ဟု မြိတ်မြို့နယ် ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်သူက ပြောသည်။

"ကုန်ကားအသင်း ယာဉ်လိုင်းတွေ၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းတွေဟာ ခရီးသွားလာခွင့် နဂိုမူလရောဂါပိုးရှိတဲ့အချိန်မှာ နှာခေါင်းတို့ဖတ်စစ်ပြီးမှ သွားလာရတာဖြစ်တဲ့အတွက် လက်ရှိ အခက်အခဲလေးတွေ ဖြစ်နေပါတယ်။ နှာခေါင်းတို့ဖတ်မထိုးရဘဲသွားလို့ရရင် ပြည်သူတွေသွားလာမှု ပိုပြီးများပြားလာမယ်လို့ ယာဉ်လိုင်းတွေက တောင်းဆိုနေကြပါတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

ခရီးသည်တင်ယာဉ်လိုင်း အသင်းများအား မော်တော်ယာဉ်တွင် တင်ဆောင်နိုင်သောဦးရေ၏ ၅၀ ရာခိုင်နှုန်းသာ တင်ဆောင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များပါသည့် စည်းကမ်းသတ်မှတ်ချက် ၁၈ ချက်ကို ဗီနိုင်းချိတ်ဆွဲ၍ ပြည်သူများအား အသိပညာပေး ဆောင်ရွက်ရန်နှင့် လိုက်နာစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန် ယာဉ်လိုင်းများအား အသိပေး အကြောင်းကြားထားသည်။

မြိတ်မြို့တွင် ဆိုက်ရောက်/ထွက်ခွာလျက်ရှိသည့် ယာဉ်လိုင်းများတွင် တိုင်းဒေသကြီးပြင်ပမှ ဆိုက်ရောက်/ထွက်ခွာယာဉ်လိုင်း ၂၅ လိုင်းနှင့် တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်း ၄၀ စုစုပေါင်း ယာဉ်လိုင်း ၆၅ လိုင်းရှိကြောင်း၊ လက်ရှိအချိန်တွင် တိုင်းဒေသကြီး ပြင်ပမှဆိုက်ရောက်/ထွက်ခွာယာဉ်လိုင်း ၁၅ လိုင်း၊ တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်း ၃၅ လိုင်းမှာ ခရီးသည်တင်မော်တော်ယာဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**



# မျိုးသန့်စပါးအစို တင်း ၁၀၀ လျှင် ငွေကျပ်ရှစ်သိန်းအထိ ဈေးအမြင့်ဆုံးရရှိ

**ကန်ကြီးထောင့် နိုဝင်ဘာ ၁၇**
မျိုးသန့်စပါးများဖြစ်သည့် ဆင်းသုခ၊ ပခန်း၊ သီးရင်၊ မှော်ဘီ အစရှိသည့် စပါးအစို တင်း ၁၀၀ လျှင် ငွေကျပ် ရှစ်သိန်းအထိဈေးအမြင့်ဆုံးရရှိကြောင်း ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာရှိ မျိုးသန့်စပါးများ စိုက်ပျိုးသည့်တောင်သူများက ပြောကြားသည်။

ကွင်းယားကြီးကျေးရွာတွင် မျိုးသန့်စိုက်ပျိုးသော စံပြလယ်ဧက ၁၀၀ ရှိပြီး ဆင်းသုခ၊ ပခန်း၊ သီးထပ်ရင်၊ မှော်ဘီ အစရှိသည့် မျိုးသန့်စပါးများကို စိုက်ပျိုးကြောင်းသိရကာ မျိုးသန့်စပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် တစ်ဧကကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျမှုရှိကြောင်း၊ တစ်ဧကအထွက်နှုန်းမှာ စပါးအစို တင်း ၁၀၀ အထိထွက်ရှိကြောင်း၊ မိုးစပါးရိတ်သိမ်းရာသီတွင် ဆင်းသုခမျိုးသန့်စပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ် ရှစ်သိန်းအထိ ဈေးအမြင့်ဆုံးရကြောင်း တောင်သူဦးစိုးအောင်က ပြောသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယမန်နေ့က ဆေးထိုးစုရပ် ခုနစ်နေရာခွဲ၍ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအဖွဲ့ဝင်များ ပူးပေါင်းပြီး ဆေးထိုးစုရပ်များဖြစ်သည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ရွှေ အခြေခံပညာ အထက်တန်းကျောင်း၊ ဟံမြင့်မိုရ် အခြေခံပညာ အထက်တန်းကျောင်း၊ သံရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ကုန်းကြီး အခြေခံပညာ အထက်တန်းကျောင်း၊ ရဲရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ဖျောက်ဆိပ်ပင် မူလတန်းလွန်ကျောင်းများတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အသက်၁၂ နှစ်နှင့်အထက် အထက်တန်း ကျောင်းသား ကျောင်းသူ ၁၉၄၂ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၇၇၃၂ ဦး စုစုပေါင်း ၉၆၇၄ ဦး ရှိကြောင်း၊ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် အထက်တန်း တက်ရောက်သူ၇၅၁ဦးနှင့် အလယ်တန်း တက်ရောက်နေသူ ၂၂၅၃ ဦး စုစုပေါင်း ၃၀၀၄ ဦး ထိုးနှံပေးခဲ့ကြောင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသည့် ကျောင်းသားကျောင်းသူများကိုဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**





# ကျိုက်မရော၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ

**ကျိုက်မရော နိုဝင်ဘာ ၁၇**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်၌ ပညာသင်ယူလျက်ရှိသော ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အထက(ကျိုက်မရော)ကျောင်းခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာ စုရပ်များ၌ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင်ကူညီကာ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးတစ်လုံးလျှင် ကျောင်းသား ကျောင်းသူနှစ်ဦးနှုန်းဖြင့် ကိုဗစ် -၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးလျက်ရှိပြီး ကျန်ရှိနေသေးသည့် ကျောင်းသား ကျောင်းသူများကိုလည်း စုရပ်နေရာအသီးသီးတွင် သတ်မှတ်ရက်များအလိုက် ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာသို့ ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ဆေးထိုးစုရပ်များသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# နောင်ချိုမြို့နယ်၌ မသန်စွမ်းသူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေး

**နောင်ချို နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် စိန့်အလွိုက်ရှက်(စ်) မသန်စွမ်းမိဘမဲ့ဂေဟာ၌ အသက်(၁၈) နှစ်ပြည့်ပြီးသူ မသန်စွမ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကာကွယ်ဆေး (ပထမအကြိမ်)ကို အသက်(၁၈) နှစ်ပြည့်ပြီး မသန်စွမ်းသူများအား ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ယခုထိုးနှံပေးသော ကာကွယ်ဆေးမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ထုတ်လုပ်သော Sinopharm အမျိုးအစားဖြစ်ပြီး ဆေးတစ်လုံးလျှင် လူငါးဦးနှုန်းဖြင့် မသန်စွမ်းသူ ၂၈ ဦးကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ မသန်စွမ်းသူများအား ကိုယ်အပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးမှသာ ကျန်းမာရေး လမ်းညွှန်ချက်များနှင့် အညီ ကာကွယ်ဆေးကို စနစ်တကျ ထိုးနှံပေးခြင်း၊ ထိုးနှံပြီးသည့်သူများကို မိနစ် ၃၀ ခန့်အနားယူစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီထံမှ သိရသည်။

**ထွေးငယ် (ပြန်/ဆက်)**

# သံတွဲမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေး

**သံတွဲ နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ အသက် ၁၂ နှစ်နှင့်အထက် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား



ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ယမန်နေ့က သတ်မှတ်ကျောင်းသားဦးရေအလိုက် သက်ဆိုင်ရာ ဆေးထိုးစုရပ်စင်တာ ၁၁ ခုတွင် ဒုတိယကြိမ် ဒုတိယရက်အဖြစ် ထိုးနှံပေးလျက်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**လာရောက်ထိုးနှံ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို သံတွဲမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင် စုစုပေါင်း ၂၇ ကျောင်းမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၇၂ ဦး လာရောက် ထိုးနှံကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကံမမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံ

**ကံမ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက်ရှိသော ကျောင်းသားကျောင်းသူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို တတိယနေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**စုရပ် ၁၅ နေရာ**

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကံမမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း အထက်တန်း၊ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးသည့် စုရပ်နေရာများမှာ ကံမမြို့ သာသနာ့ဗိမာန်၊ ရေနံ့သာ အထက ၊ စစ္စရံ အထက၊ ကျောက်စောင်း အထက၊ ကြို့ပင် အထက နှင့် အင်းဘဲ အထက အစရှိသည့် စုရပ် ၁၅ နေရာတွင် ကာကွယ်ဆေးထိုးနှံအဖွဲ့ခြောက်ဖွဲ့ဖြင့် အခြေခံပညာကျောင်း ၃၂ ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

■

# လှပမြိုင်ဆိုင် လတန်ဆောင်တိုင်


ယဉ်ကျေးဆု

"တန်ဆောင်ငယ်မာသ
ဆယ့်နှစ်လတွင် ချမ်းမြအေးရင်
ဖြိုးစွာခွင်သို့ ရက်ဝင်ပြောင်းခွာ
ခဝဲညှာလည်း ခိုင်လွှာဝတ်မှုန်
ရနံ့သာထုံတော့တယ်
ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ
လှူကထိန်သဘင်ခင်းလို့
ကျင်းပတယ်လေး"

မဟာအတုလမင်းကြီး၏ တန်ဆောင်မုန်းလဖွဲ့ ဖြစ်သည်။ တန်ဆောင်မုန်းလတွင် မြတ်စွာဘုရားရှင်သည် သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ ဤကာလတွင် ကထိန်ခင်းခြင်း၊ မသိုးသင်္ကန်းရက်လုပ်၍ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်း၍ ဆက်ကပ်လှူဒါန်းခြင်း၊ ကြာသင်္ကန်းကပ်လှူခြင်း၊ ပွဲသကူပစ်ခြင်းတို့ကိုပြုလုပ်ကြသည်။ နက္ခတ်စုံသော လပြည့်နေ့ညတွင် ဆီမီးရောင်စုံများထွန်းညှိကြသည်။ ဆေးပေါင်းခသည့်ညဟုလည်း ယုံကြည်ကြသည်။ တန်ဆောင်မုန်းလသည် **"ဆီးနှင်း တစ်ပြိုက်၊ မိုးတစ်လိုက်"** ဟူသည့် ဆိုရိုးစကားနှင့်အညီ မိုးနှင့်ဆောင်းရာသီနှစ်မျိုးလုံးကို ရောပြွမ်းခံစားနိုင်သည့်လဖြစ်သည်။ ရှေးက စာဆိုတစ်ဦးဖွဲ့ဆိုခဲ့သည့် **"ခဝဲပွင့်စ၊ တန်ဆောင်လ၊ ဖြိုးစွာကြတ္တိ ကာ"** ဟူသည်နှင့်အညီ တန်ဆောင်မုန်းလတွင် ရာသီမှာ ဖြိုးစွာ၊ နက္ခတ်မှာ ကြတ္တိကာ၊ တာရာမှာ ကျီ၊ ရာသီရုပ်မှာ ကင်းမြီးကောက်၊ ပွင့်သည့်ပန်းမှာ ခဝဲပန်း၊ ရာသီပွဲတော်မှာ ကထိန်ပွဲနှင့် မီးထွန်းပွဲတော်တို့ ဖြစ်သည်။

## သာမညဖလသုတ်

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သမားတော်ကြီးဇီဝက၏ ချဉ်းကပ်အကူအညီတောင်းခံမှုအရ ဖခင်အားသတ်မိပြီးကာမှ သောကပရိဒေဝတောက်လောင်ခံနေရသည့် အဇာတသတ်မင်းကြီးအား တန်ဆောင်မုန်းလပြည့်ည၌ သာမညဖလသုတ်တော်ကို ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်ညသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက အဇာတသတ်မင်းကြီးတွင် ဖုံးလွှမ်းနေသည့် အမိုက်မှောင်အား သာမညဖလသုတ်တော် ရေစင်အေးဖြင့် ဆေးကြောသုတ်သင်ပေးသည့် နေ့ထူးနေ့မြတ်တစ်ခုပင်ဖြစ်သည်။ အဇာတသတ်မင်းကြီးသည် သာမညဖလသုတ်တော်ကို ရိုသေစွာနာကြားခဲ့ရပြီး သရဏဂုံဆောက်တည်ရာ ဥပါသကာအဖြစ် ခံယူ



လိုက်နိုင်သဖြင့် အဝီစိငရဲသို့ ကျရောက်ရန်ရှိသော်လည်း လောဟကုမ္ဘီငရဲ၌ အနှစ်သုံးဆယ်သာ ကျခံခဲ့ရသည်ဟု လေ့လာသိရှိရသည်။ တန်ဆောင်မုန်းဟူသည့် ဝေါဟာရအဓိပ္ပာယ်မှာလည်း မီးရှူးမီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေကာ အမိုက်မှောင်တို့ကို မီးရှူးတန်ဆောင်ဖြင့် ဖျက်လွင့်ချေမှုန်းသည်ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း လေ့လာသိရှိရသည်။ ဆီမီးထွန်းညှိပူဇော်ကြသည့် ဓလေ့ကို ရှေးမှယခုတိုင် မြန်မာတို့ပြုလုပ်လျက် ရှိကြသည်။

## ကထိန်သင်္ကန်းကပ်လှူပူဇော်

တန်ဆောင်မုန်းလတွင် အထွတ်အမြတ်ထားရှိ၍ လှူဒါန်းမှုပြုသည့်ပွဲတော်တစ်ခုမှာ ကထိန်သင်္ကန်း ကပ်လှူပူဇော်ကြသည့်ပွဲတော်ပင် ဖြစ်သည်။ အဆိုပါပွဲတော် ဖြစ်ပေါ်လာရခြင်းမှာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ရဟန်းတစ်ပါးလျှင် သင်္ကန်းသုံးထည်ထက် မပိုရဟု သတ်မှတ်ပညတ်ခဲ့သည်။ အခါတစ်ပါး၌ ပါဝေယျတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင် ရဟန်းသုံးကျိပ်တို့အား အကြောင်းပြု၍ ကထိန်ခင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဖူးမြော်နိုင်ရန်အတွက် ကုန်းအတန်တန်၊ ရေအထပ်ထပ်၊ တောင်အသွယ်သွယ်တို့ကို ကျော်ဖြတ်ခရီးနှင်ခဲ့ကြရာ ပါလာသည့်သင်္ကန်းတို့မှာ ပျက်စီးညစ်နွမ်းကြရ၏။ သို့အတွက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရဟန်း၊ သံဃာတို့အား ကထိန်သင်္ကန်း ကပ်လှူခြင်းအမှုကို ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုမှစ၍ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အတွင်း ကထိန်သင်္ကန်းကပ်လှူခြင်းအမှုတို့ ပြုလုပ်ကြ၍ ကုသိုလ်ယူခဲ့ကြသည်။ ကထိန်ခင်းရန် ခွင့်ပြုထားရှိသည့်သင်္ကန်းမှာကား နှစ်ထပ်သင်္ကန်းကြီး၊ ကိုယ်ဝတ်ကေသီနှင့် ခါးဝတ်သင်းပိုင်တို့ ဖြစ်သည်။ ယင်းတို့အနက်မှ တစ်မျိုးပါလျှင် ကထိန်အလှူ မြောက်သည်။ ရှေးမှ ယခုတိုင် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း၊ မသိုးသင်္ကန်း၊ ပွဲသကူသင်္ကန်းနှင့် ကြာသင်္ကန်းတို့ကို ကပ်လှူပူဇော်လေ့ရှိကြသည်။ ကထိန်ဟူသည့် ဝေါဟာရမှာ ကထိနဟူသောပါဠိကို မြန်မာမှုပြုထားခြင်းပင် ဖြစ်သည်။ ကထိန်ခင်းခြင်း အလှူပွဲသည် ခေတ်ကာလ ပြောင်းလဲလာသည်နှင့် အမျှ ယခုအခါတွင် ကထိန်ပွဲကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကျင်းပလာကြသည်။ တတ်နိုင်သူတို့က တစ်ဦးချင်း ပုဂ္ဂလိကကထိန်ပွဲ၊ စုပေါင်းလှူဒါန်းမှုပြုကြလျှင် စုပေါင်းဘုံကထိန်၊ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ ကထိန်မခင်းရသေးကြောင်း တွေ့ရှိသိရသည့် ဘုန်းတော်ကြီးကျောင်းအား လှူဒါန်းခြင်းကို မိုးပေါ်ကျ ကထိန်ဟူ၍ ကျင်းပကြသည်။ မည်သို့ဆိုစေ ကထိန်အလှူသည်ကား အကျိုးတရားများစွာ ရရှိခံစားနိုင်ကြမည်သာ ဖြစ်သည်။

ဤနေရာတွင် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အနည်းငယ်မျှ တင်ပြလိုပါသည်။ မသိုးသင်္ကန်းဟူသည် တစ်ရက်အတွင်း ပြီးစီးစေရန် ရက်လုပ်လှူဒါန်းရသည့် သင်္ကန်းဖြစ်သည်။ မြန်မာတို့သည် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညပိုင်းတွင် မသိုးသင်္ကန်းကို စတင်ရက်လုပ်ကြ၍ လပြည့်နေ့အရုဏ်မတက်မီ အပြီးချုပ်ကာ ဆက်ကပ်လှူဒါန်းမှု ပြုကြသည်။ ရွှေတိဂုံရင်ပြင်ပေါ်၌ ကျင်းပပြုလုပ်သည့် မသိုးသင်္ကန်းရက်ပွဲမှာ အထင်ကရပင် ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ညသည် နက္ခတ်တာရာများစုံသည့်ည ဖြစ်သည်။ ဆေးပေါင်းခသည်ဟု ယုံကြည်ကြသည်။ တန်ဆောင်မုန်းလပြည့်ညတွင် မဲဇလီပင်၏အရွက်၊ အသီး၊ အပွင့်တို့ ဆေးအဖြစ် စားသုံးကြသည်။ လှူဒါန်းကုသိုလ်ယူကြသည်။ တန်ဆောင်မုန်းလပြည့်ညသည် စောရနက္ခတ်ထွန်းလင်းချိန်ကို အစွဲပြု၍ လူငယ်များက ကျီးမနိုးပွဲကို အပျော်သဘောဖြင့် ဆောင်ရွက်ကြသည်။ ကျီးမနိုးပွဲဆိုသည်မှာ အိမ်တစ်အိမ်မှပစ္စည်းကို ပိုင်ရှင်မသိအောင်ရယူ၍ နောက်အိမ်တစ်အိမ်သို့ ပြောင်းရွှေ့ဝှက်ထားကြခြင်းပင် ဖြစ်သည်။ ပွဲသကူလှူဒါန်းခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်းများကိုလည်း ဆောင်ရွက်ကြသည်။ မီးပုံးပျံများကို တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်အား ရည်မှန်း၍ လွှတ်တင်ပူဇော်ကြခြင်း ဖြစ်သည်။ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းဟု အဆိုရှိသည့် တန်ဆောင်မုန်းလတွင် တောင်သူဦးကြီးတို့ စိုက်ပျိုးထားရှိသည့် စပါးပင်မှ စပါးစေ့များသည် အဖုံးမပွင့်တပွင့် နို့ရည်ပြည့်သော အဆီအနှစ်ခဲနေကြသဖြင့် စပါးနံ့တို့ အောင်မြင်ဦးခိုက်နေသည့်ရာသီလည်း ဖြစ်သည်။

## အမျိုးသားအောင်ပွဲနေ့

တန်ဆောင်မုန်းလသည် မြန်မာတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏နှလုံးသား၌ အမျိုးသားရေးစိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်နှင့် တိုင်းချစ်ပြည်ချစ်စိတ် နိုးထပေါ်ပေါက်ခဲ့ရသည့်လလည်း ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့သည် မြန်မာတို့၏ အမျိုးသားအောင်ပွဲနေ့ပင် ဖြစ်သည်။ အဆိုပါ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအား အကျဉ်းမျှတင်ပြလိုပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် နယ်ချဲ့အစိုးရက ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်တို့ကို ပေါင်းလျက် တက္ကသိုလ်အဆင့်တိုးမြှင့်ရန် စီစဉ်သည်။ တက္ကသိုလ်အက်ဥပဒေအရ ကျောင်းသားဦးရေကို ကန့်သတ်ထားပြီး ကျောင်းအိပ်ကျောင်းစားများသာ ဖြစ်ရမည်ဟု သတ်မှတ်ထားရှိသည်။ တက္ကသိုလ်ပညာကို ချမ်းသာကြွယ်ဝသူများ၏သားသမီးများသာ တက်ရောက်သင်ကြားနိုင်ပြီး ဆင်းရဲနွမ်းပါးသူများ၏ သားသမီးများ တက်ရောက်သင်ကြားခွင့်မရှိနိုင်စေရန် စီစဉ်မှုပင် ဖြစ်သည်။ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့)တွင် ကျောင်းသား ကျောင်းသူများက တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်၍ သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် မြန်မာတစ်ပြည်လုံးရှိ ကျောင်းများသို့ ကူးစက်ပြန့်ပွားရာ မြို့တိုင်းရှိ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများကိုပါ အမျိုးသားရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေခဲ့သည်။ ဂျီစီဘီအေအသင်းကြီးနှင့် မြို့တိုင်းနယ်တိုင်းမှ အားပေးကူညီမှုတို့ကြောင့် အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်များ ပေါ်ပေါက်လာခဲ့သည်။ ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ ကျင်းပသည့် နဝမအကြိမ်ဂျီစီဘီအေ အစည်းအဝေးကြီး ကျောင်းသားသပိတ်စတင်သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တန်ဆောင်မုန်းလသည် မြန်မာတိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ နှလုံးသား၌ အမျိုးသားရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်များ နိုးကြားတက်ကြွ၍ သူ့ကျွန်ဘဝမှလွတ်မြောက်ရန် အခြေခံခဲ့သည့်လ၊ ဘာသာရေးပွဲ၊ ပျော်ပွဲရွှင်ပွဲများ စုပေါင်းကျင်းပကြသည့်လ၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြသည့်လ၊ နက္ခတ်စုံ၍ ဆေးပေါင်းခသည့်လ၊ သဒ္ဓါအားပြိုင်၊ စေတနာအားပြိုင်၊ ကုသိုလ်မဏ္ဍိုင်တို့ လှိုင်လှိုင်တည်ဆောက်ကြသည့် လဖြစ်သောကြောင့် လှပမြိုင်ဆိုင်လတန်ဆောင်တိုင်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ကထိန်ခင်းရန် ခွင့်ပြုထားရှိသည့်သင်္ကန်းမှာကား နှစ်ထပ်သင်္ကန်းကြီး၊ ကိုယ်ဝတ်ကေသီနှင့် ခါးဝတ်သင်းပိုင်တို့ ဖြစ်သည်။ ယင်းတို့အနက်မှ တစ်မျိုးပါလျှင် ကထိန်အလှူ မြောက်သည်။ ရှေးမှ ယခုတိုင် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်း၊ မသိုးသင်္ကန်း၊ ပွဲသကူသင်္ကန်းနှင့် ကြာသင်္ကန်းတို့ကို ကပ်လှူပူဇော်လေ့ရှိ

❖ ကထိန်ခင်းခြင်းအလှူပွဲသည် ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ ယခုအခါတွင် ကထိန်ပွဲကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကျင်းပလာကြသည်။ တတ်နိုင်သူတို့က တစ်ဦးချင်း ပုဂ္ဂလိကကထိန်ပွဲ၊ စုပေါင်းလှူဒါန်းမှုပြုကြလျှင် စုပေါင်းဘုံကထိန်၊ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ ကထိန်မခင်းရသေးကြောင်း တွေ့ရှိသိရသည့် ဘုန်းတော်ကြီးကျောင်းအား လှူဒါန်းခြင်းကို မိုးပေါ်ကျကထိန်ဟူ၍ ကျင်းပကြ

# ဖိလစ်ပိုင်နိုင်ငံက ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံရန် Sinovac ကာကွယ်ဆေးကို အတည်ပြု

**မနီလာ နိုဝင်ဘာ ၁၇**

ဖိလစ်ပိုင် အစားအစာနှင့် ဆေးဝါးကွပ်ကဲမှုဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုထပ်ဆောင်း ထိုးနှံမှုအစီအစဉ်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac နှင့် အခြားသော ဆေးသုံးမျိုးတို့ကိုသုံးစွဲရန် ယနေ့အတည်ပြုကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ AstraZeneca နှင့် Sputnik Light ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်သည်။ သို့သော် အဆိုပါကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးနောက် ခြောက်လအကြာတွင် မည်သည့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အမျိုးအစားကိုမဆို အပိုထပ်ဆောင်း ထိုးနှံမှုခံယူ နိုင်မည်ဖြစ်သည်။




နိုင်ငံ၏ ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံမှု အစီအစဉ်တွင် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူထားသည့် ကျန်းမာရေးဝန်ထမ်းများသည် နိုဝင်ဘာ ၁၇ ရက်မှစပြီး ကာကွယ်ဆေး အပိုထပ်ဆောင်း ထိုးနှံမှုခံယူနိုင်ပြီဖြစ်သည်။ ထို့ပြင် နာတာရှည်ရောဂါဝေဒနာ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများသည်လည်း ကာကွယ်ဆေးအပိုထပ်ဆောင်း ထိုးနှံမှုခံယူနိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂၅ သန်းနီးပါးကို ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများမှ လက်ခံရရှိပြီး ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင်စတင်ခဲ့ပြီး ကာကွယ်ဆေး အဓိက ထောက်ပံ့ပေးသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၇၁ သန်းနီးပါး ထိုးနှံပေးပြီးဖြစ်သည်။ ပြည်သူ ၃၁ ဒသမ ၈ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီး ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရက ပြည်သူ သန်း ၁၁၀ ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းအား ယခုနှစ်အတွင်း ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးနိုင်ရန် စီစဉ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂ ဒသမ ၈၂ သန်းနီးပါးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၅၈၀၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံမှ လှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်သန်း ကမ္ဘောဒီးယားနိုင်ငံ ထပ်မံလက်ခံရရှိ

**ဖနောင်ပင် နိုဝင်ဘာ ၁၇**

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံမှလှူဒါန်းသည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်သန်းကို နိုဝင်ဘာ ၁၇ ရက်တွင် ထပ်မံလက်ခံရရှိခဲ့ကြောင်း သိရသည်။

**လက်ခံရယူ**

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကမ္ဘောဒီးယားနိုင်ငံ၏ မြို့တော်ဖနောင်ပင်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က လက်ခံရယူခဲ့ခြင်း ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လူဦးရေ ၁၆ သန်းရှိသည့်အနက် လူဦးရေ ၁၄ ဒသမ ၀၈ သန်း သို့မဟုတ် ၈၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၁၃ ဒသမ ၂ သန်း သို့မဟုတ် ၈၂ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးသူ ၂ ဒသမ ၀၇ သန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၃၆၆၂၆ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၁၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၆၂၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၉၁၈၂၅၃၈ ဦး ရှိလာပြီဖြစ်သည်။

နိုဝင်ဘာ ၁၁ ရက်မှစပြီး နေ့စဉ်ကူးစက်မှု အရေအတွက် လျော့နည်းလာကြောင်း သိရသည်။ နေ့စဉ်ကူးစက်မှုအရေအတွက် ၄၀၀၀၀ အောက် လျော့ကျလာသည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂၄၇ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၂၅၉၀၈၄ ဦးရှိပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၆၃၈၈ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၇၇၈၂၈၃၆ ဦးရှိလာကြောင်း သိရသည်။

မော်စကိုမြို့၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၉၆၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၉၀၄၅၂၃ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၆၃ ဒသမ ၁ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်၍ ၅၇ ဒသမ ၉ သန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပဉ္စမလှိုင်းအရှိန်မြင့်တက်လာနိုင်မှုနှင့် ကြုံတွေ့ရနိုင်

**ပါရီ နိုဝင်ဘာ ၁၇**

ပြင်သစ်နိုင်ငံ၌ လာမည့်သီတင်းပတ်များ အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပဉ္စမလှိုင်း အရှိန်မြင့်တက်လာမှုနှင့် တွေ့ကြုံရနိုင်ကြောင်း ပြင်သစ်အစိုးရ ဆေးသိပ္ပံအကြံပေးကောင်စီအကြီးအကဲ ယွန်ဖရန်ကို့စ်ဒီဖရီဆီက ယနေ့တွင် သတိပေးပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပဉ္စမလှိုင်းသည် အောက်တိုဘာလအတွင်းကပင် နိုင်ငံအတွင်း စတင်ဖြစ်ပွားခဲ့ကြောင်း ဖရန့်အင်တာရေဒီယို အသံလွှင့်ဌာနသို့ ၎င်းကပြောကြားသည်။ မိမိတို့သည် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရန်လိုအပ်သူများအား ထိုးနှံပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး ခွင့်ပြုချက် အက်ပလီကေးရှင်းအား အသုံးပြုခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပဉ္စမလှိုင်းသည်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား အခက်အခဲများနှင့် ရင်ဆိုင်ရစေနိုင်မည်ဖြစ်ပြီး ဒီဇင်ဘာလမှစတင်၍ တစ်နေ့လျှင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၀၀ ခန့်ရှိလာနိုင်ကြောင်း ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါကြောင့် အပြင်းအထန် နာမကျန်းဖြစ်မှုကို လျှော့ချနိုင်ပြီး နိုင်ငံအတွင်း လက်ရှိအချိန်တွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား သုံးစွဲရန်အတည်ပြုထားကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇ ဒသမ ၃၁ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် သတ်မှတ်ကာလကို အချိန်လျှော့ချသတ်မှတ်

**ဆိုးလ် နိုဝင်ဘာ ၁၇**

တောင်ကိုရီးယားနိုင်ငံ၌ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် ဒုတိယအကြိမ်နှင့် အပိုဆောင်းထိုးနှံချိန် ကာလအကြား သတ်မှတ်ကာလကို လေးလအထိ အချိန်လျှော့ချသတ်မှတ်လိုက်ကြောင်း သိရသည်။ အဆိုပါညွှန်ကြားချက်အား ယနေ့တွင် တောင်ကိုရီးယားအစိုးရက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့က ဆိုးလ်မြို့တော်၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၃၆ ဦးရှိလာခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၁၈၇ ဦး ရှိလာကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

အစိုးရအနေဖြင့်လူဦးရေ ၁၄ သန်းအား ယခုနှစ်ကုန်၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဘရာဇီးနိုင်ငံရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံး ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူရမည်

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၇**

ဘရာဇီးနိုင်ငံရှိ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူရမည်ဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီး မာဆီလိုကွာရိုဂါက ယမန်နေ့တွင် ပြောသည်။

ငါးလအကြာက ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူထားသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံးကို ကာကွယ်ဆေး အပိုထပ်ဆောင်း ထိုးနှံပေးရန် ကျန်းမာရေးအာဏာပိုင်များက ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

ကနဦး ကာကွယ်ဆေးအပိုထပ်ဆောင်း ထိုးနှံမှုအစီအစဉ်တွင် အသက် ၆၀ နှင့်အထက် ပြည်သူများ၊ နာတာရှည်ရောဂါ ခံစားနေရသူများနှင့် ကျန်းမာရေးဝန်ထမ်းများကိုသာ ကာကွယ်ဆေး အပိုထပ်ဆောင်း ထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် လက်ရှိတွင် ကျန်းမာရေးအာဏာပိုင်များက ပြည်သူ ၁၂ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေး အပိုထပ်ဆောင်း ထိုးနှံပေးရန် စီစဉ်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိအချိန်အထိ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၉၆၅၆၈၄ ဦးရှိပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၁၁၄၇၈ ဦး ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁၀၁ ဦးရှိ

**အန်ကာရာ နိုဝင်ဘာ ၁၇**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၁၀၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၅၇၁၁၉ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၇ ဦး ထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၃၉၇၃ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၇၄၄၇ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေး အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၅ ဒသမ ၉ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၄၉ ဒသမ ၇၇ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ပေါင်း ၁၁၈ ဒသမ ၇၂ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သောက်ဆေး molnupiravir ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရောင်းချရန် အတည်ပြု

**ဒါကာ နိုဝင်ဘာ ၁၇**

ဘင်္ဂလားဒေ့ရှ်ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သောက်ဆေးအမျိုးအစားဖြစ်သည့် molnupiravir ကို နိုင်ငံအတွင်း ဖြန့်ချိရောင်းချရန် ယမန်နေ့က အတည်ပြုကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး molnupiravir ကို အမေရိကန်ဆေးဝါးကုမ္ပဏီများဖြစ်သည့် Merck နှင့် Ridgeback Biotherapeutics တို့က ပူးပေါင်းဖော်စပ်ထားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်သည့် အဆိုပါသောက်ဆေးကို နိုင်ငံအတွင်း ဖြန့်ချိရောင်းချရန် ဆေးဝါးကုမ္ပဏီရှစ်ခုကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

Molnupiravir ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးမှုနှုန်းနှင့် ရောဂါ ပြင်းထန်စွာခံစားရမှုနှုန်းများကို ထက်ဝက်ခန့် လျှော့ချပေးကြောင်း ၎င်းက ဆိုသည်။

အဆိုပါဆေးနှစ်လုံးလျှင်အမေရိကန်တစ်ဒေါ်လာမျှသာ ကုန်ကျမည်ဖြစ်ပြီး အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများသာ သောက်သုံးရန် ညွှန်ကြားထားသည်။ ကိုဗစ်လူနာများသည် တစ်ရက်လျှင် ဆေးရှစ်လုံးခန့် ငါးရက်သောက်သုံးရန်လိုအပ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**






# မလေးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးရာတွင် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန် အတည်ပြု

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၇**

မလေးရှားကျန်းမာရေးတာဝန်ရှိသူများသည် နိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်း ထိုးနှံပေးရာတွင် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အသုံးပြုရန် အတည်ပြုခဲ့ကြောင်း ယနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီး သုံးလမှ ခြောက်လအထိ ကြာမြင့်ခဲ့ပြီးသူများအား Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တတိယအကြိမ် အပိုဆောင်းထိုးနှံပေးမည်ဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ် အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ၌ နိုဝင်ဘာ ၁၆ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၂၁၂၃၂ လုံး အသုံးပြုခဲ့ပြီး လက်ရှိတွင် နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၆ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်သောင်းနီးပါးရှိ

**ပါရီ နိုဝင်ဘာ ၁၇**

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၇၇၈ ဦးရှိခြင်းကြောင့် ယင်းအရေအတွက်သည် ဩဂုတ် ၂၅ ရက်နောက်ပိုင်း တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၃၁၀၆၆၄ ဦးရှိသွားပြီဖြစ်ကြောင်းလည်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၁၈၂၇၁ ဦး ရှိလာကြောင်းလည်း သိရသည်။

ပြင်သစ်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ခဲ့ပြီး အသက် ၆၅ နှစ်အထက် အသက်အရွယ်ရှိသူများအား စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ နိုဝင်ဘာ ၁၅ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူစုစုပေါင်း ၅၁၅၅၅၀၁၇ ဦးရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






# တရုတ်နိုင်ငံ၌ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲမတိုင်မီ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ တင်းကျပ်

**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နိုင်ငံ၌ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲမကျင်းပမီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တင်းကျပ်စွာ ချမှတ်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပထမဆုံးအကြိမ် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၁၇ ရက်မှစပြီး ပေကျင်းမြို့တော်သို့ ဝင်ရောက်မည့် ခရီးသွားများသည် မဝင်ရောက်မီ ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိကြောင်း သက်သေခံလက်မှတ်ပြသရမည်ဖြစ်ကြောင်း ပေကျင်းမြို့အာဏာပိုင်များက ဆိုသည်။

ထို့ပြင် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု မြင့်တက်လျက်ရှိသည့် ဒေသများမှ ခရီးသွားများကိုလည်း မြို့တော် ပေကျင်းသို့ ဝင်ရောက်သည့်အခါ ရောဂါကာကွယ်ရေးစည်းမျဉ်းများ တင်းကျပ်စွာ ချမှတ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကင်းစင်ပပျောက်စေရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့သော် အောက်တိုဘာလအလယ်ပိုင်းမှစပြီး ရောဂါကူးစက်မှုများ အနည်းငယ်မြင့်တက်လျက်ရှိသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀ ကျော်အား စစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းတို့အနက် အများစုမှာ နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ ဒါလီယန်မြို့မှ ဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၄၆ သန်းကျော် ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၉၇ ဦးရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၄၄၆၆၅၉၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၁ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၆၄၁၅၃ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၂၈၅၅၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၂၁၃၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၈၇၃၈၉၀ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၂၅၅၂၉၂၂၂ ဦး**

**သေဆုံးသူ**
**၅၁၃၃၉၀၈ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၂၃၀၇၇၉၁၄၆ ဦး**



# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများ ဖြေလျှော့

**ဟိုချီမင်း နိုဝင်ဘာ ၁၇**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများ ဖြေလျှော့ပေးသည့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးစီးသူများအား လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခမ်းအနားများတွင် ပါဝင်တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အဆိုပါမြို့တော်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန် အသက်ကန့်သတ်ချက် မပြည့်သေးသော ကလေးသူငယ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ လိုက်နာစေပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသူ လူကြီးများ၏ အုပ်ထိန်းမှုဖြင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ အခမ်းအနားများတွင် ပါဝင်တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုတက်ရောက်ခွင့်ပြုလိုက်သည့် အခမ်းအနားများနှင့် အများပြည်သူဆိုင်ရာနေရာများ၌ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာပွဲတော်များ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လုပ်ငန်းခွင်များ ပါဝင်ကြောင်း သိရသည်။ ထို့ပြင် ကာရာအိုကေဆိုင်များ၊ ဘားဆိုင်များနှင့် ညကလပ်များအား ဟိုချီမင်းမြို့တော်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးသောဒေသများ၌ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အမရပူရမြို့နယ်၌ ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စွယ်တော်ကားဝင်းရှေ့တွင် ဘိုဘိုဌေး(၃၆)နှစ် မောင်းနှင်သည့် ၁၂ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်အတွင်းမှ ဆပ်ပြာခွက် ၂၂၅၇ ခွက်ဖြင့် ထည့်ထားသော ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၂ ဒသမ ၅၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ဘိုဘိုဌေးအား သိမ်းဆည်းရမိသည့် ဘိမ်းဖြူများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

■

# မြဝတီ၊ မိုင်းဆတ်၊ တာချီလိတ်နှင့် မော်လမြိုင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းတွင် မင်းထွန်းဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု ပါခါးကျေးရွာအနီးရှိ မိုင်းဆတ်-



ညီလှိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

တာချီလိတ်သွား ကားလမ်းတွင် ညီလှိုင် မောင်းနှင်လာသည့် ယာဉ်ကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ကို လည်းကောင်း။

**သိမ်းဆည်းရမိ**

ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိုင်းလှဝန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုင်းနော်ခမ်း မောင်းနှင်ပြီး စိုင်းဖူး လိုက်ပါလာသည့် မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၂၅ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ ဟိုတယ်အနီးတွင် စိုင်းလောင်ခေးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဖက်ခင်းလမ်းရှိ စားသောက်ဆိုင်တွင် ဝေယံမျိုးလွင်၊ စိုင်းစံမိန်းနှင့် မနန်းလောဝ်အွမ်တို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅ ပြား ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၂၀ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သူတစ်ပါးနှင့် အဆင်ပြေမှုရှိ မရှိကို မစဉ်းစားမဆင်ခြင်ဘဲ လုပ်ကိုင်တတ်သော မိလုံးနှင့် မိမိမှာကြားမည့်အကြောင်းအရာကို ထိထိမိမိ မမှာကြားမိသော ကိုကွေးနှင့် မကောက်တို့အကြောင်းကို ရေးဖွဲ့ထားသည့် "ကိုကွေးနှင့် မကောက်" ဇာတ်လမ်း မြန်မာတို့၏ မင်္ဂလာရှိသော အခမ်းအနားများ၌ ပါရှိလေ့ရှိသော မြန်မာ့ဆိုင်းဝိုင်းအကြောင်းကို ဗဟုသုတရဖွယ် ရေးဖွဲ့ထားသည့် "ဆိုင်း" သုတဆောင်းပါး၊ မိဘများအနေဖြင့် ကလေးငယ်များကို ငယ်ရွယ်စဉ်ကပင် စည်းကမ်းတကျ သွန်သင်ဆုံးမထားသင့်ပုံကို တင်ဆက်ထားသည့် "အလိုမလိုက်နဲ့" နှစ်မျက်နှာကာတွန်း၊ ကလေးများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်သင့်ပုံကို ရေးဖွဲ့ထားသည့် "ဆုရတီအောင်- အဆင်သင့်ပဲဟေ့" နှစ်မျက်နှာကာတွန်း၊ အသက်ဘေးမှ လိမ္မာပါးနပ်စွာ ရုန်းထွက်နိုင်ခဲ့သော ယုန်ကလေးနှင့် မိမိဒုက္ခရောက်ရမည်ကို မတွေးမိဘဲ မိုက်မဲစွာပြုမူခဲ့သော ခြင်္သေ့ကြီးတို့အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ပါးနပ်တဲ့ယုန်နဲ့ မိုက်မဲတဲ့ခြင်္သေ့" ပုံပြင်၊ တိရစ္ဆာန်လေးများ၏ သနားချစ်စရာကောင်းပုံကို တင်ဆက်ထားသည့် "တိရစ္ဆာန်ချစ်သူများ" ဝတ္ထု၊ ကလေးများအနေဖြင့် ပဲစားခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းကျိုးများရရှိနိုင်ပုံကို တင်ဆက်ထားသည့် "ရွှေပိုး- ပဲစားကြသူများ" နှစ်မျက်နှာကာတွန်း၊ ကလေးများကို ရွှေသွေး အထူးထုတ်(၂၀၂၂)တွင် ထည့်သွင်းဖော်ပြပေးမည့် ရွှေသွေးတို့လက်ရာ ပန်းချီနှင့် စာစီစာကုံးများ ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ခြင်း၊ countable noun (ရေတွက်လို့ရသည့်နာမ်) နှင့် uncountable noun (ရေတွက်၍မရသည့်




နာမ်) များအကြောင်းကို လေ့ကျင့်ခန်းများနှင့် တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၁-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၃၅ | Soccer View |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၀၅ | မျက်မှောက်ရေးရာ အဖြာဖြာ |
| ၀၇:၂၅ | အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ဟောကြားတော်မူအပ်သော **'သာမညဖလသုတ္တန်'** တရားတော် | ၁၇:၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| | | ၁၈:၀၀ | ပြည်တွင်းသတင်း |
| | | ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| | | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ **'မာယာမျက်နှာဖုံး'** (အပိုင်း-၁၃) |
| ၀၈:၃၅ | သီတဂူဆရာတော်ဘုရားကြီး၏ **'သာမညဖလသုတ္တန်'** တရားတော် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၀၉:၁၅ | နဝင်္ဂဥပေါသထသီလ | | |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၁:၁၅ | **'ဆီစိမ်းဖြိုင်ဖြိုင် လတန်ဆောင်တိုင်'** | ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'မတူညီသောမေတ္တာများ'** (အပိုင်း-၃၀) |
| ၁၂:၃၀ | **'ဘဝမြင့်သွားရခြင်း'** တရားတော် | | |
| ၁၃:၃၀ | MRTV National News | | |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာစာဘာသာရပ်'** | ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း **'မိုဒီဇာ (သီလ)'** |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

### mitv

| | |
|---|---|
| 07:01 | News |
| 07:26 | Welcome to the Southern most part of Myanmar |
| 07:37 | Come Beat Eggs For Fun & Reward |
| 08:01 | Discovering Tribes: Tai Khun (or) Gon: their life and customs (Part 1) |
| 08:18 | Dances of Myanmar: Kayah Traditional Flag Post Festival |
| 08:24 | Magnificent Festival in Tazaungmone |
| 09:01 | Shrinking Footprints |
| 09:27 | Inlay Traditional Lotus Fabric |
| 09:39 | Myanmar Invites You |
| 09:55 | Tazaungdaing Festival |
| 10:00 | Myanmar Traditional Art Bronze Casting |
| 10:06 | A Visit to Inn Ne Village |
| 10:34 | Products of Myanmar - Stone Of The Heavens |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဆီမီးရောင်ဖြာရွှေလသာ(ဇာတ်လမ်း)

**ဝကော်ကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တိမ်ပင်လယ်သို့ခရီးဆန့်ခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရောင်စုံပီးကြာခွက်လေးများ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နွေးထွေးသည့်လုမ်ဘန်းရွာသို့ အလည်တစ်ခေါက်(အပိုင်း-၂)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအမွေ(ရထားဆွဲပွဲ) (အပိုင်း-၁)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
တောင်ပေါ်မြေကပွဲတော်ည

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
လွိုင်မွေမြို့သို့အလည်တစ်ခေါက်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်အမျိုးသားဖက်ရှင်

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ယုန်ကမတိုး ဗိုက်ကတိုး'** |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက်(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

○ **အကြမ်းဖက်အဖွဲ့များမှ**

ထိုကဲ့သို့ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများအား မိမိတစ်ပါတီ ကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက် အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲ ဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ၊ ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့ အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်း စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်။

**၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ သေဆုံးခဲ့သည့် ဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | သေဆုံး စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်း | ၃ | ၂ | ၂ | ၄ | |
| ၂ | ပဲခူး | ၁ | | ၁ | ၁ | |
| ၃ | မကွေး | ၁ | ၁ | ၁ | ၂ | |
| ၄ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၅ | ရန်ကုန် | ၁ | ၁ | | ၁ | |
| စုစုပေါင်း | | ၁၀ | ၇ | ၅ | ၁၂ | |

**၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများကြောင့် ပညာရေးဝန်ထမ်းများ ဒဏ်ရာရရှိခဲ့သည့် ဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆရာ/ဆရာမ | ဝန်ထမ်း | ဒဏ်ရာရ စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | | ၁ | ၁ | |
| ၂ | စစ်ကိုင်း | ၃ | ၃ | | ၃ | |
| ၃ | ပဲခူး | ၁ | ၅ | | ၅ | |
| ၄ | မကွေး | ၁ | ၁ | | ၁ | |
| ၅ | မန္တလေး | ၄ | ၃ | ၁ | ၄ | |
| ၆ | ရောဝတီ | ၁ | ၁ | | ၁ | |
| စုစုပေါင်း | | ၁၁ | ၁၃ | ၂ | ၁၅ | |

အကြမ်းဖက်အဖွဲ့များသည် အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများအား ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှု မရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



ဂန့်ဂေါမြို့နယ်၌ အကြမ်းဖက်သောင်းကျန်းသူများက ပညာရေးဝန်ထမ်းများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးအား တားဆီး၍ သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ပြီး ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့သဖြင့် ငါးဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

**YOUNG MEN'S BUDDHIST ASSOCIATION**
No.75-77,YaeKyaw Street, Pazundaung Township, Yangon
Tel : 018290409, Fax : 018296468 Web : ymba.org.mm, email : info@ymba.org.mm

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး**
**YMBA က အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချကြောင်းကြေညာချက်**

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး( YMBA)သည် ၁၉၀၆ ခုနှစ်က စ၍ " အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာ" လုပ်ငန်းစဉ်များကို လွတ်လပ်ရေးရရှိသည်အထိ ဆောင်ရွက်ခဲ့သော မြန်မာ့လွတ်လပ်ရေးရှေ့ဆောင် သမိုင်းဝင်အသင်းကြီး ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံရေးကို အကြောင်းပြု၍ ရဟန်းသံဃာတော် အရှင်သူမြတ်များ၊ ပညာသင်ကြားပေးနေသော အနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၊ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ် ကျောင်းသား ကျောင်းသူများအား အကြမ်းဖက်အဖွဲ့အစည်းများက နေရာအနှံ့တွင် လုပ်ကြံသတ်ဖြတ်နေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချ ကန့်ကွက်ကြောင်း ကြေညာချက် ထုတ်ပြန်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA**



## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံကြက်ခြေနီအသင်း ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အသင်း ရန်ကုန်ရုံးခွဲ၌ပြုလုပ်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ရာ ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းများ ဖွင့်လှစ်နိုင်သည့် ဆုတစ်ဆု၊ ရှေးဦးပြုစုခြင်း စီမံချက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ဆုတစ်ဆု၊ ရှေးဦးပြုစုခြင်း စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် မြို့နယ်နှစ်မြို့နယ်၊ ရှေးဦးပြုစုခြင်း သင်တန်းများ အကြိမ်ရေအများဆုံး ဖွင့်လှစ်နိုင်သည့် မြို့နယ်သုံးမြို့နယ်နှင့် ရှေးဦးပြုစုခြင်းဖြင့် ကူညီဆောင်ရွက်ပေးနိုင်သည့် ကြက်ခြေနီစေတနာ လုပ်အားရှင် ၂၂ ဦးတို့အား ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ရှေးဦးပြုစုခြင်းဆိုင်ရာ လူငယ်စာစီစာကုံးပြိုင်ပွဲ(မြန်မာ၊ အင်္ဂလိပ်)၊ ဥာဏ်စမ်းပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်များမှ လူငယ်ကြက်ခြေနီစေတနာလုပ်အားရှင် ၁၈ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ အချိန်ပြည့်အလုပ်အမှုဆောင် ဒေါက်တာတင်ညွန့်၊ တိုင်းဒေသကြီး/ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ဒုတိယအထွေထွေအတွင်းရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များ၊ တပ်ဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ တက်ရောက်ခဲ့ကြသည်။


အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက Onlineဖြင့် တက်ရောက်ခဲ့ပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ် စက်တင်ဘာလ ဒုတိယရက်သတ္တပတ်၏ စနေနေ့တွင် ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရှေးဦးပြုစုခြင်း သင်တန်းများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ကြက်ခြေနီစေတနာလုပ်အားရှင်များကလည်း ရှေးဦးပြုစုခြင်းဖြင့် အကူအညီလိုသူများကို ပိုမိုထိရောက်စွာ ကူညီနိုင်ရန် စနစ်တကျ လေ့ကျင့်သင်ယူလျက်ရှိပြီး အကူအညီပေးလျက်ရှိသည်။

ရှေးဦးပြုစုခြင်းနှင့်အတူ အရေးပေါ်ဆေးကုသမှုခံယူရန် လိုအပ်သူများကိုလည်း ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိရာ အကူအညီလိုအပ်ပါက ဒေသအသီးသီးရှိ နီးစပ်ရာမြို့နယ်ကြက်ခြေနီအသင်းခွဲများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏ စေခိုင်းချက်အရ သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် ဟားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းဆောင်ရွက်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




**❂ ကျောဖုံးမှ**

ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ လုပ်ဆောင်နေသည့် အဓိကတရားခံဖြစ်သော **မြတ်သူ(ခ)နတ်ဆိုး** (၃၂)နှစ်နှင့်အတူ **ဇင်ကိုလင်း** (၂၅)နှစ်၊ **မြသန္တာခိုင်** (၂၅)နှစ်၊ **လဲ့ရည်ဖြိုး**(၂၉)နှစ်၊ **အောင်စည်သူခန့်** (၂၁)နှစ်တို့ ငါးဦးကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြတ်သူ(ခ)နတ်ဆိုး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် စံပယ်ဖြူကွန်ဒိုအား ဝင်ရောက်ရှာဖွေခဲ့ရာ **တေဇာနေလင်း** (၂၀)နှစ်၊ **မင်းသွေးမြင့်** (၂၄)နှစ်၊ **စည်သူဟိန်း** (၂၈)နှစ်၊ **အောင်မင်းခန့်** (၁၉)နှစ်၊ **မင်းမောင်** (၃၁)နှစ်၊ **ဝေယံဦး** (၂၆)နှစ်တို့ ခြောက်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်စည်သူခန့်** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၁) ရပ်ကွက် ရန်အောင်လမ်းနေ **စိုးသူ**(၃၆) နှစ်ကိုလည်းကောင်း၊ တရားခံ **စိုးသူ** ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန်(၁)ရှိ Htun Brother သံထည်ဆောက်လုပ်ရေးဝင်းအတွင်းမှ M-4 သေနတ် သုံးလက်၊ M-4 ကျည်အိမ် လေးခု၊ M-16 ကျည်အိမ် နှစ်ခု၊ MK-12 သေနတ် တစ်လက်၊ MK-12 ကျည်အိမ် နှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၁၄၄ တောင့်၊ ၁၂ ဗို့ ကျည် ၄၀ တောင့်တို့ သိမ်းဆည်းရမိခဲ့ပြီး သင်္ဃန်းကျွန်းမြို့နယ် Rock Star စားသောက်ဆိုင်၌ **ဇင်သူလင်း**(၂၅)နှစ်၊ **ဆွေလင်းအောင်** (၂၉)နှစ်နှင့် **အောင်ဖြိုးပိုင်** (၂၂) နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဆွေလင်းအောင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သရက်တောလမ်း စည်ပင်ရုံးအနီးတွင် **ဇင်မင်းထွန်း** (ခ)**ဒိုလေး**(၂၆)နှစ်၊ **စံသိန်း** (၃၁)နှစ်တို့ကို MK-12 တစ်လက်၊ MK-12 ကျည်အိမ် နှစ်ခု၊ AK-47 နှစ်လက်၊ AK-47 ကျည်အိမ် လေးခု၊ M-16 တစ်လက်၊ M-16 ကျည်အိမ် နှစ်ခု၊ ၁၂ ဗို့ကျည် ၁၅ တောင့်၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၃၀၊ ၇ ဒသမ ၆၂ ကျည်တောင့် ၁၁၀ တို့ဖြင့် လည်းကောင်း၊ လှိုင်မြို့နယ် ကန်လမ်း လှိုင်မြင့်မိုရ်အိမ်ရာ တိုက်(၁၀) သုံးလွှာမှ **ရန်မျိုးအောင်**၊ **ရန်နိုင်ထွန်း**၊ **အောင်နိုင်ဦး** (ခ) **အိုစမာ**တို့ သုံးဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်ဖြိုးပိုင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၅ ရက်တွင် ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အမှတ် (၆၁/အေ) ခြောက်လွှာရှိ နေအိမ်မှ **ရဲရင့်အောင်** (၂၄)နှစ်နှင့် **ကျော်ဇောလင်း** (၂၀)နှစ်တို့ကိုလည်းကောင်း၊ **ဇင်မင်းထွန်း** (ခ) **ဒိုလေး** ၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ ရပ်ကွက် ဥသျှဖရားလမ်း အမှတ်(မရှိ) နေအိမ်မှ **ကျော်သူအောင်**(၂၈)နှစ်၊ **အိကေခိုင်**(၂၈)နှစ်တို့ကို Sigsauer ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမ ကျည် ၂၄ တောင့်၊ လက်လုပ်ဗုံး လေးလုံး၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **ဆွေလင်းအောင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၄)လမ်း အမှတ်(၃၂၄)မှ **အောင်မြင့်သိန်း** (၃၂)နှစ်၊ **ခိုင်ဇင်သော်**(၃၁)နှစ်တို့ကို လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သစ်ရာပင်လမ်းတွင် Area-5 အဖွဲ့ခွဲခေါင်းဆောင် **အောင်ကိုဦး**(ခ) **ခေါင်းကြီး** (၂၈)နှစ်နှင့် **မျိုးမင်းခိုင်** (၂၇) နှစ်တို့ကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ကျော်သူလမ်း တိုက်အမှတ်(၈၀၃) သုံးလွှာရှိ **ထိန်လင်း**(၃၂)နှစ်၊ **ဝင်းအေး** (၂၇)နှစ်၊ **ဟိန်းထက်အောင်**(၂၀)နှစ်၊ **စောဘယ်လ်ဇင်ထူး** (၂၁)နှစ်၊ **အောင်အောင်** (၂၄)နှစ်၊ **အောင်ပိုင်ဖြိုး**(၂၆)နှစ်တို့ကို Sigsauer ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ၂၃ တောင့်တို့နှင့်လည်းကောင်း၊ **ဝေယံဦး**၏ ထွက်ဆိုချက်အရ သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် စံပယ်ဖြူကွန်ဒိုတွင် **မိုးစည်သူ**(ခ)**မောင်မိုး** (၂၄)နှစ်ကို လည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **အောင်ကိုဦး(ခ)ခေါင်းကြီး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် (၃)ရန်ပြေရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ်(၂၀) နေအိမ်အား ဝင်ရောက်ရှာဖွေရာ M-16 နှစ်လက်၊ M-16 ကျည်အိမ် လေးခု၊ ၅ ဒသမ ၅၆ ကျည် ၉၉ တောင့်၊ AK-47 နှစ်လက်၊ AK-47 ကျည်အိမ် လေးခု၊ ၇ ဒသမ ၆၂ ကျည် ၁၁၅ တောင့်၊ လက်လုပ်ဗုံး နှစ်လုံး တို့ကိုလည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် သမိန်ဗရမ်းလမ်း အမှတ်(၂၉၁၊ က/ခ) လေးလွှာ၊ နှင်းဆီအခန်းအား ဝင်ရောက်ရှာဖွေရာ **သီဟကျော်**(၂၃)နှစ်၊ **အောင်ကိုလင်း** (၂၄) နှစ်၊ **အောင်ကျော်ကျော်**(၂၁)နှစ်တို့ သုံးဦးကို M-16 နှစ်လက်၊ M-16 ကျည်အိမ် လေးခု၊ MK-12 နှစ်လက်၊ MK-12 ကျည်အိမ် လေးခု၊ Sigsauer ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည်တောင့် ၁၃၀၊ ၁၂ ဗို့ကျည် ၂၈ တောင့်၊ ၉မမ ကျည် ခုနစ်တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံ **စေစိ**မှာ အမှတ် (၂၉၁၊ က/ခ) ငါးလွှာမှ ခုန်ချထွက်ပြေးစဉ် သေဆုံးခဲ့သဖြင့် အသေဖမ်းဆီးရမိခဲ့သည်။


တရားခံ **ဆွေလင်းအောင်**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၆ ရက်တွင် ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာအနီးတွင် **အံ့ကမ္ဘာ** (၂၁)နှစ်၊ **အားမာန်စိုး**(၃၂)နှစ်၊ **ခင်စပယ်အောင်**(၁၉) နှစ်၊ **သီတာအေးစုအောင်** (၂၃)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၇ သို့ ❂**


ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ Htun Brother သံထည်ဆောက်လုပ်ရေးဝင်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သရက်တောလမ်း စည်ပင်ရုံးအနီးမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG နှင့် NLD ပါတီဝင် ဖြိုးဇေယျာသော်တို့၏ စေခိုင်းချက်အရ သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်သူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




❂ စာမျက်နှာ ၁၆ မှ

တရားခံ **အောင်ကိုဦး(ခ)ခေါင်းကြီး**၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၇ ရက်တွင် မရမ်းကုန်းမြို့နယ် အလယ်ဗဟိုလမ်း Apolo Hotel အနီးတွင် ရဲလင်းဦး(ခ) နဘီး(၂၆)နှစ်နှင့် ကေသွယ်ဖြိုး(၂၃)နှစ်တို့ကို MK-12 နှစ်လက်၊ ကာဘိုင် တစ်လက်၊ လက်လုပ်ပစ္စတို သုံးလက်၊ ၅.၅၆ ကျည် ၂၅ တောင့်၊ ၁၂ ဗို့ကျည် တောင့် ၅၀၊ ၉ မမ ကျည် ၄၅ တောင့်၊ လက်လုပ်မိုင်း လေးလုံး၊ ရီမုတ်မိုင်း လေးလုံး တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဆွေလင်းအောင်၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၇ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် ဆရာစံလမ်း City Mart အနီးတွင် အောင်ဘုန်းကျော်(ခ) O2 (၂၃)နှစ်အား M-79 ဗုံးပစ်လောင်ချာ တစ်လက်၊ M-79 ဗုံးသီး ငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဗဟန်းမြို့နယ် ယူနိုက်တက်ကွန်ဒိုမှ M-16 ခြောက်လက်၊ M-16 ကျည်အိမ် ၂၅ ခု၊ MK-12 တစ်လက်၊ MK-12 ကျည်အိမ် အတို/အရှည် ခြောက်ခု၊ AK-47 တစ်လက်၊ AK-47 ကျည်အိမ် နှစ်ခု၊ မှန်ပြောင်း တစ်ခု၊ ၄၀ မမဗုံးသီး ၁၂ လုံး၊ ၁၂ ဗို့ကျည်တောင့် ၅၀၊ ရှေ့ထွက်မိုင်း လေးလုံး၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် ၃၅ တောင့်၊ ၇.၆၂ ကျည်တောင့် ၅၀၊ ၅.၅၆ ကျည် ၁၀၈၅ တောင့်၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ခုနစ်ထုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။



သင်္ဃန်းကျွန်းမြို့နယ် (၃)ရန်ပြေရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ် (၂၀) နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသော ဖမ်းဆီးရန်ကျန် သန်လျင်မြို့နယ် NLD ပါတီဝင် တရားခံ **ဝင်းကို(ခ) စံရှား**မှ Special Operation Force-SOF အကြမ်းဖက်အဖွဲ့အား Area-1 မှ Area-7 အထိ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့ဝင်များအား NUG မှ တရားခံပြေး **လွင်ကိုလတ်**၏ စေခိုင်းချက်အရ KNLA မှ ရင်းမှူးအဆင့်ရှိ ရန်နိုင်သည် KNLA တပ်မဟာ (၆)နယ်မြေအတွင်း လက်နက်ငယ်သင်ခန်းစာများ၊ ဒရုန်းများတွင် ဗုံးတပ်ဆင်၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေး သင်ခန်းစာများ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းတက်ရောက်စဉ် **လွင်ကိုလတ်**နှင့် **ရန်နိုင်**တို့က လာရောက်ကြည့်ရှု၍ သင်တန်းဆင်းပါက ရန်ကုန်မြို့အတွင်း နယ်မြေအလိုက် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ပါက **ဖြိုးဇေယျာသော်(ခ)မောင်ကျော်**နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် လိုအပ်သောငွေကြေး၊ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများအား ထောက်ပံ့ပေးမည်ဟု ပြောကြားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများမှ ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်ခဲ့မှုအနေဖြင့်-

- Area-3 အဖွဲ့မှ တရားခံ **ထက်မိုးလွင်**သည် စက်တင်ဘာ ၅ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **လင်းရောင်**နှင့်အတူ သာကေတမြို့နယ် (၅) ရပ်ကွက်ရှိ အမှတ်(၁) ရဲစခန်းအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- Area -1 အဖွဲ့မှ တရားခံ **ဇင်မင်းထွန်း**သည် စက်တင်ဘာ ၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ဗိုလ်မှူး ဗထူးတံတားထိပ်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား တိုက်ခိုက်ရန်အတွက် **ဝင်းကို(ခ) စံရှား**ထံ တင်ပြခဲ့ရာ ၎င်းက အသုံးပြုမည့် လက်နက်များအား ဆွေလင်းအောင်ထံမှ ရယူရန် ချိတ်ဆက် ပေးခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဇင်မင်းထွန်းသည် ဖမ်းဆီးရန် ကျန် တရားခံ **ဟိန်းမင်းစိုး**နှင့် **ရှိုင်းထက်အောင်**တို့ကို ပစ်ခတ်သူများ အဖြစ်လည်းကောင်း၊ **စည်သူ**အား ယာဉ်မောင်းအဖြစ် လည်းကောင်း၊ ဖမ်းဆီးရန်ကျန် တရားခံ **အောင်ထွန်း**၊ **စစ်နိုင်**၊ **နိုဗယ်ဦး**၊ **ဒေါင်းမာန်ချီ**၊ **အောင်လေး**၊ **အိကေခိုင်**၊ **မြတ်သူ**တို့အား စောင့်ကြည့်သတင်းပို့ ပြုလုပ်သူများအဖြစ် လည်းကောင်း၊ **ဇင်မင်းထွန်း**သည် လက်နက်သိမ်းဆည်းရေးအဖြစ် လည်းကောင်း အဖွဲ့ဝင် ၁၁ ဦးဖြင့် မြောက်ဥက္ကလာပမြို့နယ် တံတားပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။

**စာမျက်နှာ ၁၈ သို့** ❂

## မှုခင်း

✪ စာမျက်နှာ ၁၇ မှ

- Area-3 အဖွဲ့မှ အောင်ပိုင်ဖြိုးသည် အောက်တိုဘာ ၂၁ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **လင်းရောင်၊ သော်က၊ စောဘယ်လ်ဇင်ထူး**တို့နှင့်အတူ ဗားကရာ လုံခြုံရေး အဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် ဆွေးနွေးခဲ့ကြောင်း၊ အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လုံခြုံရေး အဖွဲ့ဝင်များအား တိုက်ခိုက်နိုင်ရေး ထက်မိုးလွင်၊ ဟိန်းထက်အောင်၊ စည်သူဟိန်းတို့ဖြင့် စောင့်ကြည့် သတင်းပို့စေခဲ့ကြောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် **စောဘယ်လ်ဇင်ထူး**က ယာဉ်မောင်းအဖြစ်လည်းကောင်း၊ **သော်က**နှင့် **လင်းရောင်**တို့က ပစ်ခတ်သူများ အဖြစ်လည်းကောင်း၊ **အောင်ပိုင်ဖြိုး**က မှတ်တမ်းတင်အဖြစ် လည်းကောင်း လိုက်ပါ၍ ဗားကရာ လုံခြုံရေး အဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး ပန်းလှိုင်လမ်း၌ အသင့်စောင့်ဆိုင်းနေသော **ဆွေလင်းအောင်** မောင်းနှင်သည့် Honda Insight ယာဉ်ဖြင့် ပြောင်းလဲထွက်ခွာခဲ့ကာ ပစ်ခတ်မှုဖြစ်စဉ်တွင် အသုံးပြုခဲ့သော Honda Airwave ယာဉ်အား ပန်းလှိုင်လမ်း၌ ထားခဲ့ကြောင်း။
- Area-2 အဖွဲ့မှ တရားခံ **ဇင်သူလင်း**သည် အောက်တိုဘာ ၂၄ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **လင်းရောင်**နှင့်အတူ တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် ဓမ္မာရုံအနီးရှိ ကင်းတဲအား လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- Area-2 အဖွဲ့မှ တရားခံ **ဇင်ကိုလင်း**သည် နိုဝင်ဘာ ၆ ရက်တွင် **မြတ်သူ (ခ) နတ်ဆိုး** ၏ စေခိုင်းမှုဖြင့် **အောင်စည်သူခန့် (ခ) သီဟ**နှင့်အတူ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၅) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အနီးတွင် လက်လုပ်ရီမုတ်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း။
- Area-5 အဖွဲ့မှ တရားခံ **အောင်ကိုဦး**အား နိုဝင်ဘာ ၁၁ ရက်တွင် အကြမ်းဖက်အဖွဲ့ဖြစ်သည့် SOF အဖွဲ့ခေါင်းဆောင် **ဝင်းကို(ခ) စံရှား**က သာကေတမြို့နယ် ဘက်ခြမ်းရှိ သန်လျင်တံတား လုံခြုံရေး အဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ရန် ညွှန်ကြားခဲ့ရာ နိုဝင်ဘာ ၁၅ ရက်တွင် **ဖက်တီး** မောင်းနှင်သော Probox အမျိုးအစားယာဉ်ပေါ်တွင် **ပီတာ၊ အောင်ကိုဦး၊ ဂျူတ်၊ ဘရာဗိုတို့**သည် ပစ်ခတ်ရေးအဖြစ် လည်းကောင်း၊ **စေစ်၊ မာရီယို၊ စံပယ်၊ အားမာန်စိုး**တို့သည် စောင့်ကြည့် သတင်းပို့အဖြစ် လည်းကောင်း ဆောင်ရွက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်ရှိ Safe House နေအိမ်တွင် လက်နက်/ခဲယမ်းများအား သိုဝှက်ကာ လူစုခွဲခဲ့ကြောင်း။
- Area -7 အဖွဲ့သည် နိုဝင်ဘာ ၁၅ ရက်တွင် **ဝင်းကို(ခ)စံရှား**၏ စေခိုင်းမှုဖြင့် ထန်းတပင်မြို့နယ် စစ်ဆေးရေးဂိတ်ရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များအား CRV အမျိုးအစား လိုင်စင်မဲ့ယာဉ်ပေါ်မှ ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါယာဉ်အား ဖမ်းဆီးရန်ကျန်တရားခံ **ခွန်သ**က မောင်းနှင်၍ **ကျားပေါက်**နှင့် **ကြက်ပေါက်**တို့က ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး **ရန်နိုင်ထွန်း**နှင့် **အောင်နိုင်ဦး**တို့က စောင့်ကြည့် သတင်းပို့အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ပစ်ခတ်တိုက်ခိုက်သည့် ဗီဒီယိုဖိုင်အား CRV ယာဉ်၏ ဒက်ရှ်ဘုတ်ပေါ်တွင် လက်ကိုင်ဖုန်းအား ကလစ်ညှပ်၍ ရိုက်ကူးခဲ့ကြောင်း၊ CRV ယာဉ်အား ရေမြောင်းအတွင်းသို့ ထိုးချခဲ့ပြီး လက်နက်/ ခဲယမ်းများအား **ကြက်ပေါက်**ထံတွင် သိမ်းဆည်းခဲ့ကြောင်း။



သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် သမိန်ဗရမ်းလမ်း အမှတ် (၂၉၁၊ က/ခ) လေးလွှာမှ သိမ်းဆည်းရမိသည့် လက်နက်/ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



မရမ်းကုန်းမြို့နယ် အလယ်ဗဟိုလမ်း APPOLO Hotel အနီး သိမ်းဆည်းရမိသည့် လက်နက်/ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

### ဖော်ထုတ်သိရှိ

ဖြစ်စဉ်တွင် **တရားခံ ကျား ၄၀၊ မ ခုနစ်ဦး ပေါင်း ၄၇ ဦး**အား **လက်နက်ငယ်မျိုးစုံ ၃၄ လက်**၊ ကျည်အိမ်မျိုးစုံ ၇၀၊ ကျည်မျိုးစုံ ၂၁၀၅ တောင့်၊ ၄၀ မမဗုံးသီး ၁၇ လုံး၊ လက်လုပ်ဗုံး ၁၀ လုံး၊ ရီမုတ်မိုင်း လေးလုံး၊ ရေ့ထွက်မိုင်း လေးခု၊ မီးခိုးဗုံး ငါးလုံး၊ ရှို့ပစ် နှစ်လုံး၊ ယမ်းမှုန့် (မီးခိုးရောင်) ခုနစ်ထုပ်၊ မှန်ပြောင်း တစ်ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဆေးစစ်ချက်အရ မူးယစ်ဆေးဝါးများ သုံးစွဲ၍ အကြမ်းဖက်လုပ်ငန်းများ ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ **လွင်ကိုလတ်**သည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် KNLA တပ်မဟာ(၆)တွင် တိမ်းရှောင်လျက်ရှိသော **ဝင်းကို(ခ)စံရှား**နှင့် ချိတ်ဆက်ကာ ၎င်းအဖွဲ့များအား ငွေကြေးထောက်ပံ့ခြင်း၊ လက်နက်/ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်သိရှိရသည်။

### ညွှန်ကြားမှုများ ပြုလုပ်ခဲ့

**လွင်ကိုလတ်**သည် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများအား ပြုလုပ်ရာတွင် Area အလိုက် တာဝန်ပေးထားသူများအနေဖြင့် **ဖြိုးဇေယျာသော်(ခ) မောင်ကျော်**နှင့် ချိတ်ဆက်၍ အများပြည်သူများ ထိခိုက်နစ်နာစေရန်နှင့် အထိတ်တလန့် ဖြစ်စေရေးအတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် Zoom Meeting မှ တစ်ဆင့် ညွှန်ကြားမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**SOF အကြမ်းဖက်အဖွဲ့အနေဖြင့် ဖမ်းဆီးရန်ကျန် တရားခံ ဝင်းကို(ခ)စံရှား၏ စေခိုင်းမှုဖြင့် နိုဝင်ဘာလအတွင်း မြောက်ဥက္ကလာပမြို့နယ် ဂန္ဓမာဟိုဆေးကုန်တိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရန်ကင်းမြို့နယ် ကျောက်ကုန်းမီးပွိုင့်ရှိ ယာဉ်ထိန်းရုံးတို့အား ယာဉ် နှစ်စီးဖြင့် ပစ်ခတ်နိုင်ရေး စီစဉ်လျက်ရှိကြောင်းနှင့် အဖွဲ့အလိုက် သက်ဆိုင်ရာမြို့နယ်များတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်းများအား နိုဝင်ဘာ ၁၅ ရက်မှစ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် စီစဉ်နေစဉ် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။**

၎င်းတို့အား ထပ်မံဖော်ထုတ်ချက်အရ ၎င်းတို့၏ရည်ရွယ်ချက်မှာ သီတင်းကျွတ်ကာလအတွင်း မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားကျောင်းကန်သွားရောက်ခြင်း၊ ကုသိုလ်အလှူပွဲများ ပြုလုပ်ခြင်း၊ မိသားစုအေးချမ်းပျော်ရွှင်စွာ အပန်းဖြေခရီးသွားလာမှုများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း၍ ပုံမှန်သွားလာစည်ကား ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် မနာလိုမရှုဆိတ်စွာဖြင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားမှုပျက်ပြားစေရန် ဆရာ ဆရာမများကို သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများအား သတ်ဖြတ်ခြင်းများ လုပ်ဆောင်ရန် ဆောင်ရွက်ထားကြောင်း၊ တန်ဆောင်တိုင်ကာလမတိုင်မီ နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ပြည်သူများ ထိတ်လန့်တုန်လှုပ်ချောက်ချားပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် NUG မှ **ဇော်ဝေစိုး၊ ရည်မွန်၊ လွင်ကိုလတ်**တို့က ၎င်းတို့၏ လက်အောက်ခံ အကြမ်းဖက်အဖွဲ့များအား နိုင်ငံအနှံ့ အဖျက်အမှောင့်များနှင့် အကြမ်းဖက်မှုများ ဆောင်ရွက်ရန် ခိုင်းစေခဲ့ကြောင်း သိရသည်။

### အရေးယူဆောင်ရွက်သွားမည်

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ နေအိမ်/တိုက်ခန်း ငှားရမ်းနေထိုင်သူများအနေဖြင့် အကြမ်းဖက်မှု ကျူးလွန်ကြောင်း ဖော်ထုတ်တွေ့ရှိပါက ငှားရမ်းသည့် ပိုင်ရှင်များအား တည်ဆဲဥပဒေအရ အရေးယူမည့်အပြင် နေအိမ်/ တိုက်ခန်းများအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သက်သေခံအဖြစ် ထိန်းသိမ်း၍ တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သဖြင့် အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သော နေအိမ်/တိုက်ခန်းများနှင့် အကြမ်းဖက် PDF အဖွဲ့ဝင်များ နေထိုင်နိုင်ရေးအတွက် ငှားရမ်းပေးသော အိမ်ပိုင်ရှင်များအား တည်ဆဲဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအားအမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**




ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ဥသဩဖရားလမ်းနေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။




ထန်းတပင်မြို့နယ် အစုကြီးကျေးရွာ လုံခြုံရေးစစ်ဆေးရေးဂိတ်အား ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ပါ တရားခံများ အသုံးပြုသည့် မော်တော်ယာဉ် မှတ်တမ်းဓာတ်ပုံ။

နှလုံးသားကို ဖြူစင်အောင်ထားပါ

# လူတွေအပေါ် ဘယ်လိုမေတ္တာထားရမှာလဲ၊ လက်ခံပေးပါ၊ နားလည်ပေးပါ

ကျော်ကျော်လှိုင်

**လူဖြစ်ရတဲ့ရည်ရွယ်ချက်**

လူဖြစ်ရတဲ့ရည်ရွယ်ချက်ကို စကားလုံး ၁၀ လုံးထက်မပိုဘဲ ပြောပါလို့ ပဟေဠိနန်းတော်မှာ မေးရင် စာဖတ်သူ ဘာဖြေမှာလဲ။

"ခြံနဲ့ဝင်းနဲ့အိမ်တစ်လုံးပိုင်ဖို့"။

"နာမည်ကျော်အဆိုတော်ဖြစ်ဖို့"။

"စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ဖို့"။

ကျွန်တော်တို့အားလုံး သိပါတယ်။ လူဖြစ်ရတဲ့ရည်ရွယ်ချက်က ဒီထက်ပိုတယ်ဆိုတာ၊ ကမ္ဘာပေါ်မှာရှိတဲ့လူသားတိုင်း တန်းတူညီမျှတဲ့ အခွင့်အရေးတွေ ပိုင်ဆိုင်သင့်တယ်ဆိုတာ အထူးရှင်းပြဖို့မလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က အရေးမကြီးတာတွေကို အာရုံစိုက်နေကြပါတယ်။ Brand ပစ္စည်းတွေသုံးမယ်၊ ကားကောင်းစီးမယ်ဆိုတာတွေက နေ့စဉ်ဘဝမှာ ဦးစားပေးတွေဖြစ်လာပါတယ်။

နာမည်ကြီးလူကြိုက်များတဲ့ ရုပ်ရှင်တွေ၊ အကယ်ဒမီဆုရတဲ့ ရုပ်ရှင်တွေ၊ လူကြိုက်များတဲ့သီချင်းတွေ၊ ပရိသတ်ကို အသည်းငြိသွားတဲ့ သီချင်းတွေက ဘာအကြောင်းတွေကို အဓိကထားတာလဲ။ လူတွေအကြောင်းပါပဲ။ တစ်ဦးအပေါ်တစ်ဦးထားတဲ့ မေတ္တာအကြောင်းပဲ ရုပ်ရှင်ရိုက်ကြတာပါ။ သီချင်းတွေ ရေးဖွဲ့ကြတာပါ။ ၂၀၁၀ ပြည့်နှစ်အတွက် အကယ်ဒမီဆုတွေသိမ်းပိုက်သွားတဲ့ အာဒံ ဇဝ ဒဿ ရုပ်ရှင်က ငွေလသာဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချစ်သူအပေါ် အနစ်နာခံတဲ့ မေတ္တာအကြောင်းကို ရိုက်သွားတာပါ။ အကယ်ဒမီဆုရသွားတဲ့ ဝေဠုကျော်ကလည်း "ပင်လယ်ထက်က နေဝန်းနီ" ကားထဲမှာ တူမလေးအပေါ် ချစ်ခြင်းမေတ္တာကြီးတဲ့ ဆလုံလူမျိုးတစ်ယောက်အဖြစ် သရုပ်ဆောင်သွားတာပါ။

လူတစ်ဦးတစ်ယောက်ရဲ့ နောက်ဆုံးအချိန် ကိုယ့်ဘေးနားမှာ ဆွေမျိုးတွေ၊ ချစ်သူခင်သူတွေဝိုင်းနေတဲ့အချိန် ဘယ်သူမှ "ကျွန်တော့်ရဲ့ လင့်ခရုဇာကားကြီးကို ဂရုစိုက်လိုက်ပါ"လို့ မပြောပါဘူး။ "ကလေးတွေကို ဂရုစိုက်ပါ။ အမေကို ဂရုစိုက်ပါ ...."လို့ပဲ ပြောကြပါတယ်။

လူဖြစ်ရတဲ့ရည်ရွယ်ချက်ရဲ့အဖြေကို ရလောက်ပြီထင်ပါတယ်။ ကျွန်တော်တို့ လူရယ်လို့ဖြစ်လာပြီး လူသားတွေရဲ့ကောင်းကျိုးကို မဆောင်ရွက်ရင်၊ လူသားတွေအပေါ်မှာ မေတ္တာမထားနိုင်ရင်၊ လူတွေကို မချစ်တတ်ရင် လူဖြစ်ရကျိုးမနပ်ပါဘူး။

နိုင်ငံခြားက နာမည်ကြီးဆေးရုံတစ်ခုမှာ မွေးကင်းစကလေးတွေကို အုပ်စုနှစ်ခု ခွဲလိုက်ပါတယ်။ အုပ်စု (၁) ကလေးတွေကိုတော့ နေ့စဉ် တစ်နေ့သုံးကြိမ် ရင်ခွင်မှာပွေ့ပြီး ၁၀ မိနစ်ခန့် အသာအယာပွတ်ပေးပါတယ်။ အုပ်စု (၂) ကလေးတွေကိုတော့ မလုပ်ဘဲထားပါတယ်။ အုပ်စု(၁) ကလေးတွေရဲ့ အလေးချိန်တိုးလာမှုက အုပ်စု(၂)ထက် နှစ်ဆပိုပါတယ်။ ဒီနည်းကို ဆေးပညာလောကရဲ့စကားနဲ့ပြောရရင် နာမည်ရှည်လို့ ရေးမပြတော့ပါဘူး။ တကယ်တော့ မေတ္တာအကြောင်း၊ အချစ်အကြောင်း ပြောဖို့ ဆေးပညာစကားလုံးအရှည်ကြီးလည်း မလိုပါဘူး။ အဓိကကတော့ မေတ္တာတရားမရှိရင်၊ အချစ်မရှိရင် ကလေးတွေ မကြီးထွားမဖွံ့ဖြိုးနိုင်ပါဘူး။ ဒီလိုပါပဲ။ ကျွန်တော်တို့လည်း မေတ္တာတရားတွေ၊ အချစ်တွေပျောက်နေတဲ့အခါ မလန်းနိုင်ပါဘူး။

အရွယ်ရောက်တဲ့အမျိုးသားတွေပြောတာ ကျွန်တော် ခဏခဏ ကြားဖူးပါတယ်။ "ကျွန်တော့်အဖေရဲ့မေတ္တာကိုရရင် ကျွန်တော်သေပျော်ပါပြီ"။ "ကျွန်တော့်အဖေက ကျွန်တော့်အတွက် ဂုဏ်ယူတယ်ဆိုရင် ကျွန်တော် ကျေနပ်ပါပြီ။" ကျွန်တော်တို့ ရိုးရိုးသားသားဝန်ခံကြစတမ်းဆိုရင် ကျွန်တော်တို့ဟာ အချိန်တော်တော်များများကို မေတ္တာတွေပိုရဖို့၊ အချစ်တွေပိုရဖို့ သုံးနေကြပါတယ်။ လမ်းပေါ်မှာရှိတဲ့လူတွေကိုပဲ မေးမေး၊ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်မိတ်ဆွေ သို့မဟုတ် လုပ်ဖော်ကိုင်ဖက် သို့မဟုတ် ဆွေမျိုးတွေကိုပဲမေးမေး လူတိုင်းလိုလို မေတ္တာတွေ၊ အချစ်တွေ လိုနေကြပါတယ်။ တချို့ကလည်း မေတ္တာတွေ၊ အချစ်တွေရဖို့ "ဘာပဲလုပ်ရလုပ်ရလေ"လို့ ကြုံးဝါးနေကြပါတယ်။

လူတွေအပေါ်မှာ မေတ္တာထားနိုင်ဖို့၊ လူတိုင်းကိုချစ်ဖို့ တွေ့သမျှ လူတိုင်းကို နမ်းဖို့မလိုပါဘူး။ မိဘမဲ့ကလေးကျောင်းတွေ၊ ဆေးရုံတွေ၊ HIV ရောဂါသည်တွေကို ငွေလှူမှ အများအကျိုးကိုဆောင်ရွက်တာ မဟုတ်ပါဘူး။ အများအကျိုးကိုဆောင်ရွက်ဖို့၊ လူတွေကိုမေတ္တာထားဖို့၊ လူတွေကိုချစ်ဖို့ကတော့ လူတွေကို လက်ခံပေးဖို့လိုပါတယ်။ ခွင့်လွှတ်တတ်ဖို့လိုပါတယ်။ လူတွေကို အနည်းဆုံး ဝေဖန်မယ်။ လူတွေကို အပြစ်မရှာဘူး။ လူတွေကို ခြွင်းချက်မရှိ ခွင့်လွှတ်နိုင်မယ်ဆိုရင် သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ ကမ္ဘာကြီးကို တည်ဆောက်နိုင်ပါလိမ့်မယ်။ ဒါဟာ လူသားတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်တာပါပဲ။

**ခွင့်လွှတ်ခြင်း**

ကျွန်တော်တို့က ကျွန်တော်တို့ရဲ့စိတ်ထဲမှာ လူတွေ ဘယ်လိုပြုမူပြောဆိုနေထိုင်သင့်တယ်ဆိုတဲ့ စည်းကမ်းတွေကို သတ်မှတ်ထားလေ့ရှိပါတယ်။ ဒီစည်းကမ်းတွေကို ချိုးဖောက်တဲ့လူတွေကို ခွင့်မလွှတ်နိုင်ဖြစ်ကြပါတယ်။ ကိုယ်သတ်မှတ်ထားတဲ့စည်းကမ်းတွေကို တစ်ဖက်လူက မလိုက်နာနိုင်တာနဲ့ စိတ်ဆိုးရတယ်။ ခွင့်မလွှတ်နိုင်ဘူးဆိုတာ တကယ်တော့ ရယ်စရာကောင်းပါတယ်။ သဘာဝလည်းမကျပါဘူး။ ကျွန်တော်တို့က တစ်ဖက်သားကို ခွင့်မလွှတ်ရင် တစ်ဖက်သားကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ပေးတာပဲဆိုတဲ့အသိကို အရိုးစွဲနေပါတယ်။ "မင်းကို ငါခွင့်မလွှတ်ဘူး။ မင်းနောင်တရစေရမယ်"လို့ ကြုံးဝါးကြပါတယ်။ တကယ်တော့ ခွင့်မလွှတ်နိုင်သူက ခံစားရတာပါ။ အိပ်မရဖြစ်ပါလိမ့်မယ်။ ခွင့်မလွှတ်နိုင်လေ ခံစားရလေပါပဲ။

လူတစ်ယောက်ကို စိတ်ဆိုးတဲ့အခါ၊ ဒေါသဖြစ်တဲ့အခါ၊ ခွင့်မလွှတ်နိုင်တဲ့အခါ မျက်စိမှိတ်ပြီး ဘယ်လိုခံစားရတယ်ဆိုတာ ခံစားကြည့်ပါ။ ရင်ဘတ်တွေတောင် အောင့်လာနိုင်ပါတယ်။ တကယ်တော့ လူ့သဘာဝက ကိုယ်ပိုင်ဗီဇ၊ အမူအကျင့်ကို ဖျောက်ဖျက်ဖို့ခက်ပါတယ်။ လုပ်နေကျကို လုပ်မှာဖြစ်ပြီး ပြောနေကျကို ပြောမှာပါပဲ။ လုပ်တာမှားတယ်၊ ပြောတာမှားတယ်ဆိုပြီး အပြစ်ရှိကြောင်း အတင်းအကျပ်သက်သေပြဖို့ ကြိုးစားရင် ကိုယ်ပဲ ခံစားရပါလိမ့်မယ်။ ဘာမှတော့ ထူးခြားမလာနိုင်ပါဘူး။ လောကနိယာမကလည်း ဖြစ်ချင်တာတွေဖြစ်ပြီး ပျက်ချိန်တန်တာတွေ ပျက်နေတာပါပဲ။ လေဆင်နှာမောင်းမွှေလို့ ကိုယ်နေတဲ့ အိမ်ခေါင်မိုးလန်သွားရင် "ဒီလေဆင်နှာမောင်းကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"လို့ ပြောမှာလား။ ခေါင်းပေါ်ကို ငှက်ချေးပါချသွားရင် ငှက်ကို ခွင့်မလွှတ်ဘဲနေမှာလား။

**လူတွေအပေါ်မှာ မေတ္တာထားနိုင်ဖို့၊ လူတိုင်းကိုချစ်ဖို့ တွေ့သမျှ လူတိုင်းကို နမ်းဖို့မလိုပါဘူး။ မိဘမဲ့ကလေးကျောင်းတွေ၊ ဆေးရုံတွေ၊ HIV ရောဂါသည်တွေကို ငွေလှူမှ အများအကျိုးကိုဆောင်ရွက်တာ မဟုတ်ပါဘူး။ အများအကျိုးကိုဆောင်ရွက်ဖို့၊ လူတွေကိုမေတ္တာထားဖို့၊ လူတွေကို ချစ်ဖို့ကတော့ လူတွေကို လက်ခံပေးဖို့လိုပါတယ်။ ခွင့်လွှတ်တတ်ဖို့လိုပါတယ်။ လူတွေကို အနည်းဆုံးဝေဖန်မယ်။ လူတွေကို အပြစ်မရှာဘူး။ လူတွေကို ခြွင်းချက်မရှိ ခွင့်လွှတ်နိုင်မယ်ဆိုရင် သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ ကမ္ဘာကြီးကို တည်ဆောက်နိုင်ပါလိမ့်မယ်။ ဒါဟာ လူသားတွေရဲ့ကောင်းကျိုးကို ဆောင်ရွက်တာပါပဲ**

ဘယ်ငှက်မှန်းတောင် သိလိုက်မှာ မဟုတ်ဘူး။ ဒါဆိုရင် ကျွန်တော်တို့ လူတွေကို ဘာလို့ခွင့်မလွှတ်နိုင်တာလဲ။ လောကကြီးမှာ လေဆင်နှာမောင်းတို့၊ ငှက်ချေးပါချတာတို့ကို ကိုယ့်စိတ်ကြိုက်ပြုပြင်လို့မရပါဘူး။ ဒီလိုပါပဲ၊ တခြားလူတွေကို ဘာလို့ ကျွန်တော်တို့ ပြုပြင်ချင်ရတာလဲ။ လောကကြီးက အပြစ်တင်တာ၊ အပြစ်ရှိတာတွေကို ဘယ်တော့မှ နေရာမပေးပါဘူး။ ကျွန်တော်တို့ကသာ နေရာပေးထားတာပါ။ ခွင့်လွှတ်တာနဲ့ပတ်သက်ရင် ပထမဦးဆုံးစရမှာက မိဘအပေါ် ခွင့်လွှတ်နားလည်ပေးဖို့ပါ။ မိဘတွေက ကိုယ့်စိတ်ထဲမှာ သတ်မှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်ချင်မှဖြစ်ပါလိမ့်မယ်။ မိဘတွေအပေါ်မှာ ဘယ်တော့မှ အပြစ်မတင်ပါနဲ့။ မိမိကို လူလားမြောက်အောင် ကျွေးမွေးပြုစုတဲ့ကျေးဇူးကိုပဲ ဆပ်နိုင်အောင် ကြိုးစားပါဦး။

**နာကျင်မှုက ရှောင်လွှဲလို့မရပါဘူး။ စိတ်ဆင်းရဲတာကတော့ ရွေးချယ်မှုပါ**

စာဖတ်သူက မေးလို့ရပါတယ်။ "တစ်ယောက်ယောက်က ကျွန်တော့်ကို ဒုက္ခပေးရင် ကျွန်တော်က ဒုက္ခပေးတဲ့သူကို ခွင့်လွှတ်ရမှာလား"။ စာရေးသူရဲ့ဘဝမှာ စာရေးသူရဲ့ စီးပွားရေးကို ပျက်လုနီးပါးဖြစ်အောင် ဒုက္ခပေးခဲ့တဲ့လူကြီးတစ်ယောက် ရှိခဲ့ဖူးပါတယ်။ ရာထူးရှိတဲ့လူလည်း ဖြစ်နေတော့ စာရေးသူကို အကြိမ်ကြိမ် စီးပွားပျက်အောင် ဒုက္ခပေးပါတယ်။ စာရေးသူလည်း အလူးအလဲခံရပါတယ်။ အဲဒီအချိန်က ဒီရာထူးရှိတဲ့လူကြီးကို အလွန်ပဲမုန်းတီးမိပါတယ်။ ခွင့်မလွှတ်နိုင်အောင် ဒေါသဖြစ်မိပါတယ်။ စာရေးသူလည်း အလွန်ခံစားရပါတယ်။ နေ့စဉ်လိုလို မုန်းတီးတဲ့စိတ်ကြောင့် တနုံ့နုံ့ခံစားရပါတယ်။ တစ်နေ့တော့ စာရေးသူကို ဒုက္ခပေးပြန်ပါတယ်။ ဘာကဘယ်လိုဖြစ်တယ်တော့မသိပါ။ ဒီတစ်ကြိမ်မှာတော့ စာရေးသူ အတွေးပေါက်သွားပါတယ်။ "ငါ့ကို ဒီလောက်အငြိုးအတေးကြီးကြီးနဲ့ ဒုက္ခပေးနေတာ၊ ငါ့ကို မုန်းတီးနေလို့ပဲ။ ငါ့ကို မုန်းတီးနေရင် သူလည်းခံစားနေရမှာပဲ။ သူခံစားချင်ခံစား ငါတော့ မခံစားဘူး"ဆိုပြီး စာရေးသူ ခွင့်လွှတ်လိုက်ပါတယ်။ ခွင့်လွှတ်လိုက်ပါတယ်ဆိုတာထက် စိတ်ထဲက ထုတ်ပစ်လိုက်နိုင်ပါတယ်။ စာရေးသူရဲ့ စိတ်တွေလည်း လွတ်လပ်ပေါ့ပါးသွားပါတယ်။

သိပ်မကြာပါဘူး။

ဒီလူကြီးလည်း ရာထူးကဖယ်ရှားခံရတဲ့အပြင် လူ့လောကကြီးကိုလည်း စွန့်ခွာသွားပြီဖြစ်ပါတယ်။ စာရေးသူအဖြစ်အပျက်မျိုးကို ဘဝမှာ လူတိုင်းလိုလို ကြုံတွေ့ဖူးကြမှာပါ။ သေးတာနဲ့ ကြီးတာပဲကွာပါလိမ့်မယ်။ ဒီလိုအဖြစ်အပျက်တွေကြုံတွေ့ရင် လူတွေ နှစ်မျိုးနှစ်စား ကွဲသွားပါတယ်။ ပထမအမျိုးအစားက မိမိဒေါသ၊ မိမိမုန်းတီးမှုတွေကြောင့် ခံစားနေရသူတွေဖြစ်ပါတယ်။ ဒုတိယအမျိုးအစားကတော့ ခွင့်လွှတ်မှုကြောင့်ရရှိတဲ့ စိတ်ချမ်းသာခြင်း၊ စိတ်လွတ်လပ်ခြင်းကို နားလည်ပိုင်ဆိုင်သူတွေပါ။

ကျွန်တော်တို့ကို ပြောင်းလဲစေတဲ့အရာတွေဟာ များသောအားဖြင့် ကျွန်တော်တို့ရွေးချယ်တဲ့အရာတွေ မဟုတ်ပါဘူး။ အသည်းကွဲတာ၊ ကျန်းမာရေးချို့တဲ့တာ၊ အထီးကျန်တာ၊ စိတ်ဓာတ်ကျတာတွေကို ကျွန်တော်တို့ ဝေစုအတိုင်း ကျွန်တော်တို့ရကြမှာပါ။ ဆုံးရှုံးမှုကို ကြုံရတဲ့အခါတိုင်း ကျွန်တော်တို့ ဝမ်းနည်းပူဆွေးမှုအချိန်တွေ ရှိကြရပါတယ်။ ဝမ်းနည်းပူဆွေးမှုအချိန်တွေ ကုန်လာတဲ့အခါမှာ ကျွန်တော်တို့ စိတ်ဓာတ်တွေပိုကြံ့ခိုင်လား၊ ပျော့ညံ့သွားလားဆိုတာကိုတော့ မိမိကိုယ်မိမိ ဆန်းစစ်ရပါလိမ့်မယ်။

**မိမိကိုယ်မိမိချစ်ဖို့လိုသလား**

မိမိကိုယ်မိမိ မချစ်တဲ့သူတွေ၊ မိမိဘဝကိုမိမိ မကျေနပ်ဖြစ်နေသူတိုင်းလိုလို ဆက်ဆံရခက်သူတွေ ဖြစ်နေတတ်ပါတယ်။

ဒီလိုလူတွေက မိမိဇနီး သို့မဟုတ် မိမိရဲ့ဘဝလက်တွဲဖော်ရဲ့အချစ်ကို လိုချင်ပါတယ်။ မေတ္တာကို လိုချင်ပါတယ်။ မရဘူးထင်ပြီး စိတ်ဆိုးကြပါတယ်။ ဒေါသဖြစ်ကြပါတယ်။ မိမိကိုယ်တောင်မိမိ မကျေမနပ်ဖြစ်နေသူတစ်ယောက်က မေတ္တာအကြောင်း နားလည်ဖို့ခက်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ချစ်နေဖို့၊ အပြန်အလှန်မေတ္တာတွေ ဖလှယ်နိုင်ဖို့၊ မိမိကိုယ်မိမိ အရင်ချစ်ဖို့၊ မိမိဘဝကိုမိမိ အရင်ကျေနပ်ဖို့လိုပါတယ်။

ကိုယ့်မှာမရှိတာကို သူများကို ပေးလို့မရပါဘူး။ မိမိကိုယ်မိမိ လက်ခံနိုင်မှ တစ်ဖက်လူကို လက်ခံပေးလို့ရပါမယ်။ နားလည်ပေးလို့ရပါမယ်။ ကျွန်တော်တို့က တစ်ခါတလေ ကိုယ့်မှာရှိတဲ့ ချို့ယွင်းချက်တွေကို တခြားလူဆီမှာ ရှာပါတယ်။ စိတ်သက်သာရာရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ရှာလို့တွေ့ပေမယ့် မိမိရဲ့ချို့ယွင်းချက်ကတော့ ပျောက်မသွားပါဘူး။ စိတ်သက်သာရာလည်းမရပါဘူး။

"မိမိရဲ့ ချို့ယွင်းချက်တွေကိုပဲ အာရုံစိုက်နေရင်တော့ မိမိကိုယ်မိမိပဲ ဒုက္ခရောက်အောင်၊ စိတ်ဆင်းရဲအောင် လုပ်နေတာပါ။ မိမိရှိနေတဲ့ဘဝ၊ မိမိရဲ့လက်ရှိအခြေအနေကို လက်ခံလိုက်ပါ။ မိမိကိုယ်မိမိတောင် လက်မခံနိုင်ရင် ဘယ်သူ့ကိုမှလည်း လက်ခံလို့ရမှာမဟုတ်ပါဘူး။ မေတ္တာတွေ ပျောက်ကွယ်ကုန်ပါလိမ့်မယ်။ ဒီအခါကျရင်တော့ လောကကြီးက မတရားဘူးဆိုတဲ့အတွေးတွေပဲ ဝင်လာပါလိမ့်မယ်။

(ဆက်လက်ဖော်ပြပါမည်)

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကိုဖြူစင်အောင်ထားပါ" စာအုပ်မှ "လူတွေအပေါ် ဘယ်လိုမေတ္တာထားရမှာလဲ၊ လက်ခံပေးပါ။ နားလည်ပေးပါ" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၄၃ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၄၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး COVID-19 ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။ COVID-19 သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၂၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၄၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၈၄,၁၀၉)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၅၁၅,၅၅၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၁၉)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၇,၁၄၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၉၇၅) ဦး ရှိပါသည်။

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် COVID-19 ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၁၁-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၅,၀၄၃,၃၄၈) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၀,၀၂၉,၆၇၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၀၁၃,၆၇၈)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၆-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၂၅,၀၇၃,၀၁၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည ်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းများမှာ (၅) ရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထု အကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများ ရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ)ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။
    - **အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာနေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
    - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ခြင်း၊**
    - **လက်ကိုမကြာခဏဆေးကြောခြင်း၊**
    - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂,၀၆၁) ခု | (၁၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၀) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၈) ခု | (၁၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀) ခု | (၈) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၃၈) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၅၉) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၁၅) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၂၄) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၁၉၅) ခု | (၅၈၈) ဦး |
| စုစုပေါင်း | (၂၄,၂၉၀) ခု | (၈၄၃) ဦး |

### COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၆-၁၁-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၀၁၃,၆၇၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၀,၀၂၉,၆၇၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၅,၀၄၃,၃၄၈) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၅,၀၇၃,၀၁၈) ကြိမ် |

- အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
- သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၁၆၁၃၇၇ | ၃၈၁၃၉၉၂၈ | ၇၈၆၂၆၈ |
| ၂။ | အိန္ဒိယ | ၃၄၄၆၆၅၉၈ | ၃၃၈၇၃၈၉၀ | ၄၆၄၁၅၃ |
| ၃။ | ဘရာဇီး | ၂၁၉၆၅၆၈၄ | ၂၁၁၇၇၃၆၇ | ၆၁၁၂၈၄ |
| ၄။ | ဗြိတိန် | ၉၆၃၇၁၉၀ | ၇၉၀၃၄၁၈ | ၁၄၃၁၅၉ |
| ၅။ | ရုရှား | ၉၁၈၂၅၃၈ | ၇၈၈၂၈၃၆ | ၂၅၉၀၈၄ |
| ၆။ | တူရကီ | ၈၄၅၇၁၁၉ | ၇၉၄၁၆၆၄ | ၇၃၉၇၃ |
| ၇။ | ပြင်သစ် | ၇၃၁၀၆၆၄ | ၇၀၂၂၀၂၃ | ၁၁၈၂၇၁ |
| ၈။ | အီရန် | ၆၀၅၇၈၉၃ | ၅၇၃၄၁၈၁ | ၁၂၈၅၃၁ |
| ၉။ | အာဂျင်တီးနား | ၅၃၀၈၇၈၁ | ၅၁၇၄၅၄၈ | ၁၁၆၂၉၄ |
| ၁၀။ | ဂျာမနီ | ၅၁၀၈၉၀၄ | ၄၅၄၀၉၀၀ | ၉၈၆၆၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၁၉၄၅ | ၄၀၉၉၈၅၇ | ၁၄၃၆၉၈ |
| ၂။ | ဖိလစ်ပိုင် | ၂၈၂၀၄၉၄ | ၂၇၅၀၅၃၁ | ၄၆၁၁၇ |
| ၃။ | မလေးရှား | ၂၅၅၆၈၆၅ | ၂၄၆၁၇၈၀ | ၂၉၇၆၉ |
| ၄။ | ထိုင်း | ၂၀၃၇၂၂၄ | ၁၉၂၅၆၄၃ | ၂၀၁၉၇ |
| ၅။ | ဗီယက်နမ် | ၁၀၅၅၂၄၆ | ၈၇၄၈၇၀ | ၂၃၃၃၇ |
| ၆။ | မြန်မာ | ၅၁၅၅၅၉ | ၄၈၇၁၄၅ | ၁၈၉၇၅ |
| ၇။ | စင်ကာပူ | ၂၄၁၃၄၁ | ၂၁၈၃၅၅ | ၆၁၂ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၆၈၇ | ၁၁၆၀၇၂ | ၂၈၈၁ |
| ၉။ | လာအို | ၅၇၃၉၇ | ၄၆၈၁၈ | ၁၁၂ |
| ၁၀။ | ဘရူနိုင်း | ၁၄၃၇၈ | ၁၃၇၈၆ | ၉၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"အလိုတော် ကြီးကျယ်လိုက်တာ။ ဘာဖြစ်လို့လဲ ညည်းက"

"ဘာတစ်ခုမှ လွတ်လွတ်လပ်လပ်မရှိဘူး။ မေမေတို့က အမြဲချုပ်ချယ်ထားတာပဲ။ လူပဲ မေမေရယ်။ အမြဲတမ်း တစ်နေရာတည်းမှာ နေနိုင်မလား။ အပြင်ကလေနဲ့ ထိချင်သေးတာပေါ့။ တခြားက မိတ်ဆွေတို့ရဲ့မျက်နှာလည်း မြင်ချင်သေးတာပေါ့။ တခြားလူနဲ့ စကားလေးဘာလေး ပြောချင်သေးတာပေါ့။ အခုဟာက စာမေးပွဲအောင်စာရင်းသွားကြည့်မှာ။ အောင်တယ် ရှုံးတယ်ဆိုတာ ကိုယ်တိုင်ကိုယ်ကျတွေ့ရတော့ ပိုကောင်းတာပေါ့။ တခြားသူ အကြည့်ခိုင်းရင် ကိုယ့်လောက်ဘယ်သေချာမှာလဲ။ ပြီးတော့ ရက်အများကြီး ခွဲနေရတဲ့ အတန်းထဲကသူငယ်ချင်းတွေနဲ့လည်း တွေ့ရမှာ"

သည်တွင် မေမေသည် ခင်ခင်ကြီး၏ ဆင်ခြေလက်ခြေတွေကို လက်ခံသွားဟန်တူသည်။

"စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ သွားချင်ရင်သွား၊ ဒါပေမဲ့ လုံးတင်ကိုခေါ်သွား၊ မကြာရဘူးနော်"

ခင်ခင်ကြီး၏မျက်နှာမှာ ချက်ချင်းရွှင်လာသည်။ ချက်ချင်းမှာပင် ဝမ်းသာအားရ ဖြစ်သွားသည်။ မလုံးတင်ပါမည်ဆိုသည့်အတွက် စိတ်အနှောင့်အယှက်မဖြစ်မိ။ မလုံးတင်ဆိုသည်က ထားရာနေ၍ စေရာသွားမည့်သူ။

ခင်ခင်ကြီးသည် မလုံးတင်နှင့်အတူ အိမ်မှထွက်ခဲ့သည်။ မော်တော်ကားကို ဖေဖေတို့ ယူသွားသည့်အတွက် ဝမ်းသာရသေးသည်။ မြင်းရထားငှားစီးသည်။ မလုံးတင်ကို ရွာသစ်ရှိသူငယ်ချင်းအိမ်သို့ ဝင်ပို့ထားခဲ့ကာ မောင်မောင်ဦးရှိမည့်နေရာသို့လာခဲ့သည်။ မောင်မောင်ဦးနှင့် တွေ့ရတော့မည်ဆိုလျှင် အခါတိုင်းကလိုပင် ရင်တုန်သည်။ နှလုံးခုန်သည်။ ရှိန်းမြမြအာရုံကို ခံစားရပြန်သည်။

မောင်မောင်ဦးသည် ကျော့မောင်၏အိမ်တွင် ကြိုတင်ရောက်နှင့်နေသည်။ သူနှင့်ကျော့မောင်တို့ သစ်ပင်ရိပ်ကွပ်ပျစ်တွင် စကားပြောနေကြသည်။ ခင်ခင်ကြီးသည် မြင်းရထားကို အိမ်နှင့်ခပ်လှမ်းလှမ်းမှပြန်လွှတ်လိုက်ပြီး ခြေကျင်လျှောက်လာခဲ့ခြင်းဖြစ်သည်။ ခင်ခင်ကြီးအား မြင်လျှင် ကျော့မောင် နေရာမှထသည်။

"ကိုယ် အင်္ဂလန်မှာ ပဲကြီးလှော်တစ်မူးဖိုး သွားဝယ်ဦးမယ်ဟေ့။ မင်းတို့နေရစ်ကြတော့"

ကျော့မောင် အိမ်ဝိုင်းအတွင်းမှ ထွက်သွားလျှင် မောင်မောင်ဦးက ခင်ခင်ကြီးအား အိမ်ပေါ်ထပ်သို့ ခေါ်တက်ခဲ့သည်။

"အစ်ကို့သတင်းတွေ ကြားတယ်"

မောင်မောင်ဦး အနမ်းအရှုပ်ဖြင့် အလုပ်ရှုပ်နေချိန်တွင်ပင် ခင်ခင်ကြီးက ပြောလိုက်သည်။ သည်တော့လည်း သူ၏ကိုယ်မှာ ဆတ်ခနဲ ဖြစ်သွားသည်။ ငြိမ်သွားသည်။

"ဘာသတင်းလဲဟင်"

"ဘာသတင်းရမှာလဲ။ အစ်ကို ဘာတွေလုပ်ခဲ့တယ်ဆိုတာ အစ်ကိုအသိဆုံးနေမှာပေါ့"

ခင်ခင်ကြီးထံမှ ယင်းသတင်းကို ကြားရလေလျှင် မောင်မောင်ဦး အမှန်ပင် တုန်လှုပ်သည်။ အမှန်ပင် မလုံမလဲဖြစ်သည်။ သည်အကြောင်းတွေ ခင်ခင်ကြီး ဘယ်လိုလုပ်သိပါလိမ့် တွေးသည်။

"ဘယ့်နှယ်လဲအစ်ကို ဝန်ခံမလား"

ခင်ခင်ကြီးက စကားအစ်နေသည်။

"ဘာကိုဝန်ခံရမှာလဲ"

"အစ်ကိုနဲ့ ကပြားမကလေး အကြောင်းလေ"

သည်တွင် မောင်မောင်ဦးသည် အကြောင်းမရှိဘဲ ရယ်သည်။

"သူ့နာမည်က အေမီမြိုင်တဲ့"

"ကဲ၊ ပေါ်ပြီမဟုတ်လားအစ်ကို။ ဆက်ပြောပါဦး"

ခင်ခင်ကြီးသည် တိုက်တွန်းစကားဆိုသည်။ သို့ပေမယ့် ရင်ထဲမှာ ခုန်သည်။ လှိုက်မောသည်။ တလှပ်လှပ်နှင့်။

"သူနဲ့ပတ်သက်လို့ ဘာမှ ကွယ်ဝှက်ထားစရာမလိုပါဘူး။ ဘာမှ ဖုံးကွယ်ထားစရာ မလိုပါဘူး။ ဟုတ်တယ်။ သူ့နာမည်က အေမီမြိုင်။ နေတာက မန္တလေးမှာ"

"ဒါဖြင့် အစ်ကို ကျောင်းပိတ်ရက်မှာ မြို့ကို ပြန်မလာတာ၊ မန္တလေးကိုသွားတယ်ဆိုတာ အေမီမြိုင့်ဆီကို သွားတာပေါ့နော်"

"ဒီလိုတော့ ပြောလို့မရပါဘူး။ မန္တလေးမှာ ကိုယ့်သူငယ်ချင်းရှိတယ်။ ဂျော့ရှိတယ်။ ဂျော့ကခေါ်လို့ သွားတာပါ။ မန္တလေးမှာနေတာက နည်းနည်းပါ။ လျှောက်လည်နေတာက များတယ်။ ဘာလဲမှတ်တယ်။ လက်စသတ်တော့ ညီမက ကိုယ့်ကို အေမီနဲ့ မသင်္ကာဘူးကိုး။ ဒါကြောင့် အစ်နေတာကိုး။ ဒီအတွက် စိတ်ချစမ်းပါကွယ်။ အေမီဟာ ကိုယ့်ဆွေမျိုးပါ။ နှမဝမ်းကွဲပါ။ သူ့မေမေက ကိုယ့်မေမေနဲ့ တူအရီးတော်တယ်ဆိုလားပဲ။ သူနဲ့ကိုယ်နဲ့ မောင်နှမလို နီးနီးကပ်ကပ် ဆက်ဆံကြတာပါ"

မောင်မောင်ဦးသည် နောက်ဆုံးစကားပိုဒ်ကို အလေးအနက်ပြောလိုက်သည်။ ထို့အတွက်ကြောင့်လည်း ခင်ခင်ကြီးမှာ မယုံသင်္ကာစိတ်များ လွင့်ပါးသွားရလိမ့်မည်ဟု ထင်သည်။ ယင်းသို့ပြောရခြင်းမှာ အကြောင်းမဲ့မဟုတ်။ အကြောင်းရှိသည်။ စင်စစ်တွင် သူသည် ယင်းစကားကို နာကြည်းခံပြင်းခြင်း တစ်ဝက်တစ်ပျက်နှင့် ပြောမိခြင်းလည်း ဖြစ်သည်။

သူကြိုတင်မျှော်လင့်ခဲ့သည့်အတိုင်း အေမီတို့ရေနံချောင်းသို့ ရောက်လာသည်။ သူတို့နေထိုင်ရာအိမ်၏ အသွင်အပြင်အပေါ်တွင် စိတ်ပျက်သွားပုံရသည်။ မေမေသည် သူ့စကားကို ကြားခဲ့ရပြီးကတည်းက အိမ်ကို တတ်နိုင်သမျှတော့ မွမ်းမံပါသေးသည်။ သို့ရာတွင် အနှစ်နှစ်အလလက အပျက်အစီးကို တစ်ရက်တည်းနှင့် မွမ်းမံဖို့ဆိုသည်မှာ လွယ်ကူသောအရာ မဟုတ်။ အေမီသည် အိမ်ကိုမြင်ရကတည်းက မောင်မောင်ဦးအပေါ် မျက်နှာထားပြောင်းခဲ့သည်။

ပြီးလျှင် အေမီအပေါ် သူမကျေနပ်သောအချက် တစ်ချက်ရှိသေးသည်။ ၎င်းမှာ ဆင်မြူရယ်အား သူတို့နှင့်အတူ ခေါ်လာခဲ့ခြင်းဖြစ်သည်။ ဆင်မြူရယ်သည် မောင်မောင်ဦးထက် ငါးနှစ်ကြီးသည်။ သံအရာရှိတစ်ဦး၏သားဖြစ်သည်။ အောက်စဖို့ယူနီဗာစီတီမှ ဘွဲ့ရပြီးဖြစ်သည်။ ဖခင်ရှိရာ မြန်မာပြည်သို့ ခေတ္တခဏ လာလည်ခြင်းဖြစ်သည်။ မန္တလေးသို့ လာရာတွင် အေမီတို့အိမ်မှာ သောင်တင်နေသည်။ ယခု မကွေးသွားမည်ဆိုတော့ သူပါ ပါလာခြင်းဖြစ်သည်။ အေမီသည် ဆင်မြူရယ်နှင့် ပို၍ အဖွဲ့ကျသည်။ ပို၍ တွဲသည်။ မောင်မောင်ဦးကိုကား တော်သင့်ရုံမျှသာပင်။

သို့ဖြင့် စင်စစ် အေမီတို့အား ရေနံချောင်းသို့ ဖိတ်ခေါ်ခဲ့မိခြင်းမှာ သူ၏အမှားဟု တစ်ဖက်ကထင်သည်။ တစ်ဖက်ကလည်း အမှန်ဟု ထင်သည်။ အကြောင်းမူ ယခုမှပင် အေမီဟူသည် မည်သည့်အမျိုးအစားဟု စေ့စေ့ငုငု သဘောပေါက်နိုင်သောကြောင့်ဖြစ်သည်။ အေမီ၏ အထင်သေးခြင်းခံရသည်ကို တစ်ဖက်က ဝမ်းနည်းသည်။ တစ်ဖက်တွင်မူ ဝမ်းသာမိလေသည်။ သို့နှင့်အမျှ သူသည် ခင်ခင်ကြီးအပေါ် ပို၍ တန်ဖိုးထားလာသည်။ ခင်ခင်ကြီး၏ အချစ်မှာ စစ်မှန်သောအချစ်၊ မျှော်လင့်ချက်ကင်းသောအချစ်၊ မိုက်မိုက်ကန်းကန်းချစ်သောအချစ်ဟု ယူဆတတ်လာသည်။ သည်တော့လည်း အေမီကိုပင် ကျေးဇူးတင်ရဦးတော့မလိုလို။

"ခင်ကြီးကို စိတ်ဆိုးသွားပြီလား အစ်ကို"

အတန်ကြာမှ နှုတ်ဆိတ်သွားရာ ခင်ခင်ကြီးက စိုးရိမ်မကင်း မေးလာသည်။

"စိတ်မဆိုးပါဘူး။ ဘာလို့စိတ်ဆိုးရမှာလဲ"

"မသိပါဘူး အစ်ကိုရယ်။ ခင်ကြီးက သိပ်ပြီး စပ်စုရာများ ကျနေပြီလားလို့၊ ခင်ကြီးမှာတော့ ကြောက်နေရတာပဲ အစ်ကိုရေ၊ အစစအရာရာကို စိုးရိမ်နေရတာပဲ။ အခြေအနေကလည်း မကြောက်လို့မဖြစ်ဘူး မဟုတ်လား။ မစိုးရိမ်လို့ မဖြစ်ဘူး မဟုတ်လား။ ဒါထက် အစ်ကို ကိုဘိုးထင်နဲ့ မငွေခင်တို့အကြောင်း ကြားဖူးသလားဟင်"

" ဘာလဲ ကိုဘိုးထင်နဲ့ မငွေခင်ဆိုတာ "

မောင်မောင်ဦး မျက်မှောင်ကြုတ်ကာ မေးသည်။

"ဘုရားရေ ရေနံချောင်းသားဖြစ်ပြီး ဒီနတ်တွေအကြောင်းတောင် မသိဘူးလား အစ်ကိုရယ်"

သည်တော့မှ မောင်မောင်ဦးရယ်သည်။

"ဩော်သိပြီ။ ဘူးကျွန်းမှာ သူတို့နတ်ကွန်းရှိတယ်လေ။ ကိုယ်တို့ငယ်ငယ်ကတော့ အဲဒီကို မကြာခဏရောက်တာပေါ့"

"ဟုတ်တယ်အစ်ကို။ အစ်ကိုအဲဒီနတ်တွေအကြောင်းသိလား"

"သူတို့အကြောင်းတော့ မသိဘူး။ ကြားတော့ ကြားဖူးမှာပါ။ ဒါပေမဲ့ မေ့ကုန်ပြီထင်တယ်"

"ခင်ကြီးဖြင့် သူတို့လိုဖြစ်မှာ သိပ်ကြောက်မိတာပဲ အစ်ကို။ အစ်ကိုမေ့နေတယ်ဆိုရင် သူတို့အကြောင်း ခင်ကြီး ပြောပြမယ်။ နားထောင်မလား"

"အင်း၊ ပြောပါဦး"

"ကိုဘိုးထင်က ခင်ကြီးတို့ ရေနံချောင်းက နတ်ကန်ဦးရွာသူကြီးသား။ မငွေခင်က ပဲခူးသူ။ မွန်အနွယ်။ မငွေခင်ဟာ သူ့အစ်ကိုတွေဖြစ်တဲ့ ဦးသာဂရ၊ ဦးသာလှတို့နဲ့အတူ အထက်ကို ကုန်ရောင်းဖို့ လှေကြီးတစ်စင်းနဲ့ လာတယ်။ ညောင်လှနားက ဆားတောင်ရွာကိုရောက်တော့ သူ့ဆိုင်ရာ နယ်ရှင်ပယ်ရှင်တွေကို ပူဇော်ကန်တော့တဲ့ အနေနဲ့ ထန်းရည်ခါး၊ ကြက်သား၊ အမဲဟင်းလျာတွေနဲ့ တင်ကြ၊ မြှောက်ကြ၊ ပသကြတယ်။ ရေနံချောင်းနယ်ပိုင်ရှင် ဘိုးဘိုးကြီးဆိုတာက တန်နက်မင်းကြီးရဲ့ ယောက်ဖတော် တော်တယ်။ စလေမင်းခွေးရဲ့စနက်ကြောင့် ရေနံချောင်းကို ရောက်လာပြီး သေတော့ နတ်ဖြစ်နေတယ်။ သက်သတ်လွတ်စားတယ်။ မုန့်ဖြူ မုန့်နီနဲ့ ပူဇော်ပသရတယ်။ ထန်းရည်ခါးနဲ့ ကြက်သားကို တင်မြှောက်ပသတော့ စော်ကားမော်ကားလုပ်သလို ဖြစ်နေတာပေါ့။ ဒါနဲ့ ဘိုးဘိုးကြီးက သူ့ရဲ့ စီးတော်မိကျောင်းကိုလွှတ်ပြီး လှေကို အမြီးနဲ့ ရိုက်ခိုင်းတယ်။ လှေမှောက်ပြီး မငွေခင်တို့အားလုံး သေတယ်။ နတ်ဖြစ်ကုန်ကြတယ်။ နတ်ဖြစ်တယ်ဆိုတာထက် ဥစ္စာစောင့်တွေဖြစ်ကုန်ကြတယ်ပြောပါတော့ အစ်ကိုရယ်။

"အစ်ကိုနှစ်ယောက်ကို ဘိုးဘိုးကြီးက ကျောက်မဆင်နဲ့ ကျောက်မိကျောင်းရှိတဲ့ အရပ်တွေကို အပိုင်စားပေးတယ်။ မငွေခင်ကိုတော့ ပျားကြီးတောင်မှာ ခေတ်အဆက်ဆက်က တည်ရှိနေတဲ့ ရတနာသိုက်ကို အစောင့်ခိုင်းတယ်။ မငွေခင်ဟာ ပင်းချောင်းမှာ သူ့အမေရေချိုးဖို့ ရေလာခပ်တဲ့ ကိုဘိုးထင်ကိုမြင်တော့ မြင်ရင်မြင်ချင်းမှာပဲ ချစ်ကြိုက်သွားတယ်။ လူယောင်ဖန်ဆင်းပြီး ကိုဘိုးထင်နဲ့ တွေ့ဆုံချစ်ကြိုက်သွားကြတယ်။ ကိုဘိုးထင်တို့မိဘတွေကလည်း မငွေခင်ကို လူအောက်မေ့ပြီး နတ်ကန်ဦးရွာကအိမ်မှာထားတယ်။ ဒီလိုနဲ့ မငွေခင်မှာ သားဦးကလေး ရလာရောဆိုပါတော့ အစ်ကိုရယ်"

**ဆက်လက်ဖော်ပြပါမည်။**

**ခင်ခင်ကြီးသည် မလုံးတင်နှင့်အတူ အိမ်မှထွက်ခဲ့သည်။**

**မော်တော်ကားကို ဖေဖေတို့ယူသွားသည့်အတွက် ဝမ်းသာရသေးသည်။**

**မြင်းရထားငှားစီးသည်။ မလုံးတင်ကို ရွာသစ်ရှိ သူငယ်ချင်းအိမ်သို့**

**ဝင်ပို့ထားခဲ့ကာ မောင်မောင်ဦးရှိမည့်နေရာသို့ လာခဲ့သည်။**

**မောင်မောင်ဦးနှင့် တွေ့ရတော့မည်ဆိုလျှင် အခါတိုင်းကလိုပင် ရင်တုန်သည်။**

**နှလုံးခုန်သည်။ ရှိန်းမြမြအာရုံကို ခံစားရပြန် . . .**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။

**စာတည်း**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်


(၃-၁၁-၂၀၂၁ ရက်နေ့မှအဆက်)

ယင်းသို့ ဟောနေသည့် အရှင်အဿဇိအား ဥပတိဿက ရပ်တော်မူပါဟုတားပြီး သူ့တွင် ကတိကဝတ်ပြုထားသော သူငယ်ချင်းတစ်ဦး ရှိကြောင်း၊ သူသွားခေါ်မည်ဖြစ်ကြောင်း ပြောလေသည်။ ထို့အပြင် အရှင်အဿဇိအား ဥပတိဿက အရှင်၏ ဆရာ ဘုရားသခင်သည် ယခုဘယ်မှာ ရှိသနည်း မေးသည်။ ဝေဠုဝန်ကျောင်းတော်တွင် ယခုသတင်းသုံးနေကြောင်း အဿဇိက ဖြေကြားသည်။

ဥပတိဿကလည်း အရှင်အဿဇိအား သင်ပြန်သွားလော့ဟု ပြောပါသည်။ သူသည် သူငယ်ချင်း ကောလိတကိုခေါ်၍ ဘုရားထံ လာမည်ဖြစ်ကြောင်း ပြောလိုက်လေသည်။

ဥပတိဿ ပရိဗိုဇ်သည် သူငယ်ချင်း ကောလိတ ထံသို့ ပြန်သွားလေသည်။ ၎င်းပြန်လာသည်ကို ကောလိတ မြင်သောအခါ သူ့သူငယ်ချင်း အမူအရာ ထူးခြားသည်ကိုတွေ့ရ၍ တရားထူး ရလာသည်အထင်ဖြင့် ဥပတိဿအား မေးလိုက်ပါသည်။ ဥပတိဿကလည်း သူအဿဇိနှင့် တွေ့ခဲ့ရကြောင်း၊ ဣန္ဒြေရှိသည်၊ တည်ကြည်သည်၊ သူ့အား ဟောလိုက်သော "ယေဓမ္မာ ဟေတုပ္ပဘဝါ" တရားကို ကောလိတအား ပြန်ပြောပြ၊ ဟောပြလေသည်။ ထိုအခါ ဉာဏ်ပညာရှိသူများဖြစ်ကြ၍ ကောလိတသည် သောတာပန် ဖြစ်သွားလေသည်။

သူတို့နှစ်ဦးသည် သူတို့နှစ်ဦး၏နောက်လိုက် ပရိဗိုဇ် ၂၅၀ အား ဘုရားထံသို့သွားမည်၊ နိဗ္ဗာန်ရောက်ကြောင်း အမြိုက်တရား သွားနာမည်ဖြစ်ကြောင်းပြောရာ ယင်းပရိဗိုဇ် ၂၅၀ ကလည်း ၎င်းတို့ အတူလိုက်မည်ဖြစ်ကြောင်း ပြောလေသည်။ ထို့နောက် ၎င်းတို့သည် ပထမက သူတို့နှစ်ဦး၏ ဆရာဖြစ်ခဲ့ဖူးသော သိဉ္စည်းဆရာကြီးအား သူတို့ကို နိဗ္ဗာန်ရောက်ကြောင်းတရား ပြောနိုင်သူ ဘုရားသခင် တွေ့ပြီဖြစ်ကြောင်း၊ သင်၏ ယခုတရားသည် အနှစ်မရှိ၍ သူတို့နှင့်အတူလိုက်ရန် ခေါ်ပါသည်။ သို့သော် သိဉ္စည်းဆရာကြီးက သူသည် ဤရာဇဂြိုဟ်ပြည်၌ ထင်ရှားသော ဂိုဏ်းဆရာဖြစ်ကြောင်း၊ သူ၏မာနကို မလျှော့သောကြောင့် ဘုရားထံ တပည့်မခံသင့်ကြောင်း၊ သူနှင့်ဆက်နေရန် ဥပတိဿနှင့် ကောလိတ တို့အားပြောသည်။ ၎င်းတို့ နှစ်ဦးကလည်း သုံးကြိမ်တိုင်တိုင် ခေါ်၍မရသဖြင့် သိဉ္စည်း ဆရာကြီးအား သူတို့ဘုရားထံသို့ သွားမည်ဖြစ်ကြောင်း ပြောသည်။ ထို့အပြင် ၎င်းဆရာကြီးသည် "အိုးစရည်းကြီးကို လက်ငင်အိုးငယ် မပြုသင့်"



လောက၌ ပညာရှိသူက နည်းသည်၊ ပညာနည်းသူက များသည်၊ သူ့ထံတွင် ပညာနည်းသူများ သူ၏ နည်းနာကို ခံယူကြလိမ့်မည် စသည်ဖြင့်ပြောကာ ၎င်းသိဉ္စည်းဆရာကြီးက မလိုက်လိုကြောင်း ငြင်းနေလေသည်။

ဥပတိဿနှင့် ကောလိတသည် ဆရာကြီးအား ဤလောက၌ အတုမရှိသော ဘုရားရှိနေသည်။ လူအပေါင်းတို့သည် သင့်ထံသို့ လာမည်မဖြစ်နိုင်ကြောင်း ပြောသည်။ နောက်ဆုံး၌ ဆရာကြီးက လောကမှာ ပညာမရှိသူများသည် ပညာမဲ့သူများနှင့် ပေါင်းမည်။ ဆင်းရဲသူများသည် ဆင်းရဲသူများနှင့် သာ ပေါင်းမည်။ ယင်းသို့ဖြစ်ခြင်းသည် လောကဓမ္မတာ ဖြစ်ကြောင်းပြော၍ ၎င်းတို့နှစ်ဦး (ဥပတိဿနှင့် ကောလိတ)၏ တပည့် ၂၅၀ တို့အား ဘုရားထံ သွားခြင်းကို ခွင့်ပြုလိုက်လေသည်။

**ဥပတိဿနှင့် ကောလိတသည် ဆရာကြီးအား ဤလောက၌ အတုမရှိသော ဘုရားရှိနေသည်။ လူအပေါင်းတို့သည် သင့်ထံသို့ လာမည်မဖြစ်နိုင်ကြောင်း ပြောသည်။ နောက်ဆုံး၌ ဆရာကြီးက လောကမှာ ပညာမရှိသူများသည် ပညာမဲ့သူများနှင့် ပေါင်းမည်။ ဆင်းရဲသူများသည် ဆင်းရဲသူများနှင့်သာ ပေါင်းမည်။ ယင်းသို့ဖြစ်ခြင်းသည် လောကဓမ္မတာ ဖြစ်ကြောင်းပြော၍ ၎င်းတို့နှစ်ဦး (ဥပတိဿနှင့် ကောလိတ) ၏ တပည့် ၂၅၀ တို့အား ဘုရားထံသွားခြင်းကို ခွင့်ပြု**

ဥပတိဿနှင့် ကောလိတတို့သည် သူတို့၏ တပည့်ပရိဗိုဇ် ၂၅၀ နှင့်အတူ ဘုရားရှင် သီတင်းသုံးရာ ဝေဠုဝန်ကျောင်းသို့ သွားကြလေသည်။ သိဉ္စည်းဆရာကြီးသည် သူ့ထံမှ ၎င်းတို့ ခွဲခွာသွားသည်ကိုမြင်၍ ရင်ဝမှစူး၍ ပါးစပ်မှသွေးများ အန်ထွက်လေတော့သည်။

### အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အဂ္ဂသာဝကနှစ်ပါး ဖြစ်လာခြင်း

ဘုရားရှင်သည် ပရိသတ်လေးပါးတို့အား ပြာသိုလကွယ်နေ့တွင် ဝေဠုဝန်ကျောင်း၌ တရားဟောနေသည်။ ထိုအခါ၌ ဥပတိဿနှင့် ကောလိတ တို့သည် ပရိဗိုဇ် ၅၀၀ ဖြင့် ဘုရားထံသို့ လာကြပါသည်။ ယင်းသို့လာနေသည်ကို ဘုရားရှင် မြင်လေသည်။ ဘုရားရှင်သည် သူ့အပါးတွင် တရားနာကြသော ပရိသတ်(ရဟန်း) တို့အား ယခုလာနေသော ဥပတိဿနှင့် ကောလိတတို့သည် နောင်ကာလ၌ ဘုရားရှင်၏ လက်ဝဲရံ၊ လက်ယာရံ သာဝကနှစ်ပါး ဖြစ်လတ္တံ့ဟု မိန့်တော်မူလေသည်။

ထိုသူအားလုံးသည် ဘုရားရှင် ခြေတော်ရင်းတွင် ဝပ်တွားရှိခိုးပူဇော်၍ သူတို့အား ရဟန်းဝတ်ပေးပါရန် လျှောက်ထားကြလေသည်။ ဘုရားရှင်ကလည်း "ဧဟိဘိက္ခု"ဟု ခေါ်စေသည်။ ထို့နောက် ပရိဗိုဇ်များသည် ရဟန်းအသွင်သို့ ရောက်ကြလေသည်။ ဥပတိဿနှင့် ကောလိတ နှစ်ဦးမှလွဲ၍ ကျန်ပရိဗိုဇ်များသည် ဘုရား၏ တရားနာပြီး ရဟန္တာဖြစ်ကုန်လေသည်။ ထိုသူသည် အဘယ်ကြောင့် ရဟန္တာဖြစ်သည်မှာ ကြီးမားကျယ်ပြန့်လှသော အဂ္ဂသာဝက ပါရမီဉာဏ်၏ ပရိကံမပြည့်သေးကြောင်း သောတာပန်အဖြစ်နှင့်သာ ရှိလေသည်။

ကောလိတသည် ခုနစ်ရက်မြောက်သော နေ့တွင် ရာဇဂြိုဟ်ပြည်အနီးတွင်ရှိသော "ကာလဝါလ" ရွာ၌ ဆွမ်းခံပြုနေစဉ် ဖြစ်သည်။ ခုနစ်ရက်ပတ်လုံး၌ တောအုပ်တစ်ခုထဲ၌ စင်္ကြံသွား၍ ရဟန်းတရား အားထုတ်သည်။ ယင်းသို့ဖြင့် မောပန်းသဖြင့် ထိနမိဒ္ဓဖြစ်လျက် ထိုင်လျက် ငိုက်မြည်းလေသည်။ ဘုရားရှင်က ၎င်းအား အထူးသတိပေးသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ အမြိုက်တရား ရှာဖွေလျက်ရှိပါလျက် ရန်သူများဖြစ်သော ထိန၊ မိဒ္ဓ၊ ပမာဒတရားတို့ ပေါင်းသင်းရပါလဲဟူ၍ သတိပေးသည်။ ထိုအခါ ကောလိတသည် ဘုရားပေးသော ဓာတုကမ္မဋ္ဌာန်းကို ဆက်ပွားရာ ရဟန္တာဖြစ်သွားလေသည်။

ဥပတိဿသည် ၁၅ ရက်ကြာသောအခါ ဂိဇ္ဈကုဋ်တောင်ရှိ "သူကရခါတ"မည်သော လိုဏ်ဂူတွင် နေတော်မူစဉ် ဖြစ်သည်။ ဘုရားရှင်က ၎င်း၏တူ ပရိဗိုဇ် "ဒီဃနခ"မည်သော ပုဂ္ဂိုလ်အား ဟောကြားသော ဝေဒနာပရိဂ္ဂဟသုတ္တန်တော်ခေါ်သည့် "ဒီဃနခ" သုတ္တန်ကို အစဉ်တစ်လျှောက် ၎င်း၏ ဉာဏ်ဖြင့် စီးဖြန်းနှလုံးသွင်းတော်မူလေသည်။ သို့ဖြစ်၍ တပို့တွဲလပြည့်၌ ရဟန္တာဖြစ်သွားလေသည်။

ဘုရားရှင်သည် ယင်းနေ့မှာပင် ရဟန္တာ သာဝကများအား အစည်းအဝေးခေါ်၍ သာဝက သန္နိပါတ၌ပင် ဘုရားရှင်က ဥပတိဿအား ဓမ္မသေနာပတိ လက်ယာရံ အဂ္ဂသာဝကအဖြစ်လည်းကောင်း၊ ကောလိတအား လက်ဝဲရံတန်ခိုးရှင် အဂ္ဂသာဝကအဖြစ်လည်းကောင်း အဂ္ဂသာဝက အရာများ ထားတော်မူလေသည်။ ဘုရားရှင်သည် အစည်းအဝေး၌ ရှေ့ဘုရားရှင်များအားလုံး၏ အဆုံးအမအကျဉ်းချုပ်ကို သုံးဂါထာရှိ ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။ ဘုရားရှင်သည် ပထမဝါတော်ဆယ်တွင် ကိုယ်တော်တိုင် ပြတော်မူသည်။ ထို့နောက် ရဟန်းတို့သည် အပြစ်များကို ကျူးလွန်ကြသောကြောင့် ပညာသတ်တားပါသည်။ ၎င်းကို "အာဏာပါတိမောက်" အမည် တစ်လနှစ်ကြိမ် သာဝကများ ရွတ်ဆိုပြသကြလေသည်။

မှတ်ချက်။

ဗောဓိ သုံးမျိုးရှိသည်။ ယင်းသုံးမျိုးမှာ

(၁) သမ္မာသမ္ဗောဓိ၊

(၂) ပစ္စေကသမ္ဗောဓိ၊

(၃) သာဝကသမ္ဗောဓိ ဟူ၍ ဖြစ်ပါသည်။

**၁။ သမ္မာသမ္ဗောဓိ**

၎င်းသည် သဗ္ဗညုတဉာဏ်ကို ရရှိသော ဘုရားအဖြစ်သို့ရောက်ရှိရန် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အလယ်အားဖြင့် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီများ ဖြည့်ဆည်းရလေသည်။

**၂။ ပစ္စေကသမ္ဗောဓိ**

ပစ္စေကဗုဒ္ဓဖြစ်ရန် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းရသည်။

**စာမျက်နှာ ၂၃ သို့** ✧

✧ စာမျက်နှာ ၂၂ မှ

၃။ သာဝကသမ္ဘောဓိ

က” “အဂ္ဂသာဝက” ဖြစ်ဖို့ရန် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းရသည်။

“ခ” “မဟာသာဝက” ဖြစ်ဖို့ရန် ကမ္ဘာ တစ်သိန်းတိတိ ဖြည့်ဆည်းရသည်။

“ဂ” “ရဟန္တာသာဝက” ဖြစ်ဖို့ရန်က ဘုရားရှင်နှင့် တွေ့ကြုံပါက မိမိတို့ နိဗ္ဗာန်ရကြောင်း ကျင့်ကြံအားထုတ်ရ၍ တစ်သိန်းပင် ဖြည့်ကျင့်ရန်မလိုကြောင်း ဖော်ပြထားပါသည်။

ဥပတိဿသည် ရှင်သာရိပုတ္တာ ခေါ်ရခြင်းသည် “သာရီ” ပုဏ္ဏားမ၏ သားဖြစ်သောကြောင့် (ပုတ္တ = ပုတြ) ဖြစ်ခြင်းကြောင့် အမည်တွင်လေသည်။ ကောလိတသည် “မောဂ္ဂလီ” ပုဏ္ဏားမ၏ သားဖြစ်သောကြောင့် မောဂ္ဂလာန် အမည်တွင်လေသည်။ ထို့အပြင် ၎င်းတို့၏ အမည်ရင်းများ မထင်ရှားဘဲ ယင်းအမည်ဖြင့် ထင်ရှားလေသည်။

ပညာအရာတွင် ဘုရားရှင်မှလွဲလျှင် ရှင်သာရိပုတ္တရာသည်လည်းကောင်း၊ တန်ခိုးအရာတွင် ဘုရားရှင်မှလွဲလျှင် အရှင်မောဂ္ဂလာန်သည်လည်းကောင်း ထင်ရှားကျော်ကြားလေသည်။

**မိုက်မဲသောသူသည် မိုက်သည့်နေရာတွင်သာ ပျော်မွေ့ခြင်းနှင့် မိုက်မဲသော သိဉ္စည်းဆရာ၏အကြောင်း လျှောက်ထားခြင်း**

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့အား ဘုရားရှင်က လက်ဝဲရံ၊ လက်ယာရံ အဂ္ဂသာဝကအဖြစ် ချီးမြှောက်ပြီးသောအခါ ယခင်က မိမိဆရာဖြစ်ဖူးသော “သိဉ္စည်း” ဆရာကြီး၏အဖြစ်ကို ဘုရားထံသို့ လျှောက်ထားပါသည်။ လျှောက်ထားကြပုံမှာ “သူတို့သည် အရှင်အသဩ၏ တရားကိုနာပြီး သောတာပန်ဖြစ်ပြီးနောက် သူ့ဆရာကြီးအား ယခုကျင့်ကြံအားထုတ်နေသော အကျင့်သည် အကျင့်မြတ်မဟုတ်၊ နိဗ္ဗာန်သို့ မရောက်နိုင်ကြောင်း” အမှန်တကယ် သေခြင်းကင်းသောနေရာသို့ ရောက်နိုင်သောတရားကို ကျင့်ကြံအားထုတ်ရန် လမ်းညွှန်ပေးသော ဘုရားထံသို့ ယင်းသိဉ္စည်းဆရာကြီးအား ခေါ်ပါသည်။

၎င်းက ငြင်းပယ်ပါသည်။ မလိုက်လိုကြောင်း “သူ့လို ဂိုဏ်းဆရာကြီးတစ်ဦးက အိုးစရည်းကြီးဖြစ်ပြီးခါမှ သူတစ်ပါးလက်အောက်ခံငယ်သားဆွဲအိုးငယ်ကဲ့သို့ မဖြစ်လိုကြောင်း” ပြန်ဆိုပါသည်။ ထို့အပြင် “ပညာရှိသောသူများသာ ဘုရားရှင်ထံသို့ သွားလိမ့်မည်။ ပညာနည်းသောသူများသည် သူ့ထံသို့လာကြမည်။ သင်တို့သာ သွားကြပါ”ဟု ပြောဆို၍ ငြင်းပယ်လိုက်ကြောင်း ဘုရားရှင်အား ပြန်ပြောပြလေသည်။

ဘုရားရှင်သည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့အား ဤသို့အားဖြင့် မိုက်မဲမှုကို တစ်ဂါထာဖြင့် ပြန်ပြောဟောကြားသည်။ မိုက်မဲ၍ အနှစ်မရှိသောတရားတို့၌ ပျော်မွေ့၍ ပညာရှိဟန်ဆောင်နေသူတို့သည် အနှစ်ရှိသောတရားဖြစ်သည့် “သီလ၊ သမာဓိ၊ ပညာတို့သည်လည်းကောင်း မရနိုင်ကြောင်း” ဟောကြားလိုက်ပါသည်။ ထို့အပြင် ၎င်းသိဉ္စည်းဆရာကြီး၏ မိုက်မဲမှုကို ဘုရားရှင်က ရှင်းပြဟောပြောရာတွင် “မှားယွင်းသော အယူဝါဒကို လူမိုက်တို့သည် မှားယွင်းသော အကြံအစည်များ၌ ပျော်မွေ့တတ်ကြောင်းကိုလည်း ဟောကြားပါသည်။

**အရှင်မဟာကဿပအလောင်း ရဟန်းပြုခြင်း**

အရှင်မဟာကဿပ အလောင်းတော်သည် မာဂဓရာဇ်တိုင်း “မဟာကိတ္တ”မည်သောရွာ၌ အလွန်ချမ်းသာကြွယ်ဝသော မင်းပုဏ္ဏားကပိလ၏ သားဖြစ်ခဲ့ပါသည်။ ၎င်း၏အမည်မှာ “ပိပ္ပလိ” ဖြစ်ပါသည်။ ပိပ္ပလိ အရွယ်ရောက်လာသောအခါ မိဘတို့သည် အိမ်ထောင်ပြုစေလိုပါသည်။ ၎င်းသည် ကာမဂုဏ်တရားကို စက်ဆုပ်၍ အိမ်ထောင်ပြုလိုသောဆန္ဒမရှိပါ။ မိဘတို့က အတင်းအဓမ္မ အိမ်ထောင်ပြုခိုင်းသောအခါ အကြိမ်ကြိမ်ငြင်းပယ်ခဲ့ပါသည်။

သူသည် အိမ်ထောင်မပြုလိုသောကြောင့် လှပသည့် ရွှေစင်ရုပ်ကဲ့သို့ အမျိုးသမီးရုပ်ကို ထုလုပ်၍ မိဘများအား “ဤရုပ်လို အမျိုးသမီးမျိုးသာ အိမ်ထောင်ပြုမည်” ဟု ပြောလေသည်။ မိဘများကလည်း ရွှေစင်ရုပ်ကဲ့သို့ လှပသောသူကို ရှာလေသည်။ မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ အလွန်ချမ်းသာကြွယ်ဝသော “ကောလိတ” မည်သော မင်းပုဏ္ဏား၏သမီးကို တွေ့သည်။ ၎င်း၏အမည်မှာ “ဘဒ္ဒကာ ပိလာနီ” ဖြစ်သည်။ မိဘတို့သဘောတူညီချက်ဖြင့် အိမ်ထောင်ပြုခိုင်းလေသည်။ ထိုသို့အိမ်ထောင်ပြုသောအခါ မိဘတို့မသေမီ ဟန်ဆောင်လင်မယားအဖြစ် နေထိုင်ပေးလေသည်။ ၎င်းတို့နှစ်ဦးသည် ဗြဟ္မာပြည်မှလာသူများဖြစ်ကြပါသည်။

သူတို့နှစ်ဦးသည်မိဘတို့ကွယ်လွန်ကြသောအခါ သူတို့ပိုင်သော ပစ္စည်းဥစ္စာတို့ စွန့်လွှတ်ခဲ့ပါသည်။ ၎င်းတို့သည် ဈေးမှသင်္ကန်း၊ မြေသပိတ်များကို ဝယ်၍ ဆရာကောင်းရှာလေသည်။ တောတစ်ခုသို့ ရောက်သောအခါပိပ္ပလိကသည် ဘဒ္ဒကာပိလာနီအား သူတို့နှစ်ဦး အတူသွား၍ မသင့်တော်ကြောင်းပြောပြီး လမ်းခွဲရန်စီစဉ်လေသည်။ ဘဒ္ဒကာပိလာနီသည် ယင်းစကားကို ကြားရသော် ပူဆွေးရသည်။ သို့သော် ပါရမီဖြည့်ဖက်ဖြစ်သောကြောင့် ပိပ္ပလိကအား လက်ယာဘက်လမ်းကိုသွားပါ။ သူကား လက်ဝဲဘက်လမ်းကိုသွားမည်ဟုဆိုပြီး လမ်းခွဲကြပါသည်။ ထိုပါရမီရှင်နှစ်ဦးတို့၏ ပြုကျင့်ပုံသည် ကောင်းမြတ်သောအကျင့်ဖြစ်ကြောင်း မဟာပထဝီမြေကြီးသည် ကောင်းချီးသြဘာပေးသည့်သဘောဖြင့် တုန်လှုပ်လေသည်။

ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတွင် ဂန္ဓကုဋိ၌ ပြန်စဉ် မဟာပထဝီမြေကြီး တုန်လှုပ်၍ သမန္တစက္ခုဖြင့် ရှုတော်မူရာ သူ့ထံသို့လာရာ ပိပ္ပလိကနှင့် ဘဒ္ဒကာပိလာနီတို့ လမ်းခွဲသောကြောင့် ကမ္ဘာမြေကြီးက ချီးကျူးအားပေး၍ လှုပ်ခြင်းဖြစ်ကြောင်း သိပါသည်။ ထိုအခါ ဘုရားရှင်သည် ၎င်းတို့အားကြိုရန် တစ်ပါးတည်း သုံးဂါဝုတ်ဝေးသောနေရာသို့ ကြွတော်မူသည်။ ရာဇဂြိုဟ်နှင့် နလန္ဒာမြို့အကြား “ဗဟုပုတ္တက” အမည်ရှိ ညောင်ပင်၌ ထိုင်တော်မူ၍ ရောင်ခြည်တော် ခြောက်သွယ်လွှတ်၍ နေလေသည်။

ပိပ္ပလိကသည် ဘုရားရှင်၏ ရောင်ခြည်တော်လွှတ်သည်ကို တွေ့သည်။ သူသည် ၎င်းသည် ကေန်အမှန်စင်စစ် ဘုရားဖြစ်သည်ကိုလည်းသိ၍ ရွှင်လန်းကြည်နူး၍ မြင်သည့်အရပ်မှပင် တုပ်ကွ ရိုကျိုး ရှိခိုးပူဇော်လေသည်။ ထို့အပြင် ၎င်းသည် “သတ္ထာမေ ဘန္တေ ဘဂဝါ သာဝကော ဟမသ္မိ”ဟူ၍ ဆိုသည်။ အရှင်ဘုရားသည် တပည့်တော်၏ ဆရာဖြစ်သည်။ တပည့်တော်သည် ဆရာ၏တပည့်ဖြစ်သည်ဟူ၍ ဘုရားရှင်အား လျှောက်ထားပြောကြားလေသည်။

ဘုရားရှင်သည် ငယ်နာမည် “ပိပ္ပလိက” အမည်ကို မခေါ်ဘဲ မျိုးနွယ်အမည်ကို “ကဿပ” ခေါ်၍ သင်သည် သီလ၊ သမာဓိ၊ ပညာဖြင့် ပြည့်စုံသောသူဖြစ်သဖြင့် အတုမရှိသော ဘုရားရှင်သာလျှင် သင်၏ ရိုသေဝပ်တွားမှုကို ခံနိုင်ပေသည်။ တစ်ပါးသူတို့ မခံနိုင်ကြောင်း ပြောကြားသည်။ သူ့အား အနားသို့ခေါ်ပြီး လောကုတ္တရာတရားအမေးကို ပေးမည်ဟုဆို၍ ဂါထာသုံးဂါထာဖြင့် မြွက်ကြားဆုံးမသည်။ ဤသို့ဖြင့် ၎င်းသည် ရဟန်းအဖြစ်သို့ ရောက်လေသည်။ ဤသို့ဖြင့် ပိပ္ပလိကသည် ငယ်နာမည်ပျောက်၍ မျိုးနွယ်အမည် ကဿပတွင်ပေသည်။ ထို့နောက် ၎င်း၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကြောင့် “မဟာကဿပ” တပ်၍ ထင်ပေါ်ကျော်ကြားလေသည်။

ဘုရားရှင်သည် နေရာမှထ၍ ကဿပအား ခေါ်ပြီး ခရီးကြွတော်မူခဲ့ပါသည်။ တစ်ဂါဝုတ်သို့ ရောက်သောအခါ ဘုရားရှင်သည် သစ်ပင်အောက်သို့ဝင်လျှင် ကဿပသည် ပခုံးထက်ပါသော ငွေတစ်ထောင် ထိုက်တန်သည့် ဒုကုဋ်သင်္ကန်းကို လေးထပ်ပြု၍ ယင်းအပေါ်သို့ ဘုရားရှင်အား ထိုင်ခိုင်းလေသည်။ ယင်းဒုကုဋ်သင်္ကန်းသည် နူးညံ့သည်ဟု ဆိုပါသည်။ ယင်းသင်္ကန်းကို သုံးဆောင်ပါဟု ဘုရားရှင်အား လှူတော်မူလေသည်။

ဘုရားရှင်က ကဿပအား ဤသင်္ကန်းအား သင်ကျွန်ုပ်အား လှူလျှင် ဘယ်မည်သောသင်္ကန်းတို့ ဝတ်မည်နည်းမေးသည်။ ထိုအခါ၌ ကဿပက သင်ပိုင်းတော်များကို ပေးသနားလျှင် သူနေလို့ရကြောင်း ပြန်လျှောက်ထားပါသည်။

ဘုရားရှင်သည် သူ့ပခုံးထက်တွင် ပါလာသော ပိုက်ဆံလျှော်ဖြင့် ပြုလုပ်ထားသည့် ဒုကုဋ်သင်္ကန်းကို ကဿပအား ပေးလေသည်။ ထို့အပြင် ဤသင်္ကန်းသည် ပံသုကူဒုကုဋ်ဖြစ်ကြောင်း၊ ယင်းသင်္ကန်းကို ကောက်ယူစဉ်က မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် တုန်လှုပ်ခဲ့ပါသည်။ ထိုသင်္ကန်းသည် ဘုရားရှင်အား သူအသုံးပြုဖြစ်သည်။ အခြားသူများ ဝတ်၍မထိုက်ပါ။ သီလ၊ သမာဓိ၊ ပညာရှိသောသူသာလျှင် ထိုက်သောကြောင့် ကဿပအား ပေးတော်မူသည်။

ဘုရားရှင်နှင့် ကဿပတို့ သင်္ကန်းများလဲလှယ်ရာ၌ မဟာပထဝီမြေကြီးက ကောင်းချီးပေးသည့်အနေဖြင့် ဆတ်ဆတ်ခါ တုန်လှုပ်လေသည်။ ဘုရားရှင်လည်း ဝေဠုဝန်ကျောင်းသို့ပြန်ရောက်သောအခါ ဓုတင်တစ်ဆယ့်သုံးပါးကျင့်ဝတ်ကို ဟောတော်မူလေသည်။ ရှင်မဟာကဿပကလည်း လုံ့လစိုက်အားထုတ်၍ ရှစ်ရက်မြောက်သောနေ့တွင် ရဟန္တာဖြစ်သွားလေသည်။ ရှင်မဟာကဿပသည် ဓုတင်ဆောင်သောရဟန်းများအနက် အမြတ်ဆုံးသူဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်က ဓုတင်တည်ဆောက်သော ရဟန်းများတွင် ဓုတင်္ဂ (ဓုတင်) “ဧတဒဂ်” အရာ၌ ထားတော်မူလေသည်။ နောင်သောအခါ၌ ဘုရားရှင်သည် အရှင်မဟာကဿပအား ဓုတင်တစ်ဆယ့်သုံးပါးကို ဆောင်သော “ဧတဒဂ်” ဘွဲ့ကို ပေးတော်မူသည်။ ဓုတင်ဆောင်သောအရာ၌ ဘုရားရှင်အား အလွန်လေးစားသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံသောအခါ ရှင်မဟာကဿပသည် ၎င်းအား ဘုရားရှင်မှ ပေးထားသော ပံသုကူဒုကုဋ်သင်္ကန်းကို သတိရ၍ ဘုရားရှင်အား ချီးမြှောက်သောအားဖြင့် ဘုရားသာသနာ အဓွန့်ရှည်တည်တံ့ရန် ပထမသင်္ဂါယနာကို ဦးစီး၍တင်သည်။ ဘုရားဟောတရားတော်များကို သုတ်သင်စုစည်း၍ ထိန်းသိမ်းစောင့်ရှောက်တော်မူလေသည်။

**ဘုရားရှင်အား လူမျိုး မျိုးပြုတ်သူဟု စွပ်စွဲကြခြင်း**

ရာဇဂြိုဟ်ပြည်၌ နှစ်လကြာ သီတင်းသုံးနေသည်။ ထိုအခါ ပြည်သူပြည်သားများသည် ဘုရားရှင်အား အထင်လွဲမှား စွပ်စွဲကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်သည် ရာဇဂြိုဟ်၌ သီတင်းသုံးနေစဉ်အတွင်း အမျိုးကောင်းသားတို့သည် ရဟန်းဝတ်ကြလေသည်။ ဤဘုရားထံတွင် ရဟန်းဝတ်ခြင်းကြောင့် သူတို့သား၊ လင်စသည်တို့သည် ရဟန်းဝတ်သောကြောင့် သားမြေးမရှိစေအောင် ဖန်တီးသည်ဟု ထင်ကြပါသည်။

ယင်းသို့ပြောဆိုသည်။ သိဉ္စည်းဆရာ၏ တပည့်များ ၂၅၀ သည် ဘုရားထံသို့ ရဟန်းဝတ်ကြသည်။ ဖျောင်းဖျစည်းရုံးသည်ဟု ကဲ့ရဲ့ပြစ်တင်ရှုတ်ချကြကုန်သည်။ ရဟန်းတို့ ဆွမ်းခံကြွကြသောအခါ လူမျိုးပြုတ်အောင်လုပ်သော ရဟန်းများလာကြပြီဟူ၍ ပြည်သူပြည်သားများက ကဲ့ရဲ့ပြစ်တင် ရှုတ်ချကြသည်။ ရဟန်းတို့ကလည်း ယင်းအကြောင်းကို ဘုရားထံ ပြန်လျှောက်ကြပါသည်။

ဘုရားရှင်က ရဟန်းတို့အား ကဲ့ရဲ့ရှုတ်ချပြစ်တင်သော စကားသည် မကြာရှည်ပါ။ ဤသို့ ပြောဆိုခံရခြင်းကြောင့် သင်တို့လည်း အကျိုးမယုတ်ပါ။ သင်တို့မှ သူတို့ သတိတရားရစေရန် ပြည်သူပြည်သားများအား ပြန်ပြောဆိုရန်လည်း ဘုရားမှ သွန်သင်ပေးလိုက်ပါသည်။ မြင့်မြတ်၍ကြီးမြတ်သော လုံ့လရှိသူဖြစ်ကြသည်။ ဘုရားရှင်တို့သည် သူတစ်ပါးအား အနိုင်ထက်ကျင့်၍ မပြုဆောင်၊ သူတော်ကောင်းတရားတို့၌ တည်သဖြင့် ဤသို့စည်းရုံးခြင်းမပြုပါ။ ဤသို့ တရားသဖြင့် စည်းရုံးလှုံ့ဆော်မှုပြုသော ပညာရှိသူတော်ကောင်းများအား စောင်းမြောင်းပြူစုပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်းတို့သည် သင်တို့ အဘယ်အကျိုးရှိအံ့နည်းဟူ၍ ရဟန်းတို့ကို သင်ကြားပေးလိုက်ပါသည်။

ဤကဲ့သို့ ပြန်ပြောသောအခါ ပြည်သူပြည်သား၏ ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းသည် မကြာမီပင် ပျောက်ငြိမ်းသက်သွားလေသည်။ ။



## မူဆယ်မြို့ ဈေးရောင်းချသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မူဆယ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် ( မြောက်ပိုင်း) မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာနပိုင်အမှတ် (၁) ဈေးနှင့် အမှတ်(၂)ဈေးအတွင်း၌ ဈေးရောင်းချလျက်ရှိသော မှတ်ပုံတင်ဆိုင်ခန်းများနှင့် ပျံကျဈေးသည်များအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဈေးရောင်းချမှု ရှိ၊ မရှိကိုလည်းကောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု ရှိ၊ မရှိကိုလည်းကောင်း ဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။ ၂၁၀

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်– တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# “မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**
“မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်” တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၈)ကို နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို “Golden Star Music Band တေးဂီတအဖွဲ့”၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် မင်းခန့်ကျော်၊ ဒုံချပ်၊ သွန်းရွှေလျှံ၊ ထက်အာကာကျော်၊ လင်းဝတီသင်း၊ ရဲရင့်ဝေလွင်၊ ခင်လပြည့်ဝန်း၊ မေထူးကျော်၊ ကေရီအောင်၊ ထက်ရတီလွင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# “ဦးဦး တို့ အငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**
အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ “ဦးဦး တို့ အငြိမ့်” ဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၀ ရက် ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော် ဒိန်းဒေါင်က စီစဉ်ပြီး ဟာသမင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး နီနီထက်၊ ရွှေထွက်မင်းသမီး ကြာနွယ်၊ လူရွှင်တော်များဖြစ်ကြသည့် ငြိမ်းချမ်း၊ အုန်းသီး၊ မိုးတိမ်၊ ပေါ်ဦးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၂၄ ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်လအန်ဆန်၏ပွဲစဉ် လာမည့်နှစ် အစောပိုင်းမှသာ ပါဝင်ဖွယ်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၇**
နာမည်ကြီး မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ ပွဲစဉ်မှာ လာမည့်နှစ် အစောပိုင်းမှသာ ပါဝင်လာဖွယ်ရှိနေသည်။ ONE Championship သည် ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်မည့်ပြိုင်ပွဲများကို ထုတ်ပြန်ခဲ့ရာ ပါဝင်လာခြင်း မရှိသဖြင့် လာမည့်နှစ်မှသာ ပါဝင်လာဖွယ်ရှိနေခြင်းဖြစ်သည်။



**ပြန်လည်ဆုံးဖြတ်မည်**

အောင်လအန်ဆန်သည် ဇူလိုင်လကုန်ပိုင်းက ထိုးသတ်သည့် စိန်ခေါ်ပွဲတွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုကို အနိုင်ရခဲ့သဖြင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်နိုင်ရန် အခွင့်အရေးရှိလာခဲ့ပြီး လာမည့်ပွဲတွင် စိန်ခေါ်ပွဲ သို့မဟုတ် ချန်ပီယံလုပွဲ ထိုးသတ်ခွင့် ပြုမပြုကို ONE Championship က ပြန်လည်ဆုံးဖြတ်မည်ဖြစ်သည်။ ONE Championship သည် ယခုနှစ်ကုန်ပိုင်းတွင် နာမည်ကြီး ကစားသမား အများအပြားပါဝင်သည့် ပြိုင်ပွဲတစ်ခု ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်သည်။ အောင်လအန်ဆန်သည် ၎င်းရရှိထားသည့် မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုတို့ကို လက်လွှတ်ခဲ့ရပြီး နောက်ပိုင်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထားကြိုးပမ်းနေခြင်းဖြစ်သည်။

ONE Championship သည် လာမည့်နှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများကို ယခုနှစ် မကုန်မီ ထုတ်ပြန်မည်ဖြစ်ပြီး အောင်လအန်ဆန်၏ တွဲဆိုင်းမှာလည်း နှစ်ဆန်းပိုင်း ပြုလုပ်မည့် ပြိုင်ပွဲများတွင် ပါဝင်လာဖွယ်ရှိနေသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - ONE Championship**

**❖ အာဂျင်တီးနားအသင်းမှ**
နှစ်နှစ်တာကာလအတွင်းမှာ ၂၇ ပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာလည်း အာဂျင်တီးနားအသင်းနဲ့အတူ တောင်အမေရိကဇုန်ခြေစစ်ပွဲစဉ်တွေမှာ ရှုံးပွဲမရှိတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတာဖြစ်ပါတယ်။

**ငွေကြယ်**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**




# ရေးမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး

**ရေး နိုဝင်ဘာ ၁၇**
မွန်ပြည်နယ် ရေးမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီမှစတင်၍ သတ်မှတ်ဆေးထိုးစုရပ်ကျောင်းများတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးရာတွင် အောက်တိုဘာလပထမပတ်တွင် (ပထမအကြိမ်) ကာကွယ်ဆေး ထိုးနှံထားသည့် ကျောင်းသားကျောင်းသူများအား ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်သည်။ ဆေးထိုးစုရပ်များသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ် ပညာရေးမှူး ဦးမင်းငွေဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ရေးမြို့နယ်၌ သတ်မှတ်ဆေးထိုးစုရပ် အထက(၁)၊ အထက(ကျောင်းရွာ)၊ အထက(အာယုတောင်)၊ အထက(ဇီးဖြူသောင်)၊ အထက(ဒူးယား)၊ အထက(ဟံဂံ)၊ အထက(ခေါဇာ)၊ အထက(တောင်ဘုံ)၊ အထက(မော့ကနင်)၊ အထက(လမိုင်း)၊ အထက(နှစ်ကရင်)တို့တွင် ကျောင်းသားကျောင်းသူ ၆၀၆၄ ဦးအား ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးက ပြောသည်။

**ခင်သိမ့်သိမ့်ရည်**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်(၄၅၁)**တွင်နေထိုင်သော **ဦးဖြိုးငြိမ်း [၁၂/မဂဒ(နိုင်)၁၁၇၃၈၈]**သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-










**မှတ်ပုံတင်စာချုပ်အမှတ် - ၄/၃၉၂၁/ ၂၀၂၁(၅-၁၁-၂၀၂၁)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မွေးပျားရည်အပြင် ပျားရည်နှင့်ဆက်စပ်သော စားသောက်ကုန်တို့အား ထုတ်လုပ်မှု ပုံစံဒီဇိုင်းအမျိုးမျိုးတို့ဖြင့် Online System ဖြင့်ဖြစ်စေ၊ ဆိုင်ခန်းများဖွင့်လှစ်၍ ဖြစ်စေ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို ဆင်တူယိုးမှား၊ မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်မောင်(LL.B,D.B.L)** | **ဒေါ်မြတ်ဆုဝေ(LL.B,D.B.L)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၈၅၈)** | **(စဉ်-၁၆၅၁၁)** | **(စဉ်-၁၆၄၇၄)** |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၉၉၈၅၉၀၂၊ ၀၉- ၄၅၅၇၅၀၁၉၂**

## အဆောက်အဦနှင့် မြေကွက်များပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားငုတ်တို(က)ရပ်ကွက်၊ တွံတေး-ဒလလမ်း၊ ကွင်း အမှတ်(၁၁၁)၊ ကွင်းအမည်-ထန်းပင်ရိုးကွင်း၊ ဦးပိုင်အမှတ်(၃/၄)ဟုခေါ်တွင်သော ဒေါ်ခေါ်နှိုင်ဆန်[၁၃/ကခန(နိုင်)၀၂၉၈၂၁]အမည်ဖြင့် မှတ်သားတည်ရှိနေသည့် ဧရိယာ(၀.၀၆၂)ဧကရှိ မြေကွက်ကြီးအနက်မှ(ပေ ၈၆/၁၀၂ x ၁၄၀ ပေ)အကျယ်အဝန်းရှိ အဆောက်အဦအပါမြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားငုတ်တို(က)ရပ်ကွက်၊ တွံတေး-ဒလလမ်း၊ ကွင်းအမှတ်(၁၁၁)၊ ကွင်းအမည်-ထန်းပင်ရိုးကွင်း၊ ဦးပိုင်အမှတ်(၃/၇)ဟုခေါ်တွင်သော ဒေါ်ခေါ်နှိုင်ဆန်[၁၃/ကခန(နိုင်)၀၂၉၈၂၁]အမည်ဖြင့် မှတ်သားတည်ရှိနေသည့် ဧရိယာ(၀.၁၄)ဧကရှိ မြေကွက်ကြီးအနက်မှ ပေ( ၇၈/၄၀ x၁၂၄/၆၇/၃၆)အကျယ်အဝန်းရှိ အဆောက်အဦအပါမြေကွက် (၂)ကွက်သည် အမည်ပေါက်သူ ဒေါ်ခေါ်နှိုင်ဆန်ထံမှ ဒေါ်ရင်ရှုန်း [၁၃/ကခန(နိုင်)၁၁၈၆၆၄]က တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အဆောက်အဦအပါ မြေကွက်(၂)ကွက်၏ပိုင်ရှင်မှာ ဒေါ်ရင်ရှုန်း သာတရားဝင်ပိုင်ဆိုင်သူ ဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရင်ရှုန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လူနေရပ်ကွက်အမှတ်-မြတ်ရတနာ အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်-အောင်ချမ်းသာမြို့ကွက်သစ်၊ မြေကွက်အမှတ်(၁၂၅)၊ ဧရိယာ (၀.၀၉၂)ဧက၊ (၂၇၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ်(၁၂၅)၊ မြတ်ရတနာလမ်း (စက်ပစ်ကွင်းကျောင်းလမ်း)မြတ်ရတနာအပိုင်း(၃)၊ သန်လျင်မြို့နယ်၊ တောင်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းစန္ဒာသန့်[၃/လဘန(နိုင်)၀၂၇၈၆၉]မှ (၉-၉-၂၀၀၃)ရက်နေ့ကတည်းက ဦးမြင့်ဦး (SRM-031597)ဥက္ကဋ္ဌ မြတ်ရတနာအိမ်ရာစီမံကိန်း၊ နေလအထွေထွေထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိနေပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းစန္ဒာသန့်၏စာဖြင့် အတိအလင်းသဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါ မြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုး ကာရံခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ရောင်းချခြင်းများကို လုံးဝ(လုံးဝ)မပြုလုပ်ပါရန် တားမြစ် အပ်ပါသည်။ တားမြစ်ချက်များကို ကျူးလွန်ဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝင်းစန္ဒာသန့်** | **ဒေါ်ရှိစလင်း** |
| **[၃/လဘန(နိုင်)၀၂၇၈၆၉]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၈၅)** |

**အမှတ်(၅၅)၊ ပထမထပ်၊ အခန်း(၂၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၃၁၁၅**

## ပြန်လည်ဖြည့်စွက်ပြင်ဆင်ချက်

(၁၄-၁၁-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၇)ပါ အစ္စလာမ်တရားတော်နှင့်အညီ သွလာက်ပေး၍ ကွာရှင်း ပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်းတွင် ဒေါ်သက်မွန်(ခ) ဇာကေရာဟ်ဘီ(ဘ) ဦးဌေးအောင် [၁၂/ဗတထ(နိုင်)၀၃၉၆၇၇]ဟု ပြန်လည်ဖြည့်စွက်ပြင်ဆင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးထင်လင်းကျော်(ခ)မိုဟမ္မဒ်အာစစ်(ဖ)** | **ဒေါ်ရှိစလင်း** |
| **[၁၂/တမန(နိုင်)၁၀၆၉၇၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၈၅)** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ဇောတိကလမ်း၊ မြေကွက်အမှတ် (၁၅၄၂)ဟုခေါ်တွင်သော ပေ(၁၀x၆၀)ခြေရင်းရှိ မြေချပါမစ်မြေကွက်နှင့် အိမ်ခြံမြေအား ဦးလှဌေး အမည်ပေါက်ကို ဒေါ်သန်းသန်းဝင်း၊ ဒေါ်ထွေးလှတို့မှ ၎င်းတို့ပိုင်ဆိုင်သည်ဟု ဝန်ခံလျက် ဦးစိုးသူရအောင်[၁၂/ဒဂတ(နိုင်)၀၃၇၇၅၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးသူရအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ပြည့်စန္ဒရှင်**
**အထက်တန်းရှေ့နေ(စဉ်-၂၅၆၈၉)**
**အမှတ်(၁၆၉)၊ မြိတ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၅၇၁၁၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ ကမြောကင်းလမ်း၊ အိမ်အမှတ်(၁၇၂)နေ ဒေါ်ဟင်ရှိန်[၆/ လလန(နိုင်)၀၀၈၉၉၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဟင်ရှိန်၏သားငယ်ဖြစ်သူ မောင်လွင်မှူး[၆/ထဝန(နိုင်)၁၃၆၁၇၅]သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်း၏ပြုမူဆောင်ရွက်ချက်များသည် မိခင်နှင့်သက်ဆိုင်ခြင်းမရှိ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဌေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၇၆/၂၀၁၆)**
**အမှတ်(၁၆၉)၊ ၉- လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၃၁၅/က)၊ မြေကွက်တည်နေရာအမှတ်(၃၁၅/က)၊ သုဓမ္မာလမ်း၊ (င)ရပ်ကွက်၊ ဒေါ်အေး(AB-၀၄၃၁၁၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ ဒေါ်အေးကိုတရားပြိုင်ထားကာ ဒေါ်စန်းစန်းတင့်မှ တရားလို ပြုလုပ်စွဲဆိုသည့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၀/၂၀၂၀)၏ စီရင်ချက်နှင့် ဒီကရီတရားမဇာရီမှုအမှတ်(၃၆/၂၀၂၀)၏ အမိန့်၊ ဘီလစ်ခန့်စာနှင့် အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမည်ပေါက် ဒေါ်အေး (တရားရှုံး) ကိုယ်စားဘီလစ် ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၁-ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

| | | |
|---|---|---|
| ဦးစည်သူအောင် | နှင့် | ဦးစိန်လွင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၄)လမ်း၊ ဒုတိယထပ် ညာခြမ်း၊ အမှတ်(၅၈၇)နေ တရားပြိုင်ဦးစိန်လွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တရားလိုက " ကတိပဋိညာဉ်ပါအတိုင်း မြေကွက်နှင့်နေအိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု " လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်၊ (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ၂၂)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်

**၂၀၁၇ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၈ နှင့် ဆက်နွှယ်သည့်**
**၂၀၁၈ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၇၆ ။**

| | | |
|---|---|---|
| မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၎င်းဘဏ်ကိုယ်စား မန်နေဂျာ ဒေါ်ညွန့်ညွန့်ဝေ) | နှင့် | ဒေါ်တင်တင်လှ(ခ) တေ့ဝှက်ကြူး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

**ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်-၅၇ (မြေညီထပ်)နေ တရားရှုံး ဒေါ်တင်တင်လှ(ခ)တေ့ဝှက်ကြူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၈ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ **၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက် (၁၃၈၃ခုနှစ်၊ နတ်တော်လဆန်း ၇ရက်)** နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာစမ်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ဝေဘာဂီ)၊ သီတာလမ်း၊ မြေကွက်အမှတ်(၁/အေ)ဟုခေါ်တွင်သော ဒေါ်စမ်းသီတာ အမည်ပေါက်ရရှိထားသည့် ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အလျား(၂၅)ပေ xအနံ(၄၃)ပေ၊ ၁၀၇၅စတုရန်းပေရှိ မြေကွက်နှင့် မြေပေါ်ရှိအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုမူလ အမည်ပေါက်ပိုင်ရှင် ဒေါ်စမ်းသီတာ[၁၂/မဂဒ(နိုင်)၀၀၀၂၆၅]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမျိုးလှိုင်မြင့်ထွန်း[၈/တတက(နိုင်) ၁၁၈၂၉၀]ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက် စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြသက်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၂၉)**
**အမှတ်(၄၃)၊ မင်းရဲကျော်စွာလမ်း၊ ၁-ရပ်ကွက်၊**
**ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၄၁၉၃၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ အကွက်အမှတ်(၈၈၅)၊ သံဒင်းရပ်ကွက်၊ ဘိုကလေး(၅)လမ်းရှိ အကျယ်အဝန်း ပေ(၄၀x၆၀)ကျယ်ဝန်းသည့်မခွဲစိတ်ရသေးသော ဂရန်မြေပေါ်မှ ဂရန်မူရင်းခြမ်း၏ အကျယ်အဝန်း ပေ(၂၀x၆၀)ကျယ်ဝန်းသည့် မြေနှင့်ယင်းမြေပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟကြေညာသော ပိုင်ရှင်ဖြစ်သူ ဦးကျော်လွင်[၁၂/ မမန(နိုင်)၀၀၅၈၃၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ပိုင်ရှင်ဖြစ်သူထံသို့ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ဤသတင်းစာကြေညာပါရှိသည့် နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆွေစင်အိ(LL.B)(LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B)(D.IP.L)(D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁)** |
| **ဦးအောင်မင်းပိုင်(LL.B)** | **ဒေါ်စန္ဒာရွှေ(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၅၉၀၈)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၂၀၇)** |

**တွန်ကျူးသံ Legal Services၊ အမှတ်(၃၉၀၊ ဘီ)၊ ဒုတိယထပ်၊ အလုံလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-953677000,09-770566586, Email-greatlynn88@gmail.com**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၀

| | | |
|---|---|---|
| ဦးသီဟနိုင် | နှင့် | ဒေါ်ဒေါ်နမြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၁၀)ရပ်ကွက်၊ အမှတ်(၂၆၃)(မြေညီထပ်နှင့်ပထမထပ်) ရပ်နေ ဒေါ်ဒေါ်နမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးသီဟနိုင်က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၁၁ ခုနှစ်၊ ဇာရီမှုအမှတ်(၁၉၈)တွင် စတိလက်ရောက်အပ်ပေးပြီးဖြစ်သော တိုက်ခန်း(၂)ခန်းနှင့် ကြိုးဖုန်းတို့အား လက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## မသက်စုမွန်[နိုင်ငံသားအမှတ်-၁၂/ဥကမ(နိုင်)၁၇၉၀၀၇] ကိုင်ဆောင်သူအား သမီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတင်ညွန့်[၁၂/ဥကမ(နိုင်)၀၁၄၈၃၀]၊ ဒေါ်ကြည်ကြည်စိုး[၁၂/ဥကမ(နိုင်)၁၀၅၆၀၃]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

မြောက်ဥက္ကလာပမြို့နယ်၊ ဃ/ရပ်ကွက်၊ အိမ်အမှတ်(ဃ/၁၉၂)တွင် နေထိုင်သူ အဖ ဦးတင်ညွန့်၊ အမိဒေါ်ကြည်ကြည်စိုးတို့၏သမီးဖြစ်သူ မသက်စုမွန်[၁၂/ဥကမ(နိုင်)၁၇၉၀၀၇]သည် မိဘတို့၏မေတ္တာနှင့်သွန်သင်ဆုံးမမှုများအပေါ် လုံးဝလိုက်နာမှုမရှိ၊ ရန်သူသဖွယ်ပြန်လည်ပြောဆိုခဲ့ခြင်း၊ လူမှုဆက်ဆံရေးနှင့် လူမှုပတ်ဝန်းကျင်တို့တွင် လိုက်လျောညီထွေနေထိုင်ရန် အမျိုးမျိုးဆုံးမခဲ့သော်လည်း လုံးဝနာခံခြင်းမရှိပါ၍ မိဘနှစ်ပါးမှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲများဖြစ်ပေါ်ခဲ့ရပါသည်။ မသက်စုမွန်သည် ၂၀၂၁ခုနှစ်၊ အောက်တိုဘာလဆန်းပိုင်းမှစ၍ ၎င်း၏ဆန္ဒအလျောက်မိဘတို့၏ နေအိမ်မှ ထွက်ခွာသွားပြီး အဆက်အသွယ်ဖြတ်တောက်ကာ နေအိမ်မှဆင်းသွားပါသဖြင့် မသက်စုမွန်အား ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်အပ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးတင်ညွန့်-ဒေါ်ကြည်ကြည်စိုး** | **ဦးမြင့်ချို(စဉ်-၅၈၇၁)(၁၉-၂-၉၂)** |
| **မိဘနှစ်ပါး** | **တရားလွှတ်တော်ရှေ့နေ** |
| | **ည/၇၇၃၊ ရော(၁၇)လမ်း၊ မ/ဥက္ကလာ** |

## သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ မဂျူလိုင်ကိုကို(ခ)ဆိုမိုင်ဟဟ်ဘီ၊ အမှတ်(၂၇၂)၊ (၇)လွှာ၊ ကျိုက္ကဆံလမ်းမကြီး၊ တာမွေမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည်၏ ဖခင် ဦးကိုကိုလေး(ခ)ဟာဂျီအဗ္ဗဒွလ်ကရီမ်းသည် (၂၃-၂-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်သူကျန်ရစ်ခဲ့သော မန္တလေးမြို့တော်ဝင်ခိုင်ဆောက်လုပ်ရေးလုပ်ငန်း၊ မြေအရောင်းအဝယ်လုပ်ငန်း၊ THEO DORE Co.,Ltd (ကားအရောင်းအဝယ်ဝန်ဆောင်မှု) လုပ်ငန်းများနှင့်အမှတ်(၅/ဘီ)၊ (၃၅)လမ်း၊ (၇၀x၇၁) လမ်းကြား၊ မန်းမန္တလာအိမ်ရာဟု ခေါ်တွင်သော မြေနှင့်သုံးထပ်တိုက်အဆောက်အဦ၊ ကား ၁၂စီး၊ ဘဏ်ငွေစာရင်းစာအုပ်၊ အတွင်းပစ္စည်းများနှင့် အခြားသော မြေကွက်များ၊ အဆောက်အဦများတို့၏ ၉၆ပုံ အနက်မှ ၁၇ပုံမှာ ကျွန်ုပ်၏အမှုသည် မဂျူလိုင်ကိုကို(ခ) ဆိုမိုင်ဟဟ်ဘီ၏ ရပိုင်ခွင့်များဖြစ်ကြောင်းနှင့် ကွယ်လွန်သူ၏ မိခင်ဒေါ်လှဝင်း(ခ) ဟာဂျီ မ ဆိုဖီယဟ်ဘီ က ၉၆ ပုံ ၁၆ ပုံ၊ ဇနီးဖြစ်သူ ဒေါ်ဇာဇာဦး(ခ) ယာစမင်းန်ဘီက ၉၆ ပုံ ၁၂ ပုံ၊ သား မောင်သီဟသော် (ခ) မိုအားဇ်က ၉၆ ပုံ ၃၄ ပုံ နှင့် သမီးမရွှေဝတီလှိုင် (ခ) ရှိမီရှာဟ်က ၉၆ ပုံ ၁၇ ပုံ ကို ရထိုက်ခွင့်ရှိကြောင်းဖြင့် အစ္စလာမ်ဘာသာရေးဆိုင်ရာ ဓမ္မသတ်မှုးအဆီအဆီယမ်ကျောင်း ရန်ကုန်မှ ဖြေကြားထားမှုကြောင့် အမွေခွဲဝေပေးစေလိုမှုဖြင့် မန္တလေးခရိုင်တရားရုံးတော်၌ တရားမကြီးမှုအမှတ်-၂၅၃/၂၀၂၁ စွဲဆိုထားပြီးဖြစ်ပါသည်။

ယခုတွင် ဒေါ်ဇာဇာဦး(ခ) ယာစမင်းန်ဘီသည် ကွယ်လွန်သူ ဦးကိုကိုလေး(ခ)ဟာဂျီအဗ္ဗဒွလ်ကရီမ်း၏ တပည့်ဖြစ်သူ ကိုမျိုးထက်အာကာနှင့် ပူးပေါင်း၍ မော်တော်ကားများကိုလည်းကောင်း၊ မြေကွက်များကိုလည်းကောင်း လွှဲပြောင်း ရောင်းချလျက်ရှိကြောင်း စုံစမ်းသိရှိရပြီးသည်ဖြစ်ရာ၊ ကျွန်ုပ်၏ အမှုသည်နှင့် အခြားအမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းများကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက မည်သူကိုမဆို တည်ဆဲဥပဒေများအရ အရေးယူတရားစွဲဆို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ရောင်းမှားဝယ်မှား မဖြစ်စေရန်အလို့ငှာ၊ အများသိစေရန်တားမြစ်အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်မေဦး** | **ဒေါ်နော်အက်စတာရွှေ** |
| **(LL.B)(စဉ်-၁၄၀၇၅)** | **(LL.B) (စဉ်-၅၃၇၆၁)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ဖုန်း-၀၉-၇၈၈၄၅၉၀၅၅၊ ၀၉-၉၆၃၁၈၆၄၂၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်- (၉၅၁) နေ ဦးတင်နိုင်[၉/ပမန(နိုင်)၀၈၃၇၂၃] ကိုင်ဆောင်သူ၏ သားဖြစ်သူ မောင်စိုးတင့်နိုင်[၉/ပမန(နိုင်)၀၈၃၇၂၆] ကိုင်ဆောင်သူသည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲစိတ်ဆင်းရဲအောင် ပြုလုပ်ပြီး၊ ညီအစ်ကိုမောင်နှမများ၏ သဘောကို ဆန့်ကျင်ကာ နိုင်ငံခြားသို့ သွားရောက်၍ ၎င်း၏ သဘောဆန္ဒအတိုင်း ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးသည် မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးတင်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းဇာထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၂)**
**အမှတ်-၃၀၊ သုခလမ်း၊ မြေနီကုန်း(မ)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၈၀၉၉၉၇**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်သောင်းချစ် (Bessie)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗဟိုစာရင်းအင်းအဖွဲ့

**အသက် (၉၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ၊ ခြံအမှတ်(၃၃)နေ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးပညာဌာန၊ ပါမောက္ခ (အငြိမ်းစား) ပါမောက္ခဒေါက်တာ သီဝတင်-ပါမောက္ခ ဒေါက်တာစိမ်းမြမြအေး တို့၏မိခင် ဒေါ်ခင်သောင်းချစ်သည် ၁၅-၁၁-၂၀၂၂ (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## မိခင်ကြီး ဒေါ်စိန်မြင့်
## (၁ နှစ်ပြည့်) လွမ်းဆွတ်ခြင်း

**အမေ**

* မွေးဖွားပေးခဲ့လို့ သား၊ သမီးတွေ လူလားမြောက်ခဲ့ပါတယ်။
* ပညာတတ်အောင် စာသင်ကျောင်း အရောက်ပို့ခဲ့လို့ ပညာတတ်တွေဖြစ်ခဲ့ပါတယ်။
* မူလတန်းကျောင်းသားတုန်းက ထမင်းလာကျွေးခဲ့တာ သတိရနေပါတယ်။
* သား၊ သမီးတွေနဲ့ ဝေးရာ ခရီးလွန်ခဲ့တာ (၁)နှစ်ပြည့်ခဲ့ပါပြီ။
* ရည်စူးပြီး စေတီအဟောင်းပြုပြင်ပြီး အသစ်တည်ထားကိုးကွယ်ရန် တည်ဆောက်နေပါတယ်။
* (၁)နှစ်ပြည့်အား ရည်စူးပြီး (၁၈-၁၁-၂၀၂၂)လပြည့်နေ့မှာ ကျောင်းထိုင်ဘုန်းကြီးကျောင်းတွင် ကထိန်ခင်းခြင်း၊ ကထိန်သင်္ကန်းများ ဆက်ကပ်ပူဇော်ခြင်းများ လုပ်ဆောင်နေပါတယ်။
* ကောင်းရာဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုပါ အမေ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်(တောင်ငူ)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၁၃)နေ (ဦးမောင်မောင်-ဒေါ်ဌေး)တို့၏ သမီး၊ (ဦးဘိုကြီး-ဒေါ်တင်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ထွန်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ခင်ဝင်း၊ (ဒေါ်တင်တင်ဝင်း)၊ ဦးလှသူ-ဒေါ်ခင်ဌေးဝင်း၊ ဦးစည်သူ- (ဒေါ်နီနီရင်)၊ ဦးမြင့်သူ-ဒေါ်လှလှနွယ်၊ ဦးညွန့်သူ-Mrs.Machiko တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၂၂ ရက် ည ၉ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းညွန့်

**အသက်(၇၁)နှစ်**

ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ နန့်ရင်းရွာနေ(ဦးဖိုးဇုံ-ဒေါ်မယ်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက်ဟောင်း(၈)၊ အခန်း(၉)၊ ဂျိုးဖြူလမ်း၊ ဖ.ဆ.ပ.လရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဆရာမ ဒေါ်ညွန့်ညွန့်ရီ၏ ညီမ၊ ဦးလှအောင်မြင့်၏ ချစ်လှစွာသောဇနီး၊ မခင်မြတ်လင်း၊ မအေးမြတ်ခိုင်၊ မောင်သူရအောင်-မကေခိုင်ဦး၊ မောင်အောင်စည်သူ-မဗေရယ်ကျော်၊ မောင်လှိုင်းကျော်တို့၏မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၇-၁၁-၂၀၂၂ ရက် နံနက် ၄:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၇၆၀)၊ (၃၇) ရပ်ကွက်၊ စကားဝါလမ်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) ဦးတင်ထွန်း [၁၂/မဂတ(နိုင်)၀၃၄၈၇၅]အမည်ပေါက်မှ မြေကွက်နှင့် နှစ်ထပ်အိမ်အပါအဝင်ကို ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ဟန် [၁၂/မရက(နိုင်)၀၄၂၂၂၆]**
**ဖုန်း-၀၉-၇၉၃၃၃၅၄၉၄၊ ၀၉- ၉၅၃၃၃၅၄၉၄**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်သန်းသန်းဌေး(ခ) ကျူစွပ်ဟာ(ခ) အလျှန်ကျိ

ကျုံးကိုလွီးကျုံး (မောင်ခိုင်လမ်း)ကန်တော့ခံဆရာမ

**အသက်(၉၀)**

ရန်ကုန်မြို့နေ [ဦးကျူရန်ချမ်း-တန်ချုပ်ချာ(ခ)ဒေါ်ထွေး] တို့၏သမီး၊ ဦးမောင်ကြူ(ခ)အန်ချောင်ကြူ (OK ဂျုံ)၏ဇနီး၊ ဦးဌေးဦး-ဒေါ်မြင့်မြင့်အေး၊ ဦးမျိုးဦး-ဒေါ်သင်းသင်းလှိုင်၊ ဒေါက်တာမြင့်မြင့်ကြူ-ဒေါက်တာစိုးဝင်း၊ ဦးတင်ဦး-ဒေါက်တာနုနုလင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၁၁-၂၀၂၂ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (ကမာရွတ်မြို့နယ် နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်သန်းသန်းဌေး(ခ)ကျူစွပ်ဟာ(ခ)အလျှန်ကျိ

ကျုံးကိုလွီးကျုံး(မောင်ခိုင်လမ်း)ကန်တော့ခံဆရာမ

**အသက်(၉၀)**

ရန်ကုန်မြို့နေ [ဦးကျူရန်ချမ်း-တန်ချုပ်ချာ(ခ)ဒေါ်ထွေး]တို့၏ သမီး၊ ဦးမောင်ကြူ(ခ)အန်ချောင်ကြူ(OK ဂျုံ)၏ဇနီး၊ မောင်ကျော်ကျော်ဦး၊ မအိဟေမာန်၊ မဖြူနှင်းဦး၊ မသင်းအိန္ဒြာ-ကိုကောင်းမြတ်၊ မသဉ္ဇာဦး၊ မောင်ထက်လင်းအောင်၊ မောင်အောင်ထက်ပိုင်၊ မသန္တာစိုးဝင်း၊ မောင်မင်းစိုးသူ၊ မောင်ဝေယံစိုးဝင်း၊ မဆုမြတ်တင်ဦးတို့၏ ချစ်လှစွာသောအဘွား၊ Adelyn ၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၇-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၁၁-၂၀၂၂ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ(တောင်ကုတ်)

**အသက်(၈၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၄၃/၄၅)၊ (ပထမထပ်)နေ (ဦးဘအေး-ဒေါ်မြညွန့်) တို့၏သမီး၊ (ဦးဝင်းမောင်)၏ဇနီး၊ ဦးကျော်ဇေယျ-ဒေါ်နီနီအေး၊ ဦးကျော်ဆွေသန့်-ဒေါ်စုမာမြင့်တို့၏မိခင်၊ မောင်အောင်ကျော်မင်း၊ မဖြူစင်ဖွေး၊ မရွှန်းလဲ့ရတီ၊ မောင်အောင်ဖြိုးမြတ်တို့၏အဘွားသည် ၁၇-၁၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၂၂ (သောကြာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေး အမျှဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်(ခ)ဆရာဦးကိုကြီး UKG စာသင်ဝိုင်း(လင်းစဒေါင်း)

**BSc.(Chem),BEd.(အလယ်တန်းပြ-ငြိမ်း)**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၅)လမ်း(ဝဲ)၊ အမှတ်(၁၀) မှန်ခန်းနေ (ဦးစိန်ဘွင့်-ဒေါ်တင်အေး) တို့၏သားကြီး၊ ဦးအေးသောင်း-ဒေါ်စန်းစန်းဝင်း၊ ဦးဟန်ညွန့်၊ ဦးမြင့်သိန်းထွန်း-ဒေါ်သန်းသန်းဝင်း၊ ဒေါ်တင်တင်စိန် (လူမှုဝန်ထမ်းဦးစီးဌာန၊ ညောင်ဦးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်မှူး)၊ ဦးပု-ဒေါ်မြမြစိန်တို့၏ အစ်ကိုကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ ဘကြီး၊ မြေးနှစ်ယောက်တို့၏အဘိုး ဦးဝင်းမြင့်(ခ) ဆရာဦးကိုကြီးသည် ၁၆-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၁၁-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၂၂ (တနင်္လာနေ့)တွင် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ အပိုင်း(၅)၊ မြေကွက်အမှတ်(၁၇၃/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ) ရှိ ဒေါ်ခင်လှိုင်းဝေ [၁၃/ကလန(နိုင်)၀၀၁၉၂၀] အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဌေးအောင် [၁၂/သကတ(နိုင်)၀၀၃၀၄၅]နှင့် ဒေါ်အေးမြင့်ဦး [၁၂/ခရန(နိုင်)၀၉၁၄၉၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဦး[၁၂/သကတ(နိုင်)၂၂၂၁၆၅] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးပပလင်း(LL.B)** | **ဒေါ်အိစန္ဒာဖြိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၇၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၃၅၀)** |
| **အမှတ်(၂၂၈၅/ခ)၊ ဇေယျဝတီ(၆)လမ်း၊** | **အမှတ်(၃၆/ခ)၊ အောင်သပြေအရှေ့** |
| **၁၀/တောင်၊ (၁၂)ရပ်ကွက်၊** | **(၁)လမ်း၊ (၇)ရပ်ကွက်** |
| **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** | **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၄၂၁၀၃၈၇၀၃** | **ဖုန်း-၀၉-၄၂၀၇၆၁၄၀၄** |

## ဒေါ်ခင်သောင်းချစ် (Bessie)

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗဟိုစာရင်းအင်းအဖွဲ့

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ၊ ခြံအမှတ်(၃၃)နေ (ဦးဖိုးချစ်- ဒေါ်ကြည်မေ)တို့၏ သမီး၊ (ဦးရိုရှ်-ဒေါ်ကွန်မယ်)တို့၏ သမီးချွေးမ၊ (ဦးကောင်းတင်)၏ ဇနီး၊ ဒေါက်တာဝင်းအောင်- ဒေါက်တာခင်မိမိတင်၊ ဒေါ်ဝေဝေတင်၊ ဒေါက်တာသီဟတင်(USA)၊ ပါမောက္ခ ဒေါက်တာသီဝတင်-ပါမောက္ခ ဒေါက်တာစိမ်းမြမြအေး၊ ဒေါ်အိအိတင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာဇော်ဇော်အေး-ဒေါက်တာမေအင်ကြင်းအောင်၊ ကိုမင်းတေဇအောင်-မခိုင်မြတ်သူ၊ မောင်စိုးထက်တင်၊ မမိုးပွင့်တင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၅-၁၁-၂၀၂၂ (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၁၁-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သင်းရီ(ရွှေကျင်)

**အ.ထ.က(၁) သဃ်န်းကျွန်း(စာရေးကြီး)**

**ရွှေကျင်မြို့နယ်အသင်းအမှုဆောင်**

**ရတနာမေတ္တာ Micro finance ဒါရိုက်တာအဖွဲ့ဝင်**

**အသက်(၇၅)နှစ်**

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ ပန်းချီ ကထိက ဆရာကြီး [ဦးကြည် (ရေဆေး)]-ဒေါ်စောတို့၏ သမီး၊ အမှတ်(၁၅)၊ လေးလွှာ၊ သီရိဝေဘာလမ်း၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးအောင်တိုး (ဌာနမှူး၊ စက်မှု-၁၊ ငြိမ်း)]၏ဇနီး၊ (ဦးခင်စိုး)-ဒေါ်မြင့်ရီ၊ (ဦးစိုးရီ-ဒေါ်မူလေး)တို့၏ညီမ၊ ဦးတင်အေးထွန်း-ဒေါ်တင်ဝင်းကြည်(ခ)မူမူ(မြန်မာ့မီးရထား၊ ငွေစာရင်း-ငြိမ်း)၊ ဒေါ်မြင့်မြင့်သိန်း(ခ)နီနီတို့၏ အစ်မ၊ ဦးသက်နိုင်မြင့်-ဒေါ်သီတာအောင် (ထ-၁၊ သဃ်န်းကျွန်း)၊ ဦးသော်ဇင်အောင် (မင်္ဂလာဒုံလေဆိပ်)-ဒေါ်နှင်းနွယ်အေးလှိုင်တို့၏ မိခင်၊ မောင်ဖွဲ့သီဟထွန်း-မစုသက်နိုင်၊ မခွန်းချိုသက်နိုင်၊ မနှင်းအေးလွင်တို့၏ အဘွားသည် ၁၇-၁၁-၂၀၂၂ ရက် နံနက် ၈:၄၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁၁-၂၀၂၂ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန့်

**ဓာတ်ပုံကျွမ်းကျင်-၂ (မင်္ဂလာဒုံ-ပြန်/ဆက်)**

**အသက်(၆၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်နေ (ဦးဘိုးရှိန်-ဒေါ်တင်မေ)တို့၏ သား၊ ပေါက်ကုန်းအပိုင်(၄)နေ(ဒေါ်အောင်ကြည်)၊ တောင်ဥက္ကလာပမြို့နေ ဦးတင်ဝင်း(တိုင်းရင်းသမားတော်)-ဒေါ်မြအုံး၊ ပေါက်ကုန်းအပိုင်(၄)နေ (ဦးသိန်းစံ)-ဒေါ်ခင်အေးမြင့်၊ ဆရာလေးဒေါ်မာလာ၊ ဦးသိန်ဟံ၊ ရွှေပေါက်ကံနေ ဗိုလ်ကြီးလှကြိုင်-ဒေါ်သန္တာမြင့်၊ နေပြည်တော်နေ ဗိုလ်ကြီးမျိုးအေး-ဒေါ်လှလှနီတို့၏ ညီမောင်၊ ပေါက်ကုန်းရပ်ကွက်နေ ဦးအောင်စိုးမြင့်-ဒေါ်မြ မြမူတို့၏အစ်ကို၊ ဝါးတရာ(၂၃)ရပ်ကွက်နေ ဦးဇော်မင်းထိုက်(E.P)- ဒေါ်ကလျာမြင့်၊ ပေါက်ကုန်းအပိုင်(၄)နေ (ဦးကျော်ထွန်းဦး)-ဒေါ်မြတ်သူဇာ(ပြန်/ဆက်-မင်္ဂလာဒုံရုံး)၊ တသ-ဦးအောင်ကျော်မင်း-ဒေါ်စန်းသော်တာ၊ ဦးဖြိုးမင်းသူ၊ မပိုးပြည့်ပြည့်ဖြိုးတို့၏ ဦးလေး၊ ပေါက်ကုန်းအပိုင်(၄)နေ ဒေါ်ဆုလှိုင်(ပြန်/ဆက်-ထန်းတပင်ရုံး)၊ မဆုလင်းလဲ့တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်လှိုင်လှိုင်ဝင်း(တပ်မတော်အထည်ချုပ်-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ဦးမျိုးသန့်သည် ၁၇-၁၁-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၁:၂၀ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၁၉-၁၁-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၂(အင်္ဂါနေ့)နံနက်တွင်မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၄)၊ စကားဝါလမ်း၊ အမှတ်(၁၉/၂)နေ ဒေါ်လှိုင်လှိုင်ဝင်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန်ညှိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**လူသားတို့၏**

**ကျန်းမာရေး**

**အိုဇုန်းလွှာ**

**ကို**

**ထိန်းသိမ်း**

**ပေး**

အဂတိ ပယ်ချ
ပြည်သာယာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၂ ဦး သေဆုံး၊ ၁၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရိုသေလေးစားမှုရှိစွာဖြင့် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်သည်။

အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာသင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများဖြစ်သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့**

ကြေးမုံ ယနေ့ ဖတ်စရာ

**သစ္စာဖောက်တဲ့လား**

ဆောင်းပါး စာမျက်နှာ ၆

**တရုတ်နိုင်ငံ၌ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲမတိုင်မီ ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများ တင်းကျပ်**

စာမျက်နှာ ၁၃

**အောင်လအန်ဆန်၏ပွဲစဉ် လာမည့်နှစ် အစောပိုင်းမှသာ ပါဝင်ဖွယ်ရှိ**



စာမျက်နှာ ၂၄

# သန်လျင်တံတား၊ မြောက်ဥက္ကလာပတံတား၊ ထန်းတပင်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် ဗားကရာမီးပွိုင့်ရှိ လုံခြုံရေးအဖွဲ့ဝင်များအား ပစ်ခတ်ခဲ့သူများနှင့် ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်သူ ၄၇ ဦးအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြမ်းဖက် အဖွဲ့အစည်းဖြစ်သော CRPH၊ NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် သတင်းအရ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အင်းဝအိမ်ရာတွင် **အောင်ဇင်ဖြိုး(ခ) မင်းကြီး** (၁၉)နှစ်ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇင်ဖြိုး(ခ)မင်းကြီး၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၁၄ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆) ရပ်ကွက် ပြည်ထောင်စုလမ်းရှိ Hotel 46 အား ဝင်ရောက်ရှာဖွေခဲ့ရာ အကြမ်းဖက်မှုနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ဗဟန်းမြို့နယ် ယုနိုက်တက်ကွန်ဒိုမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



# အာဂျင်တီးနားအသင်းနှင့် ဘရာဇီးအသင်းတို့ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိ

အာဂျင်တီးနားအသင်းဟာ တောင်အမေရိကဇုန်ရဲ့ ကမ္ဘာ့ဖလားဝင်ခွင့်ပွဲစဉ်(၁၂)အဖြစ် နိုဝင်ဘာ ၁၆ ရက်ညပိုင်းက ဘရာဇီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် လက်ရှိအချိန်မှာ ရမှတ်စုစုပေါင်း ၂၈ မှတ်ရရှိထားတာကြောင့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

**ဝင်ရောက်ခွင့်ရရှိ**

ကိုပါအမေရိကဖလားချန်ပီယံ အာဂျင်တီးနားအသင်းဟာ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ကို ဘရာဇီးအသင်းရဲ့နောက် တောင်အမေရိကကိုယ်စားပြု ဒုတိယအသင်းအဖြစ် ဝင်ရောက်ခွင့်ရရှိခဲ့တာဖြစ်ပြီး ဘရာဇီးအသင်းဟာ ၁၂ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၄ မှတ်နဲ့ ကမ္ဘာ့ဖလားဝင်ခွင့်စောစီးစွာရရှိခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

**ယှဉ်ပြိုင်ကစားခဲ့**

အီကွေဒေါအသင်းဟာ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တဲ့ တောင်အမေရိကဇုန်ရဲ့ တတိယမြောက်အသင်းဖြစ်ပြီး အီကွေဒေါအသင်းဟာ နိုဝင်ဘာ ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချီလီအသင်းနဲ့ပွဲစဉ်မှာ ချီလီအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ဘရာဇီးအသင်းနဲ့ ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့

**စာမျက်နှာ ၂၄ ကော်လံ ၁ သို့**